ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နန့်နွေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 4 February 2018 ၉၁၉၀

# ဖလမ်းနှင့် ဟားခါးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေး

# ဖလမ်း(ဆူရ်ဘုန်)လေဆိပ်သစ်တည်ဆောက်ရေးစီမံကိန်းကို အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်မှာကြား





ဖလမ်း(ဆူရ်ဘုန်)လေဆိပ်သစ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။

**ဟားခါး ဖေဖော်ဝါရီ ၃**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ချင်းပြည်နယ်ရှိ ဖလမ်းနှင့် ဟားခါးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း၊ ဦးကျော်မျိုး၊ ဦးကျော်လင်းနှင့် ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် နေပြည်တော်မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ် ဧည့်ခန်းမဆောင်သို့ရောက်ရှိကြရာ MC-Jalux Airport Services Co.,Ltd. မှ Vice President, Mr. Futoshi Hiroi က လေဆိပ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို Video Projector ဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုပိုမိုများပြားလာသဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းလေဆိပ်များ၌ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိကြရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး) အောင်ဇေယျရိပ်သာ၌ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတအား ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်တို့က ချင်းပြည်နယ် ခိုင်ကမ်းမြို့ရေဘေးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

**တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း (ဆင်ဖြူရှင်) ဒုတိယပိုင်း လေ့ကျင့်ဆောင်ရွက်**



စာမျက်နှာ » ၆

**ဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက်မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်း ထိန်းချုပ်ရန်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား**

စာမျက်နှာ » ၈

**ရုပ်ရှင်အနုပညာသမားများက ရိုက်ကူးထုတ်လုပ်လိုက်သည့် အနုပညာလက်ရာသည် ပရိသတ်ကို တာဝန်ခံရမှာဖြစ်**

စာမျက်နှာ » ၁၀

**ပြည်ထောင်စုကြီး၏ နေရာအနှံ့အပြားမှ ရောက်ရှိနေကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် ရင်တွင်းစကားသံများ**

စာမျက်နှာ » ၁၁

KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017

# ကြေးမုံ

## အချက်အလက် တိကျခိုင်မာမှ ယုံကြည်

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာ ပတ်ဝန်းကျင်၌ ရာနှင့်ချီသည့် ရုပ်အလောင်းများအား နေရာ ငါးနေရာတွင် အစုလိုက်အပြုံလိုက် မြှုပ်နှံထားကြောင်း၊ ယင်းကို အက်စစ်လောင်း၍ ဖျောက်ဖျက်ရန် စီစဉ်ထားခြင်းကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေကြောင်း အေပီသတင်းဌာနက ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖော်ပြခဲ့ပြီး အခြားမီဒီယာများကလည်း ဆင့်ပွားဖော်ပြခဲ့ရာ နိုင်ငံတကာအသိုင်းအဝိုင်းမှ စွပ်စွဲမှုများ၊ ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။ ထို့ကြောင့် ထိုဖြစ်စဉ် မှန်ကန်မှု ရှိ၊ မရှိ စိစစ်တင်ပြရန် နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်အရ စစ်ဆေးရေးအဖွဲ့ဖွဲ့စည်း၍ ဖေဖော်ဝါရီ ၂ ရက်တွင် မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ရာ မှန်ကန်မှုမရှိကြောင်း ပဏာမတွေ့ရှိခဲ့သည်။

ဖေဖော်ဝါရီလ ၂ ရက်နေ့ထုတ် နယူးယောက်တိုင်းမ်သတင်းစာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဒုက္ခသည်စခန်းများမှာ တွေ့ခဲ့ရသည့် မုသားစကားများအကြောင်းကို ဟန်နာဘိချ်က ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့သည်။ ဆောင်းပါးတွင် နိုင်ငံတကာအဖွဲ့အစည်းများက ဒုက္ခသည်များအတွက် အကူအညီရနိုင်ဖို့၊ နိုင်ငံတကာ၏ စာနာထောက်ထားမှုများ ရဖို့ အမျိုးသမီးများ၊ ကလေးငယ်များ ဒုက္ခခံစားရသည်များကို ရှေ့တန်းတင်ပြောလေ့ရှိသည်။ မီဒီယာများကလည်း ထိုသတင်းများကို စိစစ်လေ့မရှိဘဲ ဖော်ပြသည်။ ဤသို့ဖြင့် ဒုက္ခသည်များကလည်း ဇာတ်နာလာအောင် လုပ်ကြံထားသည့် အဖြစ်အပျက်များကို ပြောလာတော့သည်ဟု ရေးသားထားသည်။

သတင်းပိုင်းဆိုင်ရာ သဘောထားနှင့် စံနှုန်းများ စနစ်တကျသတ်မှတ်ထားသည့် နိုင်ငံတကာသတင်းဌာနများသည် မတိကျမှု၊ ပေါ့ဆ၍ သတိမမူမှု၊ ဘက်လိုက်မှု သို့မဟုတ် လိုရာဆွဲ၍ မမှန်မကန် ဖော်ပြမှုများကို လက်မခံကြချေ။ သတင်းအရင်းအမြစ်များသည် ယုံကြည်ရလျက် တိကျမှန်ကန်သော သတင်းအချက်အလက် အနေအထားများရှိခြင်း၊ သတင်းအရင်းအမြစ် တစ်ခုတည်းမှ ယူလေ့မရှိခြင်း၊ စုံစမ်းဆဲကာလ၌ သတင်းကို ထုတ်ပြန်ခြင်းမပြုခြင်း၊ သတင်းမူကြမ်းကို အသုံးမပြုမီ မှန်ကန်ကြောင်း စေ့စပ်စွာစစ်ဆေးပြီး ကိုယ်ပိုင် အရင်းအမြစ်များမှနေ၍ အတည်ပြုခြင်းစသည့် မူဝါဒများရှိကြသည်။ အေပီ အပါအဝင် နိုင်ငံတကာသတင်းမီဒီယာများအနေဖြင့် သတင်းစုဆောင်းရန် သတင်းဖြစ်ပျက်သည့်ဒေသတွင်ရှိနေမှသာ သတင်းဆောင်းပါးများ ရေးသားပေးပို့နိုင်သည်ဟု ဆိုထားသည်။ ယခုဖြစ်စဉ်သတင်းတွင် သတင်းဖြစ်ပျက်သည့်နေရာတွင် ကိုယ်တိုင်ရောက်ရှိနိုင်ခြင်းမရှိသေးဘဲ၊ သတင်းအချက်အလက်ခိုင်မာ တိကျမှု မရှိသေးဘဲ အတိအကျရှိဟန် ရေးသားလိုက်ခြင်းသည် စံနှုန်းများနှင့် လွဲချော်နေသည်ဟု ဆိုနိုင်သည်။

အေပီသတင်းဌာနက ဖော်ပြခဲ့သော သတင်းနှင့်ပတ်သက်၍ အဆိုပါနေရာတွင် ယမန်နှစ် ဩဂုတ်လ ၂၈ ရက်နေ့က ARSA အစွန်းရောက်အကြမ်းဖက်သမားများနှင့် ပူးပေါင်းရွာသား အင်အား ၅၀၀ ခန့်တို့လူအုပ်ဖြင့် ဝင်လုံးတိုက်ခိုက်ကြပြီး လုံခြုံရေးတပ်ဖွဲ့က သတိပေးတားဆီးသော်လည်း လက်နက်ငယ်မျိုးစုံဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အတင်းဝင်တိုက်ခိုက်သောကြောင့် ပြန်လည်ခုခံပစ်ခတ်ခဲ့ရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားတိုက်ခိုက်သူ ၁၉ ဦးသေဆုံးခဲ့သည်။ သေဆုံးသူ အကြမ်းဖက်သမား ၁၉ ဦး၏ အလောင်းများကို စနစ်တကျမြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။ ယမန်နှစ် ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကို အားလုံးသိရှိကြပြီးဖြစ်သည်။ သေဆုံးသူများတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများလက်ချက်ဖြင့် သတ်ဖြတ်ခြင်းခံရသူများနှင့် လုံခြုံရေးတပ်ဖွဲ့များကို ဝိုင်းဝန်းတိုက်ခိုက်ရာမှ သေဆုံးသွားသော အကြမ်းဖက်သမားများသာ ရှိသည်။ သေဆုံးသူများမှာ အပြစ်မဲ့ပြည်သူများ မဟုတ်ချေ။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် သေဆုံးရခြင်းတို့ကို အသိပေးထားပြီးဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နယ်မြေအား ထိပါးတိုက်ခိုက်လာမှုအား ခုခံကာကွယ်တားဆီးမှုကို မည်သည့်နိုင်ငံမဆို မလွှဲမသွေ ပြုလုပ်ကြရမည်သာဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် နှစ်ဖက်သေဆုံးမှု အနည်းနှင့် အများရှိမည်ဖြစ်သည်။ ဖော်ပြပါသတင်းမှာ အကြမ်းဖက်သမားအချို့သေဆုံးခြင်းသာဖြစ်နိုင်ပြီး အပြစ်မဲ့ပြည်သူများ သေဆုံးခြင်း မဖြစ်တန်ချေ။ ယင်းကို အစုလိုက်အပြုံလိုက် မြှုပ်နှံထားကြောင်း၊ ဖျောက်ဖျက်ရန် စီစဉ်ထားကြောင်း စွပ်စွဲပြောဆိုခြင်းမှာ သင့် မသင့် ကိုယ်တိုင်ဆုံးဖြတ်ကြည့်ဖို့သာ ဖြစ်ပါကြောင်း။ ။

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊

## ပညာရေးခြင်စာကြည့်တိုက် ရှေ့၌ ထားရှိမည့် ဗိုလ်ချုပ်ကြေးရုပ်တုအား သယ်ဆောင်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်တောကျေးရွာ ပညာရောင်ခြည် စာကြည့်တိုက်ရှေ့တွင် ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူထားရှိရန်အတွက် မန္တလေးမြို့မှ သယ်ဆောင်လာခဲ့သော ဗိုလ်ချုပ်ကြေးရုပ်တု မော်တော်ယာဉ်အဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၃ နာရီက ပွင့်ဖြူမြို့သို့ ရောက်ရှိခဲ့ရာ ဒေသခံမြို့မိမြို့ဖများ၊ ပွင့်ဖြူ(အထက)ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအဖွဲ့မှ ဘင်ခရာသံစုံတီးဝိုင်းများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ် သရက်တောကျေးရွာ ပညာရောင်ခြည် စာကြည့်တိုက်တွင် ထားရှိမည့် ဗိုလ်ချုပ်ကြေးရုပ်တုအား ကျေးရွာရှိ ဗိုလ်ချုပ်ကြေးရုပ်တု ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကိုလေး ဦးဆောင်၍ ကော်မတီဝင်များအဖွဲ့က အလှူငွေများ ကောက်ခံ၍ မန္တလေးမြို့တွင် မှာယူသွန်းထုခဲ့ခြင်း ဖြစ်ပြီး အဆိုပါဗိုလ်ချုပ်ကြေးရုပ်တုမှာ ကြေးပိဿာချိန် ၁၇၀ ခန့်ရှိပြီး ကုန်ကျငွေကျပ် သိန်း ၁၂၀ ခန့် ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် သရက်တောကျေးရွာ ပညာရောင်ခြည် စာကြည့်တိုက်ရှေ့မှာ ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူထားရှိနိုင်ဖို့အတွက် ကျေးရွာမှာရှိတဲ့ ရပ်မိရပ်ဖတွေနဲ့ တိုင်ပင်ပြီး ဗိုလ်ချုပ်ကြေးရုပ်တု ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းကာ အလှူငွေတွေ ကောက်ခံခဲ့ပါတယ်၊ စေတနာရှင်ပြည်သူတွေထံမှ ကောက်ခံရရှိတဲ့ငွေနဲ့ ဗိုလ်ချုပ်ကြေးရုပ်တုကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်၊ ဒီဗိုလ်ချုပ်ကြေးရုပ်တုကိုတော့ မန္တလေးမြို့မှာပဲ မှာယူခဲ့တာဖြစ်ပါတယ်၊ မနေ့က မန္တလေးမြို့ကနေ မော်တော်ယာဉ်နဲ့ သယ်ဆောင်လာခဲ့ပါတယ်၊ ဒီနေ့မွန်းလွဲပိုင်းမှာပဲ ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်၊ အခု သယ်ဆောင်လာတဲ့ ဗိုလ်ချုပ်ကြေးရုပ်တု ဖွင့်ပွဲကိုလည်း ဗိုလ်ချုပ်မွေးနေ့ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၃ ရက်မှာ ကျွန်တော်တို့ကျေးရွာ ပညာရောင်ခြည် စာကြည့်တိုက်ရှေ့မှာ ကျင်းပသွားမှာဖြစ်ပါတယ်၊ ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူထားရှိရတဲ့ ရည်ရွယ်ချက်ကတော့ ကျေးရွာမှာရှိတဲ့ မျိုးဆက်သစ် လူငယ်မောင်မယ်တွေနဲ့ ကျောင်းသား ကျောင်းသူတွေကို ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးဖခင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းလိုမျိုး အရည်အချင်းပြည့်ဝတဲ့ လူရည်မွန်ကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်ပြီး စိုက်ထူထားရှိရခြင်းဖြစ်ပါတယ်"ဟု ဗိုလ်ချုပ်ကြေးရုပ်တု ဖြစ်မြောက်ရေးကော်မတီဝင် ဦးနိုင်လင်းထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ကျောင်းကားပြေးဆွဲခြင်းစနစ်သစ်အတွက် စမ်းသပ်လေ့ကျင့်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းကြို/ပို့ယာဉ်များ ပြေးဆွဲမည့်ယာဉ်များသည် စည်းကမ်းချက်များနှင့် ညီညွတ်မှသာ ပြေးဆွဲခွင့်ပြုမည်ဖြစ်သဖြင့် လာမည့်ပညာသင်နှစ်အတွင်း ရန်ကုန်မြို့တွင်း လိုက်ထရပ်ယာဉ်များ ကျောင်းကားအဖြစ် ပြေးဆွဲခြင်းမရှိနိုင်ဟု လိုက်ထရပ်ကျောင်းကား ယာဉ်မောင်း



ကိုဂျွန်က ဆိုသည်။ လက်ရှိ ကျောင်းကား ဘတ်စ်ကားများသည်လည်း ဘယ်မောင်းယာဉ်များဖြစ်ရန် လိုအပ်ချက်ရှိနေသည်ဟု သိရသည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၆ ရက်အထိ ပြည်လမ်းမရှိ ကျောင်းရှေ့တွင် ကျောင်းကားပြေးဆွဲမည့်စနစ်သစ်အတွက် စမ်းသပ်ပြုလုပ်နေသည်ကို မြင်တွေ့ရသည်ဟု ကျောင်းသားမိဘ ဦးကျော်က ဆိုသည်။

ဂျပန်လူမျိုးပညာရှင်အချို့နှင့် တာဝန်ရှိသူများ ကျောင်းရှေ့ကားလမ်းဘေးများတွင် ယာဉ်များနေရာယူကာ ကျောင်းသားများ အတက်၊ အဆင်း ပြုလုပ်ခြင်းများကို လမ်းညွှန်ကြီးကြပ်ပေးနေသည်ကို မြင်တွေ့ရသည်။ နှစ်သုတ်တက်ကျောင်းဖြစ်ပြီး ကျောင်းကားအစီးရေ ၂၀ ဝန်းကျင်ခန့်ရှိရာ နံနက်ပိုင်း ကျောင်းချိန်ကားများကို "ဗ" အက္ခရာ ညနေချိန်တွင် "ဏ" အက္ခရာဖြင့် အုပ်စု လေးစု ခွဲထားသည်။ ကျောင်းရှေ့ဝန်းကျင် ပြည်လမ်းမဘေးများတွင် ယာဉ်ရပ်၍မရရန် လမ်းဘေးနှစ်ဖက်စလုံးတွင် ကြိုးတန်းတောက်လျှောက်ချထားခြင်းအပြင် လမ်းလယ်တွင်ပါ ကြိုးတန်းချထားသည်။

ကျောင်းဆင်းချိန်တွင် ကျောင်းကားများ အလှည့်ကျလာရောက်ကာ ကျောင်းသားများကို ခေါ်ယူစေသည်။ လမ်းဘေးနှစ်ဖက်တွင် စီတန်းရပ်ထားသောယာဉ်တန်းများမရှိသဖြင့် ကျောင်းရှေ့ယာဉ်ကြောပိတ်မှုသည် ကျောင်းဆင်း၊ ကျောင်းတက်ချိန်တို့တွင် ယခင် တွေ့ကြုံရခြင်းထက် လျော့နည်းသွားသည်ကို မြင်တွေ့ရသည်ဟု လိုင်းကားယာဉ်မောင်းတစ်ဦးက ဆိုသည်။ ယင်းကျောင်းရှေ့တွင်သာမက အခြားကျောင်းအချို့ ရှေ့ဝန်းကျင်တို့တွင်ပါ ယာဉ်ပိတ်ခြင်းများ ရှိနေသဖြင့် ကျောင်းကားပြေးဆွဲခြင်းစနစ် ပြောင်းလဲလုပ်ကိုင်ခြင်းဖြစ်သည်ဟု သိရသည်။ **မောင်စေအောင်**

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကလေး-သိုင်းငင်း မော်တော်ယာဉ်လမ်း အဆင့်မြှင့်တင်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

❍ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ကလေး-သိုင်းငင်း ကားလမ်းအား JICA အကူအညီဖြင့် လမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းနှင့် ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင်(၂၇/၄)နှင့် (၂၈/၄)အတွင်းရှိ လေးထပ်ကွေ့နေရာ ရှောင်ကွင်းလမ်း လမ်းအူကြောင်းသစ်ဖောက်လုပ်သည့်နေရာသို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လမ်းအူကြောင်းသစ်အစား မူလလမ်းဟောင်းကိုသာ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် သိုင်းငင်းဆောက်လုပ်ရေးရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ချင်းပြည်နယ်အတွင်းရှိ လမ်း၊ တံတားဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဖလမ်း(ဆူရ်ဘုန်)လေဆိပ်သစ် တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် တာဝန်ရှိသူများက လေဆိပ်သစ်စီမံကိန်းလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။



ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် (၈၅/၂) နှင့် (၈၅/၃) အကြား မြေထိန်းနံရံတည်ဆောက်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက စီမံကိန်းကို စနစ်တကျဖြင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လေဆိပ်စီမံကိန်းတည်ဆောက်ရာတွင် လိုအပ်ပါက ပြည်ပပညာရှင်များ၏ နည်းပညာအကူအညီနှင့် အထောက်အပံ့များ ရယူဆောင်ရွက်သွားစေလိုပါကြောင်း၊ စီမံကိန်းအတွက် လိုအပ်သည့်လျှပ်စစ်ဓာတ်အားနှင့် ရေအလုံအလောက်ရရှိနိုင်ရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

အဆိုပါ ဖလမ်း(ဆူရ်ဘုန်)လေဆိပ်သစ် တည်ဆောက်ရေးစီမံကိန်းသည် ဖလမ်းမြို့၏အနောက်ဘက် ၈ ဒသမ ၅ မိုင်အကွာရှိ ဆူရ်ဘုန်တောင်ကြော၌ တည်ရှိကြောင်း၊ လေယာဉ်ပြေးလမ်းအလျားပေ ၆၀၀၀၊ အကျယ် ပေ ၁၀၀ ရှိကြောင်းနှင့် ATR 72 လေယာဉ်များဆင်းသက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် (၈၅/၂) နှင့် (၈၅/၃) အကြား မြေထိန်းနံရံတည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုင်ဗားရေလှောင်တမံရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် တာဝန်ရှိသူများက လိုင်ဗားရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ အောက်လိုင်ဗားရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ တမံအတွင်း ရေဝင်ရောက်မှုအခြေအနေများနှင့် ဖလမ်းမြို့နှင့် ဟားခါးမြို့များသို့ ရေပေးဝေဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရေကိုအကျိုးရှိစွာ အသုံးချစေလိုပါကြောင်း၊ တမံကို ရေရှည်အသုံးပြုနိုင်ရန် ရေထိန်းဧရိယာများနှင့် ရေဝေရေလဲဒေသများ သတ်မှတ်၍ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရေသွယ်တန်းမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှုများ ပြုလုပ်ဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## စိတ်ပညာကျောင်းသားဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတုအာစရိယပူဇော်ပွဲ မတ်လတွင် ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

စိတ်ပညာ ကျောင်းသားဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတုအာစရိယပူဇော်ပွဲ အခမ်းအနားကို မတ် ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပင်ဒါဟိုတယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး မိတ်ဆုံညစာစားပွဲကို ညနေ ၆ နာရီတွင် ရန်ကုန်တက္ကသိုလ် သစ်ပုပ်ပင်မြက်ခင်းပြင်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီက ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနတွင် ကျင်းပခဲ့သည့် အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ စိတ်ပညာကျောင်းသားဟောင်းများ၊ စိတ်ပညာ ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဘာသာရေးညီညွတ်မှုမြှင့်တင်ခြင်းနှင့် ဘာသာပေါင်းစုံညီညွတ်ရေးဆိုင်ရာကိစ္စများ ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် အခြေစိုက်သည့် HWPL (Heavenly Culture, World Peace, Restoration of Light) မှ ဥက္ကဋ္ဌ Mr. Man Hee Lee အား ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel ၌ ယမန်နေ့ ည ၇ နာရီခွဲတွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘာသာရေးညီညွတ်မှုမြှင့်တင်ခြင်းနှင့် ဘာသာပေါင်းစုံညီညွတ်ရေးဆိုင်ရာကိစ္စများ၊ ယဉ်ကျေးမှု၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသာဉာဏ်၊ HWPL အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ Ms. Yoon Hyun Sook၊ လူငယ်အဖွဲ့ ဥက္ကဋ္ဌ Mr. Tae Ho Kang နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ကွန်ပျူတာအစီအစဉ်တစ်ခု ရေးဆွဲသူ (၈၂)နှစ်အရွယ် ဂျပန်အမျိုးသမီး ကုလသမဂ္ဂအဖွဲ့ရုံးချုပ်တွင် မိန့်ခွန်းပြော



**ကျိုတို ဖေဖော်ဝါရီ ၃**

အသက်(၈၂)နှစ်အရွယ် ကွန်ပျူတာဆော့ဝဲလ်ပရိုဂရမ် ရေးဆွဲသူ ဂျပန်အမျိုးသမီးကြီးသည် သက်ကြီးရွယ်အိုများအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုသည် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေကြောင်းနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ်တွင် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကုလသမဂ္ဂ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာဌာနနှင့် ကုလသမဂ္ဂ အမြဲတမ်းအဖွဲ့ဝင် ဂျပန်အဖွဲ့တို့က ဒစ်ဂျစ်တယ်နည်းပညာရပ်ဆိုင်ရာကွန်ဖရန့်ကို ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၂ ရက်တွင် မာဆာကို ဝါကာမီယာက သက်ကြီးရွယ်အိုများအတွက်ရည်ရွယ်ပြီး ၎င်းရေးဆွဲထားသော ဂိမ်းကစားနည်း ပရိုဂရမ်တစ်ခုကို စတင်မိတ်ဆက်ခဲ့သည်။

သက်ကြီးရွယ်အိုများအား လူ့အဖွဲ့အစည်းတွင် တက်ကြွလှုပ်ရှားစွာ ပါဝင်ဆောင်ရွက်နိုင်ရန် မာဆာကို ဝါကာမီယာက လူ့အဖွဲ့အစည်းအား တိုက်တွန်းပြောကြားခဲ့သည်။

မာဆာကို ဝါကာမီယာသည် အသက်(၈၀)နှစ်ပြည့်ပြီးသည့်နောက်ပိုင်းတွင် ကွန်ပျူတာအစီအစဉ်များ ရေးဆွဲသည့် နည်းပညာကို လေ့လာလိုက်စားခဲ့သည်။ သူသည် နှစ် ၂၀ အကြာက အင်တာနက်သုံးစွဲသူများအဖွဲ့သို့ ဝင်ရောက်ပြီးနောက် ဒစ်ဂျစ်တယ်နည်းပညာကို ပိုမိုစိတ်ဝင်စားလာခဲ့ကြောင်း မာဆာကို ဝါကာမီယာက ဆိုသည်။

ဒစ်ဂျစ်တယ်နည်းပညာသည် သက်ကြီးရွယ်အိုများအား အထီးကျန်မှုမှ ကင်းဝေးစေပြီး တက်ကြွလှုပ်ရှားစေရန် ကူညီပေးသည့်အပြင် မိသားစုဝင်များအပါအဝင် လူအများအပြားနှင့် သတင်းအချက်အလက်များ၊ အတွေ့အကြုံများ၊ ပညာရပ်ဆိုင်ရာ ဗဟုသုတများ အပြန်အလှန်ဖလှယ်နိုင်ကြောင်း မာဆာကို ဝါကာမီယာက ပြောကြားခဲ့သည်။

သက်ကြီးရွယ်အိုများအနေဖြင့် လုပ်နိုင်စွမ်းရည် ကျဆင်းခြင်းမရှိသေးကြောင်းနှင့် ၎င်းတို့၏ ဘဝကို အကောင်းဆုံး ဖန်တီးနိုင်ကြသည့်အရည်အသွေးကို ပိုင်ဆိုင်ထားသေးကြောင်း မာဆာကို ဝါကာမီယာက သက်သေထူလိုက်ပြီဖြစ်သည်ဟု ကွန်ဖရန့်တက်ရောက်သူတစ်ဦးက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ဂါဇာတောင်ပိုင်းရှိ ဟားမားစ်အဖွဲ့ ပစ်မှတ်နှစ်ခုအား အစ္စရေးလေတပ်မှလေယာဉ်များ ပစ်ခတ်တိုက်ခိုက်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၃**

ဇန်နဝါရီ ၃ ရက် နံနက်အစောပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်အဖွဲ့၏ စစ်ဘက်ဆိုင်ရာ အဆောက်အအုံနှစ်ခုအား အစ္စရေးလေတပ်မှ ဂျက်တိုက်လေယာဉ်များက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၂ ရက် ညနေပိုင်းကာလအတွင်းက အစ္စရေးနိုင်ငံ တောင်ဘက်ပိုင်းဒေသတွင်းသို့ ဂါဇာကမ်းမြောင်ဒေသတွင်းမှ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် အစ္စရေးလေတပ်မှ ဂျက်တိုက်လေယာဉ်များက တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(အိုင်ဒီအက်ဖ်)က ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတွင်းမှ အစ္စရေးနိုင်ငံတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီး နာရီအနည်းငယ်အကြာတွင် အစ္စရေးလေတပ်မှ လက်တုံ့ပြန်တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဂါဇာကမ်းမြောင်ဒေသတွင်းမှ အစ္စရေးနိုင်ငံ ပိုင်နက်အတွင်းသို့ ဒုံးကျည်များပစ်လွှတ်တိုက်ခိုက်ခဲ့ရာတွင် ထိခိုက်သေကျေပျက်စီးမှုသတင်းများ ထွက်ပေါ်ခဲ့ခြင်းမရှိပေ။

ဇန်နဝါရီ ၂ ရက် နံနက်အစောပိုင်းတွင် အစ္စရေးလေတပ်မှ ဂျက်တိုက်လေယာဉ်များက ဂါဇာကမ်းမြောင်မြောင်ပိုင်းဒေသရှိ ဟားမားစ်အဖွဲ့၏စောင့်ကြည့်လေ့လာရေးစခန်းများအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း၊ ယင်းသို့ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းမှာ ဂါဇာကမ်းမြောင်ဒေသတွင်းမှ အစ္စရေးနိုင်ငံတောင်ပိုင်းဒေသသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုနှင့်ဆက်နွှယ်၍ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

အစ္စရေးနှင့် ဟားမားစ်အဖွဲ့တို့အကြား လွန်ခဲ့သည့် တစ်လတာအတွင်းက ဆက်စပ်ဖြစ်ပွားခဲ့သော တင်းမာမှုများနှင့်စပ်လျဉ်း၍ ဟားမားစ်အဖွဲ့၏ ဒုံးကျည်ပစ်ခတ်မှုဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းရက်များအတွင်းက ဂါဇာကမ်းမြောင်ဒေသတွင်းမှ အစ္စရေးနိုင်ငံတောင်ဘက်ပိုင်းအတွင်းသို့ စိန်ပြောင်းကျည်ဆန်သုံးခုကျရောက်ပေါက်ကွဲခြင်းမှ အစပြုဖြစ်ပွားခဲ့ပြီးနောက် ဟားမားစ်အဖွဲ့က အစ္စရေးနိုင်ငံတွင်းသို့ ဒုံးကျည်များပစ်လွှတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စိန်ပြောင်းကျည်များ အစ္စရေးနိုင်ငံတွင်း ကျရောက်မှုကြောင့် ထိခိုက်သေကျေပျက်စီးမှုသတင်းများမရရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ**





# လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့မှ ရေယာဉ်များက တရားမဝင် ရွှေ့ပြောင်းအခြေချနေထိုင်သူ ၃၀၀ ကျော်အား ကယ်တင်

**ထရီပိုလီ ဖေဖော်ဝါရီ ၃**

လစ်ဗျားနိုင်ငံ အနောက်ဘက်ပိုင်းတွင် ကမ်းခြေစောင့်တပ်ဖွဲ့က သီးခြားစီပြုလုပ်သော စစ်ဆင်ရေးသုံးခုအတွင်း တရားမဝင်ရွှေ့ပြောင်းအခြေချနေထိုင်သူ ၃၆၂ ဦးအား ကယ်တင်နိုင်ခဲ့ကြောင်း လစ်ဗျားရေတပ် ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားသည်။

လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့မှ ကင်းလှည့်ရေယာဉ်များက သီးခြားစီပြုလုပ်သော စစ်ဆင်ရေးများအတွင်း တရားမဝင် ရွှေ့ပြောင်းအခြေချသူ ၃၆၂ ဦးအား ကယ်တင်ခဲ့ပြီး ၎င်းတို့ထဲတွင် လူမျိုးကွဲပြားသူများ ပါဝင်ကြောင်း လစ်ဗျားရေတပ်မှ ပြောရေးဆိုခွင့်ရှိသူ အာယွတ်ကက်စ်ဆမ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့မှ ရေယာဉ်တစ်စင်းသည် မြို့တော်ထရီပိုလီ၏ အရှေ့ဘက်ကီလိုမီတာ ၁၂၀ အကွာရှိ အယ်လ်ခွန်စ်မြို့ကမ်းလွန်တွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၉၈ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ကက်စ်ဆမ်က ပြောကြားသည်။

လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့မှ ဒုတိယကင်းလှည့် ရေယာဉ်တစ်စင်းက မြို့တော်ထရီပိုလီ၏ အနောက်ဘက် ကီလိုမီတာ ၁၂၀ အကွာတွင် တွဲပျက်နေသည့် ရေယာဉ်နှစ်စင်းပေါ်မှ လူပေါင်း ၂၅၀ ကို ကယ်တင်ခဲ့ပြီး ထရီပိုလီမြို့ရှိ ရေတပ်အခြေစိုက်စခန်းသို့ ခေါ်ယူလာခဲ့ကာ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ ထိန်းသိမ်းသည့်ဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့မှ တတိယကင်းလှည့်ရေယာဉ်က အဘူကန်မက်ရှ်မြို့၏ မြောက်ဘက် ကီလိုမီတာ ၈၀ အကွာရှိ ပင်လယ်ပြင်အတွင်း၌ သစ်သားကိုယ်ထည်ရေယာဉ်တစ်စင်းပေါ်မှ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၂၃ ဦးကို ကယ်တင်ခဲ့ရပြီး ၎င်းတို့ထဲတွင် လစ်ဗျားလူမျိုးကိုးဦးပါဝင်ကြောင်း လစ်ဗျားရေတပ်မှ ပြောရေးဆိုခွင့်ရှိသူ ကက်စ်ဆမ်က ဆက်လက်ပြောကြားသည်။

လစ်ဗျားနိုင်ငံတွင် ၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဆူပူအုံကြွမှုများအပြီးတွင် နိုင်ငံတွင်း အခြေအနေ တည်ငြိမ်မှုကင်းမဲ့လာပြီး တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများက မြေထဲပင်လယ်ကို ဖြတ်သန်း၍ ဥရောပတိုက် ကမ်းခြေဒေသများထိ နိုင်ငံစွန့်ခွာသွားရောက်ရန် ကြိုးပမ်းမှုများ ရှိလာခဲ့သည်။

**ဆင်ဟွာ**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်



ထိုင်းနိုင်ငံက နှစ်ပေါင်းရာနဲ့ချီပြီး တမ်းတခဲ့တဲ့ အိပ်မက်တစ်ခုရှိပါတယ်။ ဒီကနေ့မှာတော့ ဒီအိပ်မက်ကို အကောင်အထည်ဖော်ဖို့ အချိန်ရောက်ပြီလို့ ဗိုလ်ချုပ်ကြီးဆိုင်းရက်ကာ့ဒ်ဖော်(Saiyud Kerdphol)က ယုံကြည်နေပါတယ်။ ဗိုလ်ချုပ်ကြီး ဆိုင်းရက်ကာ့ဒ်ဖော်က စစ်အေးခေတ်ကွန်မြူနစ်ဆန့်ကျင်ရေးကာလမှာ စစ်အင်ဂျင်နီယာတစ်ယောက်အဖြစ် ဆောင်ရွက်ခဲ့တဲ့ပုဂ္ဂိုလ်ပါ။ ထိုင်းနိုင်ငံက နှစ်ပေါင်းရာနဲ့ချီပြီး တမ်းတခဲ့တဲ့ အိပ်မက်ဆိုတာက ခါရာကျွန်းကုန်းရိုးကျဉ်းကို ဖြတ်၊ တူးမြောင်းဖောက်ပြီး အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာကို ဆက်စပ်လိုက်ဖို့ပါ။ ဒီခါရာတူးမြောင်းကို ဖောက်လုပ်နိုင်ခဲ့ရင် ကမ္ဘာ့အရှေ့ခြမ်းနဲ့ အနောက်ခြမ်းကြားက ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းကြောင်းဟာ သိသိသာသာ တိုတောင်းသွားမှာပါ။ ခါရာကျွန်းကုန်းရိုးကျဉ်းဆိုတာ မလေးကျွန်းဆွယ်ရဲ့ အကျဉ်းဆုံးအပိုင်းပါ။ ခါရာကျွန်းကုန်းရိုးကျဉ်းဟာ မြန်မာနိုင်ငံတနင်္သာရီတိုင်းဒေသကြီးနဲ့ ထိုင်းနိုင်ငံတောင်ပိုင်းကြားမှာ တည်ရှိနေတာပါ။ အက်ဒမန်ပင်လယ်(Andaman Sea)နဲ့ ထိုင်းပင်လယ်ကွေ့ကြားမှာရှိတာပါ။ ခါရာကျွန်းကုန်းရိုးကျဉ်းဟာ အကျယ် ၂၇ မိုင်ရှိပြီး အမြင့်ဆုံးအပိုင်းဟာ ပင်လယ်ရေပြင်ထက် ၂၄၆ ပေ မြင့်တယ်လို့ ဆိုပါတယ်။

ခါရာတူးမြောင်း တူးဖော်ဖို့ဆိုတာ အင်မတန်ကြီးမားတဲ့ စီမံကိန်းပါ။ အသက် ၉၀ ကျော် ဗိုလ်ချုပ်ကြီး ဆိုင်းရက်ကာ့ဒ်ဖော်ရဲ့ အတွေးကတော့ ဒီလောက်ကြီးမားတဲ့ စီမံကိန်းမျိုးကို အကောင်အထည်ဖော်မယ်ဆိုရင် ဘုရင့်တူးမြောင်း စီမံကိန်းမျိုးအဖြစ်ပဲ အကောင်အထည်ဖော်ရမှာပါ။ Atimes နဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ဗိုလ်ချုပ်ကြီး ဆိုင်းရက်က "ဘုရင့်စီမံကိန်းအဖြစ်သာ မဆောင်ရွက်ရင် ဒီစီမံကိန်းကြီးမျိုးကို ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး"ဆိုပြီး သူ့အတွေးကို ရှင်းပြခဲ့ပါတယ်။ ယခု နတ်ရွာစံသွားပြီဖြစ်တဲ့ ထိုင်းဘုရင်က ဒီတူးမြောင်းတူးဖို့ စိတ်ဝင်စားတဲ့ Rolls-Royce ကုမ္ပဏီနဲ့ ၁၉၈၀ ကျော်ကာလတွေမှာ တွေ့ဆုံဆွေးနွေးခဲ့ဖူးပါတယ်။ ဘုရင့်စီမံကိန်းအဖြစ် မဆောင်ရွက်ရင် မရဘူးဆိုတဲ့ ဗိုလ်ချုပ်ကြီး ဆိုင်းရက်အတွေးရဲ့ အခြေခံအကြောင်းရင်းကတော့ အကျင့်ပျက်လာဘ်စားမှုပါ။ ထိုင်းအစိုးရအနေနဲ့သာ ဒီလိုစီမံကိန်းကြီးမျိုးကို အကောင်အထည်ဖော်ခဲ့ရင် အကျင့်ပျက်လာဘ်စားမှုဟာ ထိန်းမနိုင်သိမ်းမရဖြစ်မယ်လို့ ဗိုလ်ချုပ်ကြီးဆိုင်းရက်က ယူဆထားတာပါ။

ခါရာတူးမြောင်းတူးဖော်ဖို့ကို ထိုင်းဘုရင် နာရင် (Narai) က ၁၆၇၇ ခုနှစ်မှာ စတင်ကြံစည်ခဲ့တာပါ။ ဒါပေမဲ့ ခါရာတူးမြောင်းတူးဖော်ဖို့ဆိုတာ ဒီကနေ့ခေတ်မှာ ဘုရင်နာရင်ခေတ်ထက် ပိုနီးစပ်လာပြီလို့ မပြောနိုင်သေးတာကတော့ အမှန်ပါ။ ပြောရရင် ထိုင်းဘုရင် နာရင်ခေတ်ကစပြီး ဒီကနေ့အချိန်အထိ နှစ်ပေါင်း ၃၅၀ နီးပါး ကာလမှာ ခါရာတူးမြောင်း တူးဖော်ဖို့ကို အကြိမ်ကြိမ် ကြံစည်ကြိုးပမ်းခဲ့တာပါ။ ဒါပေမယ့် နိုင်ငံရေးနဲ့ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုတွေကြောင့် ခါရာတူးမြောင်း စီမံကိန်းဟာ လက်တွေ့အကောင်အထည်ဖော်တဲ့အဆင့်ကို မရောက်ခဲ့ပါဘူး။ ဒီလိုစိုးရိမ်ပူပန်မှုတွေထဲမှာ ခါရာတူးမြောင်းကြောင့် ထိုင်းနိုင်ငံတောင်ပိုင်းကို နှစ်ပိုင်းပိုင်းခြားလိုက်သလို ဖြစ်သွားမှာကို စိုးရိမ်ပူပန်တာက အဓိကအကျဆုံး စိုးရိမ်ပူပန်မှုပါ။

စစ်တပ်က ဦးဆောင်တဲ့ လက်ရှိထိုင်းအစိုးရက စီးပွားရေးပြုပြင်ပြောင်းလဲရေး မဟာဗျူဟာတွေကို ခိုင်ခိုင်မာမာ ချမှတ်နိုင်ဖို့ ကြိုးပမ်းနေပေမယ့် ခါရာတူးမြောင်းဖောက်လုပ်ရေးကိုတော့ စိတ်ဝင်စားပုံမရပါဘူး။ ဒါကလည်း ထိုင်းနိုင်ငံတောင်ပိုင်းမှာ ခွဲထွက်ရေးဝါဒီ မူဆလင်သူပုန်တွေရှိနေတဲ့အတွက် ခါရာတူးမြောင်း ဖောက်လိုက်ရင် လုံခြုံရေးအရ အန္တရာယ်ရှိတယ်လို့ တွက်ဆထားလို့ပါ။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်တဲ့ အစိုးရမဟုတ်ဘဲ ဒီလိုမဟာဗျူဟာ ရောမစီမံကိန်းကြီးကို ဆောင်ရွက်ခဲ့ရင် ပြည်သူလူထုရဲ့အမြင်မှာ ဝေဖန်စရာဖြစ်နေမယ်ဆိုတဲ့အချက်ကလည်း လက်ရှိထိုင်းအစိုးရကို ခါရာတူးမြောင်း အိပ်မက်ကနေ ဝေးဝေးနေဖို့ တွန်းအားပေးနေပါတယ်။ ဒါပေမဲ့ ထိုင်းဘုရင် ဘူမိဘော (Bhumibol) နတ်ရွာစံပြီး ဒသမမြောက် ရာမ(Rama X) ဘုရင်နန်းတက်လာတဲ့အခါ နိုင်ငံတော်ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်အောက်မှာ ဘုရင့်နန်းတော်က ခါရာတူးမြောင်းဖောက်လုပ်ရေးကို ဆောင်ရွက်လာလေမလားဆိုတဲ့ အိပ်မက်တွေ ပြန်နိုးကြားလာပါတယ်။

ဗိုလ်ချုပ်ကြီး ဆိုင်းရက်ကာ့ဒ်ဖော်က ခါရာတူးမြောင်းဟာ ခေတ်သစ်တစ်ခုရဲ့ နိဒါန်းဖြစ်လာလိမ့်မယ်လို့ မျှော်လင့်နေတာပါ။ ခါရာတူးမြောင်းက ပြည်သူလူထုရဲ့ နှလုံးသားကို သိမ်းကျုံးစုစည်းပြီး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးပေးလိမ့်မယ်လို့ ဗိုလ်ချုပ်ကြီးဆိုင်းရက်က မျှော်လင့်နေတာပါ။ လေ့လာသုံးသပ်မှုတွေက ထိုင်းဘုရင်သစ်ဟာ မူလဆင်အများစုနေထိုင်တဲ့ ထိုင်းနိုင်ငံတောင်ပိုင်းကို အထူးစိတ်ဝင်စားတယ်လို့ ဆိုကြပါတယ်။ ဒီအချက်အပေါ် အခြေခံပြီး တချို့က ထိုင်းဘုရင်သစ်ဟာ ထိုင်းနိုင်ငံတောင်ပိုင်းမှာ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကို သူ့ခေတ်ရဲ့ သမိုင်းအမွေအဖြစ် ထားခဲ့ချင်ပုံရတယ်လို့ တွက်ဆကြပါတယ်။

နတ်ရွာစံသွားပြီဖြစ်တဲ့ ထိုင်းဘုရင်ဘူမိဘောရဲ့အတွေးမှာ ခါရာတူးမြောင်းဟာ ထိုင်းနိုင်ငံတောင်ပိုင်းကို နှစ်ပိုင်းပိုင်းသလို ဖြစ်စေနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုမျိုးရှိ၊ မရှိကတော့ သေသေချာချာ မပြောနိုင်ပါဘူး။ ခါရာတူးမြောင်းကိုသာ ဖောက်လုပ်ခဲ့မယ်ဆိုရင် ချောင်ဖရားမြစ်ထက် ပိုကျယ်ပြန့်မှာပါ။ ချောင်ဖရားမြစ်ဟာ ဗန်ကောက်မြို့တော်နဲ့ တော်ဝင်နန်းတော်ကိုဖြတ်ပြီး ထိုင်းနိုင်ငံမြောက်ပိုင်းကနေ တောင်ပိုင်းကို စီးဆင်းတဲ့မြစ်ပါ။ ပြောရရင် ချောင်ဖရားမြစ်ဟာ ထိုင်းနိုင်ငံနဲ့ ထိုင်းလူမျိုးတွေရဲ့ နှလုံးသားဝိညာဉ်ခိုအောင်းရာ မိခင်မြစ်ကြီးပါ။ ခါရာတူးမြောင်းဖောက်လုပ်ရေးကို လှုံ့ဆော်စည်းရုံးနေတဲ့ "ထိုင်းတူးမြောင်းအဖွဲ့အစည်း (The Thai Canal Association-TCA)" က တူးမြောင်းရဲ့ အမည်ကို "ခါရာတူးမြောင်း"ကနေ ထိုင်းတူးမြောင်းလို့ အမည်သစ်ပေးခဲ့ပါတယ်။ သဘောကတော့ ဒီတူးမြောင်းဟာ ထိုင်းလူမျိုးအားလုံးအတွက် ရည်ရွယ်ဖောက်လုပ်တဲ့ တူးမြောင်းလို့ ဆိုလိုချင်တာပါ။ ဒီအမည်သစ်ဟာ ထိုင်းဘုရင်ဘူမိဘောရဲ့ အမြင်ကို ထင်ဟပ်နေတယ်လို့ ပြောရမှာပါ။ ထိုင်းဘုရင်ဘူမိဘောက ခါရာတူးမြောင်းဖောက်လုပ်မယ်၊ မဖောက်လုပ်ဘူးဆိုတာကို ထိုင်းတစ်မျိုးသားလုံးရဲ့ ဆုံးဖြတ်ချက်နဲ့ပဲ ဆောင်ရွက်ရမယ်လို့ ခံယူထားတာပါ။ ထိုင်းတူးမြောင်းအဖွဲ့အစည်း (TCA)က မကြာသေးခင်က ထုတ်ပြန်ခဲ့တဲ့ ဆောင်ခလာတက္ကသိုလ် (Songkhla University) ရဲ့ လူထုစစ်တမ်းကို ကိုးကားပြီး ထိုင်းတောင်ပိုင်းပြည်သူတွေရဲ့ ၇၄ ရာခိုင်နှုန်းက ခါရာတူးမြောင်းဖောက်လုပ်ရေးကို ထောက်ခံတယ်လို့ဆိုပါတယ်။ ပြောရရင် ထိုင်းတူးမြောင်းအဖွဲ့အစည်း (TCA)ဟာ ထိပ်တန်းဗိုလ်ချုပ်ကြီးဟောင်းတွေနဲ့ ဖွဲ့စည်းထားတာပါ။

ခါရာတူးမြောင်း ဖောက်လုပ်ရေးကို မယုံကြည်သူတွေကတော့ ခါရာတူးမြောင်းဖောက်လုပ်ရေးကို တွန်းအားပေးနေကြတာဟာ လက်တွေ့မဖြစ်နိုင်တဲ့ မဟာ့မဟာရောမစီမံကိန်းကြီးအတွက် ဖြစ်နိုင်ခြေလေ့လာရေးကန်ထရိုက်ကနေ မြိုးမြိုးမြက်မြက်ရဖို့ အကွက်ချနေတယ်လို့ပဲ ယူဆနေကြတာပါ။ ခါရာတူးမြောင်း ဖောက်လုပ်ရေးကို ဆောင်ရွက်မယ်ဆိုရင် ရွေးချယ်တဲ့လမ်းကြောင်းအပေါ် မူတည်ပြီး ဒေါ်လာဘီလီယံ ၂၀ ကနေ ဘီလီယံ ၃၀ လောက်ကုန်ကျပြီး ဆယ်စုနှစ်တစ်ခုလောက်ကို အချိန်ယူဖောက်လုပ်ရမှာပါ။ ခါရာတူးမြောင်း ဖောက်လုပ်ရေးအတွက် ဘုရင့်နန်းတော်ဆီ ပြန်တင်ပြထား၊ မထားဆိုတာက မသေချာပေမယ့် ဖောက်လုပ်ခဲ့ရင် ဘဏ္ဍာငွေကြေးအလုံအလောက်နဲ့ ထောက်ခံမယ့်သူရှိနေတာကတော့ သေချာပါတယ်။ ဒီလို ထောက်ခံမှုပေးမယ့်သူဟာ တရုတ်နိုင်ငံပါ။ တရုတ်နိုင်ငံရဲ့ ထိုင်းနိုင်ငံဆိုင်ရာ သံအမတ်ကြီး လိုင်းယူဂျီအန်း (Lyu Jian) က အဆင့်မြင့်အစည်းအဝေးတစ်ခုမှာ ခါရာတူးမြောင်းကို တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း (OBOR) ရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် သဘောထားတဲ့အကြောင်း ထုတ်ဖော်ပြောဆိုခဲ့တယ်လို့ ဆိုပါတယ်။ အားလုံးသိတဲ့အတိုင်း တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း (OBOR) ဟာ တရုတ်နိုင်ငံရဲ့ မဟာ့မဟာရောမစီမံကိန်းကြီးပါ။ ဒီမဟာ့မဟာရောမစီမံကိန်းကြီးရဲ့ ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ တစ်ထရီလီယံလောက်အထိ ရှိနိုင်တယ်လို့ ခန့်မှန်းထားတာပါ။

တရုတ်နိုင်ငံက ခါရာတူးမြောင်းစီမံကိန်းကို လက်ရှိထိုင်းအစိုးရက အာရုံစိုက်ကြိုးပမ်းဆောင်ရွက်နေတဲ့ အရှေ့ပိုင်းစီးပွားရေးစင်္ကြံလမ်း (Eastern Economic Corridor) စီမံကိန်းနဲ့ ဆက်စပ်အကောင်အထည်ဖော်ဖို့ ရည်မှန်းထားတာပါ။ အရှေ့ပိုင်းစီးပွားရေးစင်္ကြံလမ်းစီမံကိန်းဟာ စက်မှုဖွံ့ဖြိုးရေး၊ ထောက်ပံ့သယ်ယူရေးနဲ့ အိုးအိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေ ပေါင်းစပ်ပါဝင်နေတာပါ။ ဒီအရှေ့ပိုင်းစီးပွားရေးစင်္ကြံလမ်း စီမံကိန်းမှာ အချိန်အတော်ကြာကြာရပ်ထားတဲ့ မြန်နှုန်းမြင့်ရထားလမ်းစီမံကိန်းလည်း ပါဝင်ပါတယ်။ လာအိုနိုင်ငံကို ဖြတ်သန်းပြီး တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံကို ဆက်သွယ်ပေးမယ့် ဒီမြန်နှုန်းမြင့်ရထားလမ်းစီမံကိန်း စတင်တဲ့ အခမ်းအနားကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့ပါတယ်။ သုံးသပ်ကြည့်မယ်ဆိုရင် တရုတ်သံအမတ်ကြီးရဲ့ ပြောဆိုချက်ဟာ တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်းနဲ့ ခါရာတူးမြောင်းစီမံကိန်းကို ပထမဦးဆုံးအကြိမ် တက်တက်ကြွကြွ ရည်ညွှန်းပြောဆိုခဲ့တာပါ။

(ဆက်လက်ဖော်ပြပါမည်)



Sources: Pakdee Tanapura, Thai-Chinese Culture and Economic Association

# တပ်မတော်(ကြည်း၊ ရေ၊ လေ)ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်) ဒုတိယပိုင်း လေ့ကျင့်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက်ရည်မှန်း၍ သမားရိုးကျစစ်ပွဲများ ဆင်နွှဲနိုင်သည့် စွမ်းရည်မြင့်မားလာစေရန်အတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်တွင် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်) ဒုတိယပိုင်း လေ့ကျင့်ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှု စစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည်(ကြည်း၊ရေ၊လေ) ကမ်းတက်စစ်ဆင်ရေးပြုလုပ်မည့် ရှုရပ်သို့ရောက်ရှိကြပြီး လေ့ကျင့်ခန်းအား အစီအစဉ်အတိုင်း ပြုလုပ်ကြရာ မြစ်ကူးစစ်ဆင်ရေးအဖွဲ့၊ ရေတပ်အထူးစစ်ဆင်ရေးတပ်ဖွဲ့များ၊ ခြေလျင်တပ်ဖွဲ့နှင့် သံချပ်ကာတပ်ဖွဲ့များ မြစ်ကူးစစ်ဆင်ရေးလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။ တစ်ချိန်တည်းတွင် တပ်မတော်(လေ)မှ တိုက်ပွဲနယ်မြေအတွင်း ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်နေစဉ်အတွင်း ရဟတ်ယာဉ်ချီအထူးတပ်ဖွဲ့များက ရန်သူ့စခန်းများအား အလစ်အငိုက်ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်း၊ လေကြောင်းချီ တပ်ဖွဲ့များက လေထီးဖြင့် မြေပြင်သို့ဆင်းသက်ကာ ရန်သူ့အုပ်ချုပ်ထောက်ပံ့ရေးစခန်းများအား စီးနင်းတိုက်ခိုက်ခြင်းများ ဆောင်ရွက်ကြသည်။ တစ်ချိန်တည်းတွင် တပ်မတော်(လေ)မှ တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များက ရန်သူ့ပစ်မှတ် အသီးသီးအားတိုက်ခိုက်ခြင်း၊ အမြောက်ကြီးများက ပစ်ခတ်ချေမှုန်းခြင်း၊ ခြေလျင်နှင့်သံချပ်ကာ ကမ်းတက်တပ်ဖွဲ့များ ကမ်းတက်ခြင်း၊ ထပ်မံစစ်ကူရောက်ရှိလာသည့် ရန်သူ့စစ်ရေယာဉ်များအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များက ပင်လယ်ရေပြင်တွင် တိုက်ခိုက်ချေမှုန်းခြင်း၊ ကမ်းတက်တပ်ဖွဲ့များက ရန်သူ့စခန်းအား စီးနင်းတိုက်ခိုက်ခြင်းများ ဆောင်ရွက်ကြပြီး ရည်မှန်းချက်အသီးသီးသို့ တိုက်ပွဲလုပ်ငန်း အဆင့်အလိုက်အတိုင်း ထိုးဖောက်ဝင်ရောက်၍ ရန်သူကိုချေမှုန်း တိုက်ခိုက်ပြီး ရည်မှန်းချက်အသီးသီးကို သိမ်းပိုက်ကြသည်။

ယင်းနောက် မိမိတပ်များအတွက် လေကြောင်းမှ ခဲယမ်းနှင့်ရိက္ခာများ ချပေးခြင်း၊ တိုက်ပွဲတွင်ထိခိုက်ဒဏ်ရာရရှိသူများကို အရေးပေါ်လူနာတင်ယာဉ်များဖြင့် သယ်ဆောင်ခြင်း၊ အရေးကြီးလူနာများကို ရဟတ်ယာဉ်ဖြင့် သယ်ဆောင်ခြင်းများအား လေ့ကျင့်ဆောင်ရွက်ကြပြီး လေ့ကျင့်ခန်းပြီးဆုံးရပ်နားခဲ့သည်။

ထို့နောက် လေ့ကျင့်ခန်းတွင်ပါဝင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် လေ့ကျင့်ခန်းအား တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ဖွဲ့ဝင်များ အားလုံးပူးပေါင်း၍အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ချီးကျူးပါကြောင်း၊ ယခုလေ့ကျင့်ခန်းမှ တွေ့ကြုံရသည့် အတွေ့အကြုံများကို ပြန်လည်သုံးသပ်၍ အားနည်းချက်များကို သင်ခန်းစာဖော်ထုတ်ပြုပြင်ဆောင်ရွက်ရန်လိုကြောင်း၊ ယခုကဲ့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းများကို လွန်ခဲ့သည့် နှစ် ၂၀ က နှစ်ကြိမ်ပြုလုပ်လေ့ကျင့်ခဲ့ကြောင်း၊ ယခုကဲ့သို့ လေ့ကျင့်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ပြီး လေ့ကျင့်ခန်းများမှရရှိလာသည့် အတွေ့အကြုံများဖြင့် တပ်မတော်(ကြည်း၊ရေ၊လေ) တပ်ဖွဲ့များအား ပေါင်းစပ်လေ့ကျင့်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်ကာကွယ်ရေးဆိုသည်မှာ ချက်ချင်းဆောင်ရွက်၍မရဘဲ စနစ်တကျ ပြင်ဆင်ဖွဲ့စည်းလေ့ကျင့်ခြင်းများ ပြုလုပ်ခြင်းဖြင့်သာ ဆောင်ရွက်နိုင်ကြောင်း၊ မိမိတို့တစ်ဦးချင်းအလိုက်၊ တပ်ဖွဲ့အလိုက်၊ တပ်ရင်းအလိုက် လေ့ကျင့်ဆောင်ရွက်၍ နောက်ဆုံး (ကြည်း၊ ရေလေ) တပ်များအားလုံး အဆင့်ဆင့် ပြန်လည်ပေါင်းစပ်လေ့ကျင့်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



**တပ်မတော် (ကြည်း၊ ရေ လေ)ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်) ဒုတိယပိုင်း လေ့ကျင့်ဆောင်ရွက်နေမှုများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှု စစ်ဆေးစဉ်။**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေးက တပ်မတော်(ကြည်း၊ရေလေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်) အထိမ်းအမှတ်တံဆိပ်အား လက်ဆောင်ပေးအပ်သည်။ ထို့နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သတင်းမီဒီယာအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သိရှိလိုသည်များမေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့တွင် လေ့ကျင့်ခန်း ဒုတိယပိုင်းအဖြစ် (ကြည်း၊ရေလေ)ပူးပေါင်း၍ ကမ်းတက်စစ်ဆင်ရေးလေ့ကျင့်မှုများကို လက်တွေ့လေ့ကျင့်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ✪ မောင်တောဒေသမှ

ရှေးဦးစွာ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံ၊ ဦးကျော်လွင်နှင့် အဖွဲ့သည် အေးရှားဝေါလ်ဖောင်ဒေးရှင်းက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အငူမော် - မောင်တောလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းအင်ဂျင်နီယာ ဦးအောင်စိန်က လမ်းအဆင့်မြှင့်တင်ရာတွင် အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းလက်ရှိဆောင်ရွက်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များကို အကြံပြုပြောကြားသည်။

UEHRD စီမံကိန်းလက်အောက်ရှိ Task Force ကိုးခုအနက် တစ်ခုဖြစ်သည့် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အငူမော် - မောင်တောလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလလယ်ကပင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လမ်းအကျယ် ၁၈ ပေ၊ အမြင့် ၉ လက်မ ကွန်ကရစ် လမ်းအမျိုးအစားဖြစ်ပြီး ၄၉ မိုင် ၆ ဖာလုံရှည်လျားကာ လုပ်ငန်းခွင်တွင် စက်ယန္တရား ၂၀၀ နီးပါးနှင့် လုပ်သားဦးရေ ၁၅၀၀ နီးပါး အသုံးပြု၍ တစ်နေ့လျှင် အလုပ်ချိန် နှစ်ချိန်ခွဲ၍ နေ့၊ ည အကောင် အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် အငူမော် - မောင်တောလမ်း ခင်းကျင်းမှု ဆောင်ရွက်နိုင်ရန်အတွက် Batching Plant ကွန်ကရစ်ဖျော်သည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မြင်းလွတ်ကျေးရွာသို့ ရောက်ရှိကြပြီး မြေနေရာ ရှင်းလင်းနေမှုအခြေအနေများနှင့် ကင်းချောင်းကျေးရွာအတွင်းရှိ ARG ဆန်စက်၏ ဆန်ခွဲကြိတ်မှုလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် နေရပ်စွန့်ခွာသူများအား ယာယီနေရာချထားမည့် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကြရာ စခန်းတာဝန်ရှိသူတစ်ဦးက တစ်ဆောင်လျှင် ခြောက်ဦး နေထိုင်နိုင်သည့် ရှစ်ခန်းတွဲအဆောက်အအုံ ၁၅၉ လုံး တည်ဆောက်နေသည့် အခြေအနေ၊ ယာယီတဲအပါအဝင် အဆောက်အအုံ တည်ဆောက်ပြီးစီးနိုင်မှု အနေအထားအရ လာမည့်အပတ်တွင် လူဦးရေ ၈၀၀၀ ခန့် နေထိုင်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက လျှပ်စစ်သွယ်တန်းမှုအခြေအနေများ၊ လမ်းအခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

**အောင်ရဲသွင်၊ ကိုမင်း၊ ဓာတ်ပုံ-အောင်မင်း**

❐ ကျောဖုံးမှ

ချေပဂိုးပြန်သွင်းခဲ့သည်။

ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးရရန် တိုက်စစ်အားမြှင့်ခဲ့ပြီး ပွဲပြီးခါနီးတွင် ဧရာဝတီအသင်းမှ ကာစီယို အပိုင်အခွင့်အရေးရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၈၇ မိနစ်တွင် ဧရာဝတီအသင်း ပင်နယ်တီရနိုင်သည့် အခွင့်အရေးရခဲ့သော်လည်း ဒိုင်လူကြီးက ငြင်းပယ်ခဲ့၍ ဧရာဝတီအသင်း နစ်နာခဲ့ရသည်။

မုံရွာကွင်း၌ကျင်းပသောပွဲတွင် စစ်ကိုင်းအသင်းက GFA အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၁၄ မိနစ်တွင် သန်းထိုက်အောင်က GFA အသင်းအတွက် ဦးဆောင်ဂိုးစသွင်းခဲ့သော်လည်း ၅၄ မိနစ်တွင် ဝေဖြိုးသူက စစ်ကိုင်းအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ အနိုင်ဂိုးကို ၆၇ မိနစ်တွင် သီဟသူက သွင်းယူပေးခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၃၄ မိနစ်တွင် ကင်မ်က ဇွဲကပင်အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ရခိုင်အတွက် ချေပဂိုးကို မိနစ် ၅၀ တွင် မက်သရူး၊ အနိုင်ဂိုးကို ၉၀+၃ မိနစ်တွင် တည်ငြိမ်မင်းတို့က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဖေဖော်ဝါရီ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် မြဝတီအသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# မန်ယူနောက်ခံလူဟောင်း ဆီဗက်စတြာ ရန်ကုန်မြို့၌ သတင်းစာရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မြန်မာလူငယ်ကစားသမားများအား လေ့ကျင့်သင်ကြားပေးရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် မန်ယူအသင်းနောက်ခံလူဟောင်း ဆီဗက်စတြာ၏ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

ဆီဗက်စတြာက "မန်ယူအသင်းနဲ့ အောင်မြင်မှုတွေ၊ အမှတ်တရဖြစ်ရပ်တွေ အများကြီးရှိပေမယ့် ၂၀၀၈ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့တာက အမှတ်ရဆုံးဖြစ်ရပ်တစ်ခုပါ၊ မြန်မာနိုင်ငံအကြောင်း ကောင်းကောင်းမသိပေမယ့် နေလို့ကောင်းမယ့်နိုင်ငံလို့တော့ ရန်ကုန်မြို့ကို ရောက်တာနဲ့သိပါတယ်၊ မြန်မာလူငယ်ကြယ်ပွင့်တွေကို အချိန်တိုပဲ သင်ကြားပေးနိုင်ပေမယ့် အကောင်းဆုံးသင်ကြားပေးမှာပါ၊ ကျွန်တော့်နည်းပြအဖွဲ့ဝင်တွေကလည်း အကောင်းဆုံး သင်ကြားပေးမှာပါ" ဟု ပြောကြားခဲ့သည်။ ယင်းနောက် Manda Myanmar ကုမ္ပဏီက ဆီဗက်စတြာနှင့် နည်းပြအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့အား အမှတ်တရလက်ဆောင်ပေးအပ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ဆီဗက်စတြာနှင့် နည်းပြအဖွဲ့ဝင်များအား နာမည်ရေးထိုးထားသည့် မြန်မာအသင်းဂျာစီများအား လက်ဆောင်ပေးအပ်သည်။ ဆီဗက်စတြာ ဦးဆောင်သည့် မန်ယူနည်းပြအဖွဲ့ဝင်များသည် ညနေပိုင်းတွင် သုဝဏ္ဏမြက်ခင်းတုကွင်း၌ လူငယ်ကစားသမားများအား သင်ကြားပေးသည်။ ဆီဗက်စတြာ ဦးဆောင်သည့် မန်ယူနည်းပြအဖွဲ့သည် ဖေဖော်ဝါရီ ၃၊ ၄ ရက်တွင် ရန်ကုန်မြို့၊ ဖေဖော်ဝါရီ ၆၊ ၇ ရက်တွင် တောင်ကြီးမြို့၌ သင်ကြားပေးမည်ဖြစ်သည်။ Mand Myanmar သည် ပြီးခဲ့သည့် နှစ်ကလည်း Football Clinic ကို ရန်ကုန်နှင့် ပုသိမ်မြို့တို့တွင် ပြုလုပ်ခဲ့ပြီး မန်ယူနောက်ခံလူဟောင်း ရွှန်နီဂွန်ဆင်က ဦးဆောင်ပါဝင်ခဲ့သည်။

**ရဲရင့်ရှိုင်း**

# လုပ်ငန်းခွင်ဝင် စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်း

**ရန်ကုန် ဖေဖော်ဝါရီ ၃**

အင်းစိန်မြို့နယ် ရပ်ကွက်(၂၁)ရပ်ကွက်မှ ရပ်/ရပ်ကျေးအုပ်ချုပ်ရေးမှူး အသစ် ၂၁ ဦးနှင့် ရပ်/ကျေးစာရေးများအား ရပ်ကွက်အုပ်ချုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းခွင်ဝင်စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၄ နာရီတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပသည်။

သင်တန်းတွင် စည်ပင်သာယာရေး၊ လဝက သိသင့်သည့် ဥပဒေသဘောတရားများ၊ ရဲတပ်ဖွဲ့၊ မြေစာရင်း-မြေစစ်၊ ရွေးကောက်ပွဲ၊ တရားစီရင်ရေး၊ မီးသတ်ဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေး၊ သတင်းရေးသားနည်း၊ အခွန်လုပ်ငန်း၊ ရုံးစာရေးသားခြင်းဆိုင်ရာ ဘာသာရပ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

ကြေးမုံ

# ပင်လုံစိတ်ဓာတ် အစွန့်ရှည်ရေး

ဗြိတိသျှနယ်ချဲ့တို့ မြန်မာနိုင်ငံကို စစ်ရေးနည်းဖြင့် စတင်ဝင်ရောက်ကျူးကျော်ခဲ့သည်မှာ အနှစ် နှစ်ရာခန့်ရှိပြီ။

၁၈၂၄ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် ရခိုင်နှင့် တနင်္သာရီကို သိမ်း၏။ ၁၈၅၂ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲမှာ မုတ္တမပုသိမ်မှ အစပြု၍ ရန်ကုန်အပါအဝင် အောက်မြန်မာနိုင်ငံကို သိမ်း၏။ ၁၈၈၅ တတိယစစ်ပွဲတွင်မူ သီပေါဘုရင်နှင့် မိဖုရားကို ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က တစ်နိုင်ငံလုံး သိမ်းလိုက်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးက မျိုးချစ်စိတ်ရှိကြသောတိုင်းရင်းသားအသီးသီးက နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးအတွက် ရရာလက်နက်ဖြင့်ကျရာနေရာက တွန်းလှန်ပုန်ကန်တိုက်ခိုက်ခဲ့ကြသော်လည်း စစ်အင်အားချင်း များစွာကွာခြားနေမှုက မြန်မာတစ်နိုင်ငံလုံး ကျွန်ဘဝမှာ သက်တမ်းရှည်ကြာစေခဲ့သည်။

၁၈၈၅ ဗြိတိသျှလက်အောက်သို့ ရောက်ရှိချိန်မှစ၍ အင်္ဂလိပ်ကို နည်းမျိုးစုံဖြင့် ပုန်ကန်ခဲ့ကြရာ ကောလိပ်ကျောင်းသားကြီးများ၏ ၁၉၂၀ ပထမကျောင်းသားသပိတ်၊ ၁၉၃၀ ဆရာစံ တောင်သူလယ်သမားအရေးတော်ပုံ၊ ၁၉၃၀ 'အချင်းအမျိုးသားအပေါင်းတို့. . . ညီညွတ်ကြကုန်လော့၊ အချင်းချင်းရိုင်းပင်းကြကုန်လော့' ဟူသော ကြွေးကြော်သံဖြင့် တာထွက်လာသည့် တို့ဗမာအစည်းအရုံး လှုပ်ရှားမှု၊ ၁၉၃၆ ကျောင်းသားခေါင်းဆောင် ကိုနု၊ ကိုအောင်ဆန်းတို့၏ ဒုတိယကျောင်းသားသပိတ်၊ ၁၉၃၈ သမိုင်းတွင်ရစ်သော သခင်ဗဟိန်း၊ ဗိုလ်အောင်ကျော်၊ သခင်ဖိုးလှကြီးတို့၏ ၁၃၀၀ ပြည့်အရေးတော်ပုံ၊ ၁၉၃၉ တို့ဗမာအစည်းအရုံး၏ အင်္ဂလိပ်အခက် ဗမာ့အချက် ကြေညာစာတမ်း၊ ၁၉၄၀ သခင်အောင်ဆန်းတို့ လက်နက်ကိုင်တော်လှန်ရန် တရုတ်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်သွားရောက်ရင်းအမွှိုင်မှတစ်ဆင့် တိုကျိုရောက်၊ ၁၉၄၁ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်ရန်အောင်၊ ဗိုလ်ကျော်ဇော အစရှိသည့် ရဲဘော်သုံးကျိပ် ဂျပန်စစ်ပညာသင်၊ ဗမာ့တပ်မတော်ဖွဲ့၊ ၁၉၄၂ ဗမာ့တပ်မတော် ဂျပန်တို့နှင့်အတူ မြန်မာနိုင်ငံထဲဝင်၊ ၁၉၄၃ ဂျပန်ခေတ် လွတ်လပ်ရေး၊ ၁၉၄၄ သခင်သိန်းဖေ ခေါင်းဆောင်သည့် သခင်မြသွင်၊ ကာနယ်ချစ်ကောင်း၊ လေထီးဗိုလ်အုန်းမောင်၊ မန်းဝင်းမောင် အစရှိသော ဖက်ဆစ်တော်လှန်ရေး လေထီးရဲဘော်များ၏ အိန္ဒိယခရီး၊ ၁၉၄၅ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် ဗမာ့တပ်မတော်တို့ ခေါင်းဆောင်သည့် မြန်မာပြည်သူတစ်ရပ်လုံး၏ ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲခဲ့ပြီး ၁၄ ဩဂုတ် ၁၉၄၅မှာ ဂျပန်တို့ စစ်ရှုံးလက်နက်ချကာ အင်္ဂလိပ်တို့ နိုင်ငံတွင်းမှာ ပြန်လည်အုပ်ချုပ်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးတွင် မြန်မာတို့၏ နိုင်ငံရေး၊ စစ်ရေးနှင့် အမျိုးသားလွတ်လပ်ရေးစိတ်ဓာတ်ကို အသိမှတ်ပြုရပြီဖြစ်သော အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးကိုပေးရတော့မည်ဟု သဘောပေါက်နေပြီဖြစ်သည်။

ဖက်ဆစ်တော်လှန်ရေး၏ အသီးအပွင့်ဖြစ်သော ဖဆပလအဖွဲ့ချုပ်ကြီးနှင့် ဝန်းရံနေသော နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးခေါင်းဆောင်များ၏ အင်အား၊ ပြည်သူလူထု၏ လွတ်လပ်ရေးတိုက်ပွဲကို ဆုံးခန်းတိုင်ဆက်လက်ပြီး အရယူရန် တက်ကြွနေသည့် စိတ်ဓာတ်တို့ကိုလည်း အင်္ဂလိပ်အစိုးရက အသိအမှတ်ပြုထားရပြီ ဖြစ်၏။

ဤသို့ဖြင့် မြန်မာ့နိုင်ငံရေး ခေါင်းဆောင်တို့နှင့် သံတမန် ဆက်ဆံရေး ထူထောင်ကာ ဗမာ့တပ်မတော်ပြန်လည် ဖွဲ့စည်းရေးအတွက် ၇ စက်တင်ဘာ ၁၉၄၅ တွင် အာရှအရှေ့တောင်ပိုင်း စစ်သေနာပတိချုပ် မောင့်ဘက်တန်နှင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းတို့ ကန္ဒီသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် ဆက်လက်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှ နန်းရင်းဝန် ကလီမင့် အက်တလီနှင့် ဆွေးနွေးသဘောတူညီချက် ရယူကာ အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။ အဓိကသဘောတူညီချက်မှာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန်ဖြစ်၏။ သို့သော်လည်း မြန်မာနိုင်ငံ၏ တောင်တန်းဒေသများနှင့် ပြည်မကို ခွဲခြား၍ သီးခြားလွတ်လပ်ရေးပေးမည်ဟူ၏။ ထို့ကြောင့် ၎င်းတို့ ဆွေးနွေးနေသည့် အချိန်မှာပင် ဗိုလ်ချုပ်အောင်ဆန်းက "မြန်မာပြည်၏ ကာကွယ်ရေးသည် နယ်ခြားဒေသများနှင့် အပြန်အလှန် နှီးနွှယ် ဆက်သွယ်မှုမပါဘဲ မဖြစ်နိုင်ဆိုသော အချက်တို့ကို ထောက်ထားဆင်ခြင်ခြင်းမရှိဘဲ နယ်ခြားဒေသများကို မြန်မာပြည်မှ ခွဲထုတ်ထားရန် အတတ်နိုင်ဆုံး ကြိုးစားအားထုတ်ခဲ့ကြပါသည်။ နယ်ခြားဒေသများကို ဘုရင့် (အင်္ဂလိပ်) အစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် မြန်မာပြည်၏ လွတ်လပ်ရေးဆိုသည်မှာ အဓိပ္ပာယ်မရှိပါ" ဟူ၍ပြောခဲ့သည်။

ဝန်ကြီးချုပ် (နန်းရင်းဝန်) အက်တလီနှင့် သီးခြားအားဖြင့်လည်း နယ်ခြားဒေသမပါသော မြန်မာ့လွတ်လပ်ရေးမှာ အဓိပ္ပာယ်လည်းမရှိ အနှစ်သာရလည်း မရှိကြောင်း အတိအလင်းပြောကြားခဲ့သည်။ သို့သော်လည်း အင်္ဂလိပ်အစိုးရ၏ တောင်းဆိုချက်အရ အောင်ဆန်းအက်တလီစာချုပ်တွင် အပိုဒ် ၈ အပိုဒ်ခွဲ (ဂ) တွင် အချက်တစ်ချက် ပါဝင်လာခဲ့သည်။ ပင်လုံအစည်းအဝေး သို့မဟုတ် အထူးကွန်ဖရင့်ပြီးဆုံးသည့်အခါ ဗြိတိသျှအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့သည် နယ်ခြားဒေသလူထု၏ ဆန္ဒနှင့်လိုက်လျောညီစွာ အကျိုးတူရည်မှန်းချက်များကို ဖြည့်စွမ်းရန် အကောင်းဆုံးစနစ်နှင့်ပတ်သက်၍ သဘောတူညီချက်ရယူရလိမ့်မည် ဟူ၏။

ဤသို့ဖြင့် ပင်လုံဟူသည့်အမည်ကို ကမ္ဘာကရော မြန်မာနိုင်ငံသားတို့ပါ ကောင်းကောင်းသိသွားခဲ့သည်။ တောင်တန်းဒေသများနှင့် မြေပြန့်ဒေသတို့ ပူးပေါင်းရေး ညီညွတ်ရေး၏ အရေးကြီးပုံကိုလည်း မြန်မာပြည်တွင်းနေပြည်သူတို့အားလုံး နားလည်သွားခဲ့သည်။ တောင်တန်းဒေသမခွဲခြားဘဲ အားလုံးတန်းတူညီမျှနေထိုင်ကြရင်း လွတ်လပ်ရေး အတူရယူမည်၊ နောင်အခါ မတူညီမှုများ မကျေနပ်မှုများရှိလာလျှင် ဆက်လက်ပြောဆိုကြမည်။ သီးခြား ရပ်တည်လိုလျှင်လည်း ရပ်တည်မည်ဟူသည့် သဘောတူညီချက်ဖြင့် သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြသည်။

တောင်တန်းဒေသ မြေပြန့်ဒေသမခွဲခြားဘဲ အားလုံးအတူ လွတ်လပ်ရေးယူမည်။ ပြည်နယ် ပြည်မ မခွဲခြား တန်းတူအခွင့်အရေးရှိရမည်ဆိုသည့် အခြေခံမူပေါ်တွင် သဘောတူခဲ့ကြကာ ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကြ၏။ မိသားစုချင်း ဆွေးနွေးညှိနှိုင်း၍ရသည်။ မိသားစုလိုသဘောထားကြမည်။

ယင်းသည်ကား ပင်လုံစိတ်ဓာတ်၏ နိဒါန်းတည်း။ ။

# လူငယ်စွန့်ဦးတီထွင်သူများပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မြန်မာ့စွန့်ဦးတီထွင်ပွဲတော် မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၃**

လူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင်အသစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့စွန့်ဦးတီထွင်ပွဲတော် (Myanmar Entrepreneurs Carnival- MEC 2018) ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ MIIT တွင် ယနေ့ နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်တို့ တက်ရောက်အားပေးခဲ့ကြသည်။




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ MRCCI ဂုဏ်ထူးဆောင်နာယက ဦးအောင်ဝင်းခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ MYREA ဥက္ကဋ္ဌ ဦးမိုးကျော်ကျော်၊ MYEA (ရန်ကုန်)ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် MRCCI ဥက္ကဋ္ဌ ဦးကျော်မင်းတို့က Myanmar Entrepreneurs Carnival စာတမ်းအား ပုံဖော်ပေးခဲ့ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က "ဒီနေ့ပွဲတော်ကတော့ စွန့်ဦးတီထွင်လုပ်နေတဲ့ လူငယ်လေးတွေရဲ့ ပညာ၊ ကျွမ်းကျင်မှု၊ သူတို့ရဲ့ တတ်သိမှုနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးကို တစ်ဖက်တစ်လမ်းက အားပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်ကို တွေ့လိုက်ရတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် အားတက်မိတယ်ဆိုတဲ့ စိတ်ပေါ်လာပါတယ်။

"ပညာနဲ့ နိုင်ငံရဲ့ စီးပွားရေးကို တိုးတက်စေမယ့် အာမခံချက်တစ်ခုလို့ မြင်မိလိုက်တဲ့အတွက် နိုင်ငံရဲ့ စီးပွားရေးအတွက် အားတက်မိပါတယ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ဒီလိုလုပ်ငန်းရှင် လူငယ်လေးတွေကို တွေ့တဲ့အခါမှာ သူတို့ကို ကျွန်တော်တို့ အစိုးရကူညီပေးနိုင်တဲ့ဟာ မှန်သမျှ အကုန်ကူညီပေးရပါမယ်၊ တိုင်းပြည်မှာ ဒီလို စီးပွားရေးလူငယ်လုပ်ငန်းရှင်တွေ အများကြီး ဖြစ်ပေါ်လာအောင် လုပ်ပေးနိုင်တာ တိုင်းပြည်ရဲ့ စီးပွားရေးကို မြှင့်တင်ပေးတာပဲ၊ ကျွန်တော်တို့ နိုင်ငံမှာ လူကြီးတွေက လူငယ်တွေကို နေရာပေးဖို့ လိုလာပြီဆိုတာ ပြတာပဲလေ၊ လူကြီးစီးပွားရေးလုပ်ငန်းရှင်တွေက သူတို့လုပ်ငန်းတွေကို လူငယ်တွေလက်ထဲအပ်ဖို့ အချိန်တန်နေပါပြီလို့ သတင်းစကားပေးချင်ပါတယ်"ဟု အမှာစကား ပြောကြားခဲ့သည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်း(MYREA)ဥက္ကဋ္ဌ ဦးမိုးကျော်ကျော်ကလည်း "လူငယ်လုပ်ငန်းရှင်တွေ Network ထူထောင်ထားမယ်၊ နောက်ပြီးတော့ လုပ်ငန်းရှင်ဖြစ်ဖို့ ကြိုးစားနေကြတဲ့ လူငယ်တွေအတွက် အခွင့်အလမ်းတွေ၊ အတွေ့အကြုံတွေ၊ အတွေးအခေါ်တွေရအောင် ဖန်တီးပုံဖော်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီပွဲကိုလုပ်ခြင်းဖြစ်ပါတယ်။ SME လို့ခေါ်တဲ့အဖွဲ့တွေကပြတဲ့ ပြခန်းတွေရှိပါတယ်၊ လုပ်ငန်းရှင်ဖြစ်ဖို့ ကြိုးစားနေတဲ့ လူငယ်အဖွဲ့လေးတွေ ပြသထားတဲ့ ပြခန်းတွေရှိတယ်၊ နောက် တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးကအဖွဲ့တွေ ရှိပါတယ်။ နောက် ပညာရေးဇုန်၊ လူငယ်တွေဟာ ခေါင်းဆောင်တဲ့ ကဏ္ဍမှာ ပါဝင်လှုပ်ရှားနေတယ်ဆိုတာကို သိစေချင်တဲ့အတွက် ပညာရေး Industryက ညီတွေ၊ ညီမငယ်တွေရဲ့ တီထွင်မှုပြခန်းတွေပါပါတယ်၊ ဒီပွဲမှာ လုပ်တဲ့အဓိက ရည်ရွယ်ချက် တစ်ခုရှိတယ်"ဟု ပြောသည်။

မြန်မာ့စွန့်ဦး တီထွင်ပွဲတော်ကြီးတွင် Pitching Program များ၊ Panel Discussions များ၊ အချိန်တိုသင်တန်းများ၊ Start Up လုပ်ငန်းရှင်များ၏ ပြခန်းပေါင်းများစွာနှင့် SME လုပ်ငန်းရှင်များ၏ ပြခန်းပေါင်းများစွာအပြင် Education Program များ ပါဝင်ပြီး ဖျော်ဖြေရေးကဏ္ဍအနေဖြင့် တိုင်းရင်းသား အသင်းအဖွဲ့များ၏ ဖျော်ဖြေမှုများနှင့်အတူ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများလည်း ပါဝင်သည့် အဆိုပါပွဲတော်ကို ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သင်းပျံ့မွှေးထုံ ပြည်ထောင်စုနေ့ဂုဏ်

❋ ပြည်ထောင်စုနေ့ကို တို့ဂုဏ်ပြု
စည်းလုံးမှုနှင့် အခြေတည်
ပင်လုံမှသည်။
အမျိုးသားရေးဦးတည်
တူညီတဲ့မြတ်စိတ်ထား။
နီးကြားရှင်သန်
ပြည်ထောင်စုစိတ်ဓာတ်အခြေခံလို့
တို့နိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေး
အလေးပေးစို့လား။
❋ တိုင်းရင်းသားပေါင်းစုံ လက်တွဲပြုလို့
(၂၁)ရာစုပင်လုံမှသည်
ငြိမ်းချမ်းရေးဆီ။
ဖက်ဒရယ်ပြည်ထောင်စုဒီမိုကရေစီ
တည်ဆောက်မည်မနေး။
အသေးစား၊ အလတ်စား စီးပွားရေးမကျန်
အားပေးပြန်မြှင့်တင်လို့
တိုင်းပြည်တစ်ခွင် ဖွံ့ဖြိုးတိုးတက်
အမျိုးသားရေးဦးတည်ချက်တွေနဲ့
ရှေ့ဆက်မသွေ တွဲလက်ညီမို့
တို့မြန်ပြည် စဉ်ငြိမ်းချမ်းတယ်
ဂုဏ်လွှမ်းလို့ မွှေး။ ။

အောင်မြင့်စိုး(ရေစကြို)

# ဥပဒေအရသတ်မှတ်ထားသည့် အညွှန်းအချက်အလက်မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်း ထိန်းချုပ်ရန်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

**၂-၂-၂၀၁၈ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်၏ မေးခွန်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်တို့ကို အောက်ပါအတိုင်း အပြည့်အစုံ ဖော်ပြအပ်ပါသည်-**

**နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်း ထိခိုက်စေလျက်ရှိသည့် FDA က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချနေခြင်း၊ FDA ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာ သက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များ၊ ဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက်မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဦးအောင်ကြည်ညွှန့်က နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်း ထိခိုက်စေလျက်ရှိသည့် FDA က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချနေခြင်း၊ FDA ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာ သက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များ၊ ဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက်မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ဒီနေ့ ဒီမေးခွန်းဖော်ပြထားတဲ့ မေးခွန်းကို မေးမြန်းဖို့ အခြေခံအားဖြင့် ပေါ်ပေါက်လာတဲ့ အကြောင်းတစ်ခုကတော့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့မှာ ပြီးခဲ့တဲ့ ဇူလိုင်လ ၉ ရက်တုန်းက ဒီစန္ဒာသူရိယ ပညာကျန်းမာ အသင်းလေးကနေပြီးတော့ ဦးဆောင်ပြီး အစိုးရအထက်တန်းကျောင်း ကျောင်းမုန့်ဆိုင်တွေမှာရောင်းနေတဲ့ ကလေးတွေအတွက် အန္တရာယ်မကင်းတဲ့ အစားအသောက်တွေ သူတို့ရဲ့ ရန်ပုံငွေလေးနဲ့ဝယ်ပြီးတော့ ဒါတွေကို ကျွန်တော်တို့ ပညာပေးဟောပြောပြီးတဲ့ အခါမှာ ဖျက်ဆီးတဲ့ အခမ်းအနားလေးတစ်ခု ကျင်းပခဲ့တယ်။ အဲဒီဈေးကွက်အတွင်းထဲမှာ ရှိနေတဲ့ အခြေအနေနှင့် ပတ်သက်ပြီးတော့လည်းပဲ ကျွန်တော်အခမ်းအနားမှာ တင်ပြဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် အင်မတန်မှ ကလေးတွေအတွက်ရော၊ တကယ်တော့ တစ်နိုင်ငံလုံးအတွက် စားသုံးမှုတွေမှာ အင်မတန် အန္တရာယ်ကြီးနေတဲ့ ပကတိမြေပြင် အခြေအနေမှာ ဒီလိုတွေပေါ်ပေါက်နေတယ် ဆိုတာကို တွေ့လာရတဲ့အတွက် ဒီမေးခွန်း မေးဖို့ ကျွန်တော်ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

### လျော့ပါးသွားနိုင်

ဒါနှင့်ပတ်သက်ပြီးတဲ့အခါကျတော့ အခု ဒီမေးခွန်းမှာ ကျွန်တော်တင်ပြထားတဲ့အတိုင်းပဲ တရားဝင်ပိတ်ပင်ထားတဲ့ အစားအသောက်တွေလည်း ဒီနေ့ဈေးကွက်ထဲမှာ ရရှိနေတယ်။ နောက်အထည်အလိပ်လုပ်ငန်းတွေမှာ သုံးတဲ့ ကျွန်တော်တို့ ဆိုးဆေးတွေကိုလည်းပဲ ကျွန်တော်တို့ အစားအသောက်လုပ်ငန်းတွေမှာ လွယ်လွယ်ကူကူ သုံးလို့ရနေတယ်။ အဲဒီဆေးတွေကလည်းပဲ တစ်နေရာမှာ တစ်ထုပ်ကို ၅၀ ကျပ်တည်းနှင့် အပြင်မှာ လွယ်လွယ်ကူကူ ဝယ်ပြီးတော့ သုံးလို့ရတဲ့အတွက် အစားအသောက်တွေထဲမှာ ဒီအရောင်ဆိုးဆေးတွေ လုပ်နေတယ်။ အဲဒီတော့ ဒီလိုအခြေအနေမျိုးတွေရှိတဲ့အခါမှာ ဒီလိုဆိုရင် ကျွန်တော်တို့ ဈေးကွက်ထဲမှာသုံးနေတဲ့ ဒီဆိုးဆေးတွဟာ အစားအသောက်အတွက် ဆိုးဆေးပဲဖြစ်စေ၊ သို့မဟုတ် တခြားအထည်အလိပ်မှာသုံးတဲ့ ဆိုးဆေးပဲဖြစ်စေ၊ ဒါတွေကို ကျွန်တော် ကျန်းမာရေးအတွက်မှာ အရင်တုန်းကသုံးခဲ့တဲ့ ဒိုင်ယာစီပင်ဆေးမျိုးလို၊ ဘက်ထရီလုပ်ငန်းတွေမှာသုံးတဲ့ ကန့်ငရဲမီး (Sulphuric Acid) တို့လို ထိန်းချုပ်ကန့်သတ်ထားတဲ့ ပုံစံမျိုးလေးနှင့် စနစ်တကျရောင်းချပေးမယ်ဆိုရင်၊ အလွယ်တကူဝယ်ယူလို့ မရဘူးဆိုရင် အစားအသောက်တွေထဲမှာ ရောက်မယ့် အန္တရာယ်တွေ လျော့ပါးသွားနိုင်မယ့် အခြေအနေမျိုးရှိနေတာကို ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။

### အဆိပ်အတောက်

အဲဒီအပြင် ကျွန်တော်တို့ ဈေးတွေထဲမှာ အခု ငါးပိ၊ ငါးခြောက်တွေဆို ယင်မနားတော့ပါဘူး။ အဲဒီမှာ ကျွန်တော်တို့ ပိုးသတ်ဆေးတစ်မျိုးကို ရေနှင့်ရောပြီး ငါးပိ၊ ငါးခြောက်တွေပေါ်မှာ အမြဲတမ်းဖျန်းပြီးတော့၊ နှစ်ပြီးတော့ ရောင်းနေတယ်။ အဲဒီတော့ ငါးပိ၊ ငါးခြောက်တွေမှာ ယင်မနားတော့ဘူး၊ ဆန်သည်တွေရဲ့ ဆန်တွေပေါ်မှာပဲ ယင်တွေလာနားတော့တယ်။ ပြီးတော့ ဒီကောင်တွေက အဆိပ်အတောက်တွေပဲ ဖြစ်တယ်။ ပြီးရင်ငါးပိထဲမှာ ယင်မနားဖို့ရာအတွက် ပိုးသတ်ဆေးတွေ လုပ်နေတယ်ဆိုတာလည်း လေ့လာတွေ့ရှိနေရပါတယ်။ ဒါတွေနှင့် ပတ်သက်ပြီးတော့ တကယ့်မြေပြင် အခြေအနေမှာရှိနေတဲ့ အနေအထားကို သိနိုင်ဖို့ရန်အတွက် Power Point အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံပါတယ်။ ဒါတွေက ကျွန်တော်တို့ ပါဝါသကြားတွေနှင့် ကျွန်တော်တို့ ဒီမှာသုံးနေတဲ့ FDA ကနေ ပြီးတော့လည်း ပိတ်ပင်ထားပြီးတဲ့အခြေအနေ ဒါပေမဲ့ အခုအချိန်အထိ ကျွန်တော်တို့ဈေးကွက်ထဲမှာ ရောက်ရှိနေတဲ့ အစားအသောက်တွေ ဖြစ်ပါတယ်။



**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) မှ ဦးအောင်ကြည်ညွှန့်**

### ပိုးသတ်ဆေးတွေ

ဒါကတော့ ကျွန်တော်တို့ ဆန်တွေ၊ ပဲတွေမှာသုံးနေတဲ့ ပိုးမထိုးအောင် ဆေးထည့်တဲ့ ပိုးသတ်ဆေးဖြစ်တယ်။ နောက်ခုနတုန်းက ယင်မနားတဲ့ ပိုးသတ်ဆေးတွေပါ။ ယင်မနားဆေးဆိုတာ ရေနှင့်ဖျန်းပြီးတော့ ငါးခြောက်တွေ၊ ငါးပိတွေပေါ်မှာ အမြဲတမ်းဖျန်းပြီးတော့ ရောင်းနေတဲ့ ဈေးကွက်ထဲမှာ တွင်တွင်ကျယ်ကျယ်သုံးနေတဲ့ ဆေးတွေ ဖြစ်ပါတယ်။ ဒါတွေက ကျွန်တော်တို့ဈေးအတွင်းမှာ ဖြန့်ချိရောင်းချနေတဲ့ ကျွန်တော်တို့ အရောင်တင်မှုန့်တွေ ဖြစ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ မှည့်ဆေးလို့ခေါ်တဲ့ သုံးနေတဲ့ ဆေးတွေဖြစ်ပြီးတော့ ဒါလည်း ကျွန်တော်တို့ FDA က သာမန်အားဖြင့် အသုံးပြုဖို့ရာ မသင့်တော်တဲ့ အချဉ်ခဲတွေ သာမန်ပကတိ အတိုင်းသုံးနေတဲ့ မန်ကျည်းတို့၊ သံပရာတို့၊ ရှောက်တို့ သဘာဝအစားသုံးနေတဲ့ အချဉ်ခဲတွေ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ တရုတ်ပြည်ကနေ ထုတ်လုပ်တဲ့အခါကျတော့ အသုံးပြုနေတဲ့ တရုတ်နိုင်ငံလုပ် Milk Shake တွေ ဖြစ်ပါတယ်။ နောက်ဟိုဘက်က ကျွန်တော် တရားမဝင်ဖြန့်ချိပြီးတော့ ရောက်ရှိနေတဲ့ ကျွန်တော်တို့ ဘာအညွှန်းမှလည်း မပါတဲ့ တရုတ်မုန့်တွေ ဖြစ်ပါတယ်။ များသောအားဖြင့် ဒါတွေဟာ ကလေးသူငယ်တွေရဲ့ ကျောင်းစားသောက်ဆိုင်တွေမှာ ကျွန်တော်တို့ တွေ့နေရတဲ့ မုန့်တွေ ဖြစ်ပါတယ်။

ဒါက ကျွန်တော် FDA ကနေပြီးတော့ တရားဝင်ပိတ်ပင်ထားတဲ့ တံဆိပ်အမှတ်အသားတွေနှင့် ကျွန်တော်တို့ တရားမဝင်ဆိုးဆေးတွေသုံးထားပါတယ်လို့ ဖော်ပြထားတဲ့ အစားအသောက်ကုန်တွေ ဖြစ်ပါတယ်။ ဒီစားသောက်ကုန်တွေကလည်း အခု လက်ရှိ အခြေအနေအထိ ဈေးကွက်ထဲမှာ ဝယ်ယူလို့ ရနေတဲ့အနေအထားမျိုးမှာ ရှိနေပါတယ်။ ဒါလည်း အလားတူပါပဲ။ ကျွန်တော်တို့ FDA က ပိတ်ပင်ထားပြီးသား တံဆိပ်အမျိုးအစားတွေနှင့် ဒါကြောင့်မို့လို့ ဈေးကွက်ထဲမှာ အခုအချိန်အထိ ရောင်းနေတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။

ဒါတွေက စောစောပိုင်းက ကျွန်တော်ပြခဲ့တာ ဒီမေးခွန်းကို ကျွန်တော် ဇူလိုင်လကတည်းက တင်ခဲ့တာဖြစ်ပါတယ်။ ဇူလိုင်လတုန်းက ရှိနေတဲ့ အခြေအနေဖြစ်ပြီးတော့ အခုနောက်ပိုင်း ပြီးခဲ့တဲ့ဒီဇင်ဘာလအထိ ဈေးကွက်ထဲမှာ ရှိနေတဲ့ အနေအထားနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ဆက်လက်ပြီးတော့ တင်ပြမှာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ဒီဇင်ဘာလအထိ ကျောင်းမုန့်ဆိုင်တွေမှာ အဲဒါတွေ အခုအချိန်အထိ ရောင်းချနေတဲ့အခြေအနေဖြစ်ပါတယ်။ အဲဒီတော့ ဒါတွေကတော့ ကျောင်းမုန့်ဆိုင်တွေမှာ လောလောဆယ်ကို ကျွန်တော်တို့မုန့်တွေကို ချက်ချင်းကို ကျွန်တော်တို့ ဒီဓာတုဗေဒဆိုးဆေးတွေနှင့် စိမ်ပြီးတော့ အမျိုးမျိုး ကလေးတွေကို သူက ရောင်းတာ။ ဒါတွေကိုပဲ ကလေးတွေက နေ့စဉ်နှင့်အမျှ ကျွန်တော်တို့ကလေးတွေက ဝယ်ယူစားသုံးနေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါတွေက ကျွန်တော်တို့ဈေးကွက်တွေထဲမှာ ကျွန်တော်တို့မျှစ်ကို လတ်တလော ဒီအရောင်တင်ဆေးမှုန့်တွေနှင့် ဈေးကွက်ထဲမှာ ရောင်းနေတာဖြစ်ပါတယ်။

### မြေပြင်အခြေအနေ

ဒါကတော့ ကျွန်တော်တို့ ပုစွန်ခြောက်ကို ဆေးဆိုးထားတဲ့ ပုစွန်ခြောက်တွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုအနေအထားမျိုးတွေ ရှိနေတဲ့ အခြေအနေမျိုးတွေနှင့် ပတ်သက်ပြီးတော့ကာ တကယ်တမ်း မြေပြင်အခြေအနေကို ကြည့်လိုက်တဲ့အခါကျတော့ မြို့နယ်မှာရှိတဲ့ အခြေခံအကျဆုံးဖြစ်တဲ့ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီတွေမှာ ဘဏ္ဍာငွေခွင့်ပြု --------

**ဥက္ကဋ္ဌ**။ ။ ၂ မိနစ် အချိန်ပေးမယ်။

**ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနှင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးချင်တဲ့ မေးခွန်းက (၃)ခုပဲ ရှိပါတယ်။ (၁) FDA က တရားဝင်ပိတ်ပင်ထားပြီးဖြစ်တဲ့ မုန့်နှင့် အစားအသောက်တွေကို ဈေးကွက်ထဲမှာ ဆက်လက်ပြီးတော့ တွင်ကျယ်စွာ ရောင်းချနေမှုကို တားမြစ်ရန် ဘယ်လို စီစဉ်ဆောင်ရွက်နေတယ်။ ထိရောက်စွာ ဟန့်တားနိုင်ရန်အတွက် ဘယ်လိုဆက်လက်ဆောင်ရွက်မလဲဆိုတာကိုလည်းကောင်း၊ (၂) အထည်အလိပ် လုပ်ငန်းများမှာသုံးတဲ့ ဓာတုဆိုးဆေးတွေကို ဈေးကွက်မှာ အလွယ်တကူ ဝယ်ယူအသုံးပြုနိုင်ခြင်းကြောင့် အစားအသောက်လုပ်ငန်းများမှာ အသုံးပြုနေခြင်းကို တားမြစ်နိုင်ရန်အတွက် လက်တွေ့မှာ ဖြစ်နိုင်ခြေမရှိတဲ့အတွက် ဒီဆိုးဆေးတွေကို ထိန်းချုပ်ကုန်အဖြစ် စနစ်တကျ မှတ်ပုံတင်ရောင်းဝယ်ရမည့် ထိန်းချုပ်ကုန်စည်အဖြစ် သတ်မှတ်ထိန်းချုပ်ရန် အစီအစဉ် ရှိ/မရှိနှင့် (၃) အမျိုးသားကျန်းမာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတာနှင့်အမျှ အခြေခံအကျဆုံးလည်း ဖြစ်တဲ့ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီများ လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဘဏ္ဍာငွေသုံးစွဲမှုနှင့်တကွ ထိရောက်ထက်မြက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ဘယ်လိုစီမံဆောင်ရွက်ထားတယ်ဆိုတာကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ မေးခွန်းများအနက် ပထမ မေးခွန်းကိုတော့ အချိန်ပိုယူပါမယ်။ ကျန်တဲ့ မေးခွန်းတွေကတော့ တိုပါတယ်။ အချိန်ပိုပေးဖို့ ကျွန်တော်မေတ္တာရပ်ခံပါတယ်။

### ဖျက်ဆီးတယ်

ပထမမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် ဦးအောင်ကြည်ညွှန့်ရဲ့ မေးခွန်းဟာ တော်တော်လေး ကျယ်ပြန့်တဲ့ မေးခွန်းဖြစ်တဲ့အပြင် နိုင်ငံအတွက် အလွန်အရေးကြီးတဲ့ မေးခွန်းဖြစ်ပါတယ်။ သတ်မှတ်မယ်ဆိုရင် ဒါ National Emergency ပေါ့၊ အဲဒီလို အခြေအနေကို ဖြစ်ပါတယ်။ ဒီမေးခွန်းမေးတဲ့အတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်။ ပထမဆုံး ကျွန်တော်ဖြေမှာကတော့ ကျွန်တော်တို့ ဘာလုပ်နေလဲဆိုရင် Post Marketing Service ပေါ့၊ ဈေးကွက်အတွင်း ထောက်လှမ်းခြင်းကို လုပ်ပြီးတော့ တွေ့တဲ့ဟာတွေကို သိမ်းတယ်၊ ဖျက်ဆီးတယ် လုပ်ပါတယ်။ နောက်ပြီးတော့ ထပ်ပြီးတော့ ထုတ်လုပ်တဲ့နေရာအထိ ကျွန်တော်တို့သွားပါတယ်။ ထုတ်လုပ်တဲ့နေရာ ရောက်တဲ့အခါမှာ ကျွန်တော်တို့ဟာ နည်းနှစ်နည်းနှင့် လုပ်ပါတယ်။ ပထမတစ်နည်းက စီမံခန့်ခွဲရေး နည်းလမ်း၊ ဒုတိယတစ်နည်းကတော့ တရားစွဲဆိုခြင်းပေါ့။ စီမံခန့်ခွဲရေးနည်းလမ်းကတော့ ပထမဦးဆုံး သူတို့ကို ပညာပေးပါတယ်။ နောက်ပြီးတော့ ခံဝန်ကတိတွေ ထိုးခိုင်းပါတယ်။ ပြီးရင် မရရင် ရောင်းခွင့်ကို ပိတ်ပါတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ တရားစွဲပါတယ်။ ဒီနည်းနှစ်ခုနှင့် ကျွန်တော်တို့လုပ်နေပါတယ်။ ဒါကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ အစားအသောက်နှင့် ဆေးဝါးဥပဒေက ၁၉၉၇ ခုနှစ်က ထုတ်ထားတဲ့ ဥပဒေဖြစ်ပြီးတော့ ၂၀၁၃ ခုနှစ်မှာ ပြန်ပြင်ဆင်ထားပါတယ်။ ဒါပေမဲ့ ဒါကိုကြည့်လိုက်တဲ့ အခါမှာလည်း လုံလောက်မှုမရှိပါဘူး။ ထိရောက်မှု တော်တော်နည်းတဲ့အတွက် ကျွန်တော်ဒီဟာကို ကျွန်တော်ပြင်ဆင်နေပါတယ်။ ကျွန်တော်တို့ရှေ့နေချုပ်ရုံးသို့ ရောက်နေပြီ ထင်ပါတယ်။ ဒီဥစ္စာကို ပြင်ပြီးရင်တော့ ကျွန်တော်တို့က ဒီဥပဒေဟာ နည်းနည်းပိုပြီးတော့ ထိရောက်လာမယ်ဆိုတာကို ပြောလိုပါတယ်။

စာမျက်နှာ ၉ သို့ »»

> **“ပိုးသတ်ဆေးတစ်မျိုးကို ရေနှင့်ရောပြီး ငါးပိ၊ ငါးခြောက်တွေပေါ်မှာ အမြဲတမ်းဖျန်းပြီးတော့၊ နှစ်ပြီးတော့ ရောင်းနေတယ်၊ အဲဒီတော့ ငါးပိ၊ ငါးခြောက်တွေမှာ ယင်မနားတော့ဘူး၊ ဆန်သည်တွေရဲ့ ဆန်တွေပေါ်မှာပဲ ယင်တွေ လာနားတော့တယ်၊ ပြီးတော့ ဒီကောင်တွေက အဆိပ်အတောက်တွေပဲ ဖြစ်တယ်၊ ပြီးရင် ငါးပိထဲမှာ ယင်မနားဖို့ရာအတွက် ပိုးသတ်ဆေးတွေ လုပ်နေတယ်ဆိုတာလည်း လေ့လာတွေ့ရှိနေရပါတယ်”**

»»» စာမျက်နှာ ၈ မှ

အဲဒီတော့ ကျွန်တော့်အနေနဲ့ ဆက်ဖြေရမယ်ဆိုရင် အမှန်တရားကတော့ Root Cause ပါ။ ပင်ရင်းဇာစ်မြစ်ကို ကျွန်တော်တို့က ကိုင်တွယ်မှုဖြစ်မယ်။ ဒီမှာ ဆေးဆိုးတဲ့ ဆေးဆိုးပါတဲ့ အစားအသောက် ဒါတွေကို လုပ်မယ်ဆိုရင် ပြည်တွင်းမှာရောင်းတဲ့ အစားအသောက်ရှိတယ်။ အခြားနိုင်ငံကဝင်တဲ့ အစားအသောက်ရှိတယ်။ တခြားနိုင်ငံက ဝင်တဲ့ ဒီဆေးဆိုးပါတာ၊ မထည့်သင့်တဲ့အရာ ထည့်ထားတာကိုလုပ်ဖို့ရာ ကျွန်တော်တို့ တာဝန်မဟုတ်ပါဘူး။ Custom Department ဖြစ်ပါတယ်။ Custom Department က တင်းကျပ်ပြီး ပိတ်ပင်ဖမ်းဆီးလိုက်ရင် ပြဿနာရှင်းသွားမယ်။ အဲဒီတော့ သူတို့ Custom Department က ပိတ်ပင်ရှင်းလင်းဖို့အတွက်ကိုလည်း ကျွန်တော်တို့မှာ ဒီနယ်စပ်ဒေသမှာရှိတဲ့ ဓာတ်ခွဲခန်းတွေကို အဆင့်မြှင့်ပြီး လုပ်ထားပြီးပါပြီ။ အဓိကကတော့ Custom Department နှင့် ကျွန်တော်တို့ နယ်စပ်မှာရှိတဲ့ ကျွန်တော်တို့ ရုံးပါ။ အစားအသောက် FDA ရုံးတွေနဲ့ ပေါင်းပြီး လုပ်လို့ရှိရင် မရနိုင်စရာအကြောင်း မရှိပါဘူး။ Custom Department က လွှတ်လိုက်လို့ရှိရင် ကျွန်တော်တို့ ဘာမှမတတ်နိုင်တော့ဘူး။ ဒီအစားအသောက်တွေက ဘယ်ကိုရောက်သွားသလဲ။ ဘယ်သူမှ Trace လို့လည်း မရနိုင်ဘူး။ အဲဒါရှိပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနှင့်ကတော့ ဝန်ကြီးဌာနနှစ်ခုဟာ လုံးဝပေါင်းရမယ်။ ပေါင်းခြင်းဆိုတာ ဒါတော်တော်ကို အရေးကြီးပါတယ်။ National Emergency ဖြစ်ပါတယ်။ တစ်ပြည်လုံး ဒုက္ခရောက်မှာပါ။ လမ်းပေါ်မှာ လျှောက်တဲ့သူကအစ ကျွန်တော်တို့ ထိပ်ဆုံးအထိ၊ နိုင်ငံတော်သမ္မတ အထိကို၊ အကုန်လုံးက ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးများ အပါအဝင် စားနေတာ။ ဒါတွေဟာ နေ့စဉ် ဒုက္ခရောက်နေတာပါ။ ဒါကို ကျွန်တော့်အနေနဲ့လည်း ဆက်ပြီးလုပ်ဖို့ အများကြီးရှိပါတယ်။ ကျွန်တော်တင်ပြပါမယ်နော်။

### ကျောင်းသားတွေ

နောက်တစ်ချက်ကတော့ ဇာစ်မြစ်ကို လုပ်မယ်ဆိုရင် ကျောင်းမှာရှိတဲ့ ဆရာ ဆရာမတွေက ကျောင်းသားတွေကို ပြောရမယ်။ ပြောလည်းပြောပါတယ်။ ဒါပေမဲ့ ပိုပြီး ထိရောက်ဖို့လိုတယ်။ တစ်ပတ် တစ်ခါ၊ တစ်လ တစ်ခါ၊ ဒီအစားအသောက်တွေစားရင် ဘာဖြစ်နိုင်မယ်။ ဒါ ကျွန်တော်တို့ဘက်က ကျောင်းကျန်းမာရေးအဖွဲ့ ၈၀ ကျော်ရှိပါတယ်။ ဒါနဲ့ပေါင်းပြီးလုပ်ရမယ်။ ဒါကလည်း ပညာရေးဝန်ကြီးဌာနနှင့် စီမံချက်ချပြီး လုပ်မှုဖြစ်မယ်။ လုပ်တဲ့ကျောင်းကလုပ်တယ်။ မလုပ်တဲ့ကျောင်းက မလုပ်လို့ မရပါဘူး။ ပညာရေးဝန်ကြီးနှင့် ကျွန်တော် ဆွေးနွေးပြီးတော့ ဘယ်လိုလုပ်မလဲ၊ တစ်ပြည်လုံးမှာကို ကျွန်တော့်မှာ ကျောင်းကျန်းမာရေးအဖွဲ့တွေရှိတယ်။ မြို့နယ်ဆရာဝန်တွေရှိတယ်၊ ကျန်းမာရေးမှူးတွေရှိတယ်။ ဘယ်လိုလုပ်မလဲ။ အနည်းဆုံး တစ်လ တစ်ခါ သို့မဟုတ် နှစ်လ တစ်ခါ၊ မဟုတ်ရင် သုံးလတစ်ခါ အခြေအနေကိုကြည့်ပြီးတော့ မလုပ်လို့မရပါဘူး။ ဆိုတော့ ဒီကျောင်းသားတွေသည် ဒါကိုစားရင် အန္တရာယ်ရှိတယ်ဆိုတာကို သူတို့သိရင် မဝယ်တော့ဘူး။ မစားတော့ဘူး။ သူတို့မဝယ်၊ မစားဘူးဆိုရင် ဈေးရောင်းတဲ့သူတွေက ရောင်းလို့မရတော့ဘူး။ သူတို့မရောင်းတော့ဘူး။ ကျောင်းသားတွေ စားသမျှကာလပတ်လုံး သူတို့ကရောင်းမှာပဲ။ အဓိကကတော့ ဘာလဲဆိုတော့ ကျွန်တော်တို့ Health Literacy ပေါ့။ ကျောင်းသားတွေမှာ Health Literacy ကျန်းမာရေးအသိပညာ၊ အစားအသောက်နှင့်ဟာတွေကို ယခုထက် ပိုမိုပြီးလုပ်ရမယ်။ ပုံမှန် အေးအေးဆေးဆေး လုပ်လို့မရဘူး။ ဒါ National အမျိုးသားအဆင့်ကို အရေးကြီး နေပါပြီ။ မဟုတ်ရင် ဒီကလေးတွေက အခု မဖြစ်ဘူး။ နောက်ကြာလို့ရှိရင် အသည်းကင်ဆာဖြစ်မယ်။ ကျောက်ကပ်၊ အသည်း၊ နောက် ဦးနှောက် ဒါတွေက အဓိက ရေးထားတယ်။ အစာအိမ်လမ်းကြောင်းတစ်လျှောက်မှာ ရောဂါတွေရမယ်။ ဖြစ်လာမှ ရောဂါရရင် ကျွန်တော်တို့ ဘာမှလုပ်လို့မရတော့ဘူး။

အဲဒီတော့ မဖြစ်ခင်က လုပ်ဖို့ဆိုတာက အခုမကြာခင် ဒါကို ကျွန်တော်တို့ ပြန်တွေ့ဖို့ လုပ်မယ်။ ကျွန်တော်တို့ လုပ်နေပါတယ်။ FDA ကတော့ တော်တော်လုပ်နေပါတယ်။ သို့သော်လည်း ကျွန်တော်တို့လုပ်တာကို ဒီပညာရေးဝန်ကြီးဌာနတို့၊ Custom တို့၊ ရဲတို့၊ ပြည်ထဲရေးတို့က ပံ့ပိုးရမယ်။ ကျွန်တော်တို့က တရားစွဲတယ်။ တရားစွဲတာ အမှုက တစ်လလောက်၊ (၁၀)လလောက်ကြာနေပြီ။ ဘာမှမဖြစ်ဘူး။ အဲဒီတော့ ဒီလိုကိစ္စမျိုးမှာ တရားစွဲပြီး အမှုချမယ်ဆိုရင် တစ်လအတွင်း အမှုကို တရားသူကြီးက အမိန့်ချမှတ်ရမယ်။ ဒါမှဖြစ်မယ်။ ဒီ တရားရေးကိစ္စမှာ ခုနစ်လ၊ ရှစ်လ၊ တစ်နှစ်မပြီးဘူး။ ဒီကြားထဲမှာ အများကြီးဖြစ်နေတယ်ဆိုတာလည်း အကုန်သိပါတယ်။ အဲဒီလိုသွားလို့ကတော့ မရပါဘူး။ ကျွန်တော်တို့ နိုင်ငံက ဒုံရင်းဒုံရင်းပဲဖြစ်မယ်။ အဲဒါကိုတော့ ပြတ်ပြတ်သားသားလုပ်ဖို့ လိုပါတယ်။

> **“ ဆိုးဆေး Industry Dyes တွေကို ရောင်းတဲ့လူတွေနဲ့ ဒီ အစားအသောက်ထုတ်လုပ်တဲ့သူတွေကိုတော့ ကျင့်ဝတ်နဲ့လုပ်ဖို့တော့ လိုပါမယ်။ အမြတ်တစ်ခုတည်း မကြည့်ပါနဲ့။ သူတို့သည် ဒါကို ရောင်းရင် တကယ့်တကယ်ကတော့ ဒါကိုရောင်းရင် အမှန်အတိုင်း ပြောရင် လူသတ်တဲ့သဘောပဲ ဖြစ်ပါတယ် ”**

### အစားအသောက်

နောက်တစ်ချက်က အခု ကျွန်တော်ပြောတဲ့ ပညာပေးတွေလုပ်ဖို့အတွက် ကျွန်တော်တို့က အကြီးအကျယ် လုပ်နေပါတယ်။ ဒီ စက်တင်ဘာ ၂၃ ရက်မှာ ကျွန်တော်တို့ Standardize Health Message ဆိုတဲ့ စာအုပ်ကြီးကို Range လုပ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံကလည်း သဝဏ်လွှာပို့ပါတယ်။ ဒီစာအုပ်ကြီးက ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ၂၀၀၀၀ ကျော်တဲ့ Basic Health Services Program ကျန်းမာရေးမှူးတွေ၊ BHS1၊ BHS2 ပြည်သူ့ကျန်းမာရေးလုပ်သား တစ်နှစ်၊ နှစ်နှစ်၊ သားဖွားဆရာမတွေ အကုန်လုံး ကိုင်ပါတယ်။ ကိုင်ပြီးတော့ အိမ်တိုင်ရာရောက်ပါ။ သူတို့အလုပ်က အိမ်တိုင်ရာရောက်ပါသွားတဲ့အလုပ်ပါပဲ။ အဲဒီမှာတွေ့ရင် သူတို့က ပညာပေးမယ်။ အဲဒါ တစ်ခုပဲရှိပါတယ်။ အဲဒီစာအုပ်ကြီးမှာ ကျွန်တော်က မြန်မြန်ထုတ်လိုက်တဲ့အတွက် သုံးခု ကျန်သွားပါတယ်။ အစားအသောက်ကျန်သွားတယ်။ တိုင်းရင်းဆေးကျန်သွားတယ်။ အားကစား။ အခုလုပ်နေပါပြီ။ လာမယ့် တစ်လအတွင်း ဒုတိယတွဲထွက်မှာပါ။ အဲဒါဆိုလို့ရှိရင် အစား အသောက်နဲ့ဟာတွေ အကုန်ပါတယ်။ ဘယ်အစားအသောက်က အန္တရာယ်ရှိတယ်။ အကုန်လုံးပါတယ်။

### Tablets တွေ

အဲဒီတော့ ဒီကိစ္စနှင့် ပတ်သက်လို့လည်း ဒီစာအုပ်ကြီးက ဒီလောက်လောက်ထူပါတယ်။ သူတို့ သယ်ဖို့အစက ရည်ရွယ်တော့၊ သယ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့အတွက် ကျွန်တော် Tablets တွေကို အခု ၃၀၀၀ ဝယ်မယ်။ နောက်လာမယ့် ခြောက်လအတွင်းကို ၁၅၀၀၀ ဝယ်မယ်။ သူတို့ကို Tablets နဲ့ပဲ ပေးတော့မယ်။ အကုန်လုံးကို။ သူတို့က ဒါလေးတွေကိုင်သွားမယ်။ အကုန်နှိပ်လိုက်ရင် အကုန်ပေါ်မယ်။ ဒီ Tablets ပေးခြင်းအားဖြင့် ခုန ကျွန်တော်ထပ်ပြီးတော့ ပညာပေးတာတွေကို ဒီက Electronic Keys ကနေ ဆက်ထည့်ပေးလို့ရ



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

တယ်။ App တွေ ထည့်ထားတယ်။ အဲဒီတော့ ဒီလိုလုပ်မှသာလျှင် ကျွန်တော်တို့ နိုင်ငံက ကျန်းမာရေးတိုးတက်မယ်။ ကျန်းမာရေးတိုးတက်ဖို့ဆိုတာ ကျန်းမာရေးအသိပညာကောင်းမှ တိုးတက်မယ်။ ကျန်တာတွေ လျှောက်လုပ်လို့ ဘယ်လိုမှမရဘူး။ ကျွန်တော်ဆိုလို့ရှိရင် အစားအသောက်ဝယ်လို့ရှိရင် Expire Date ကို ကြည့်လိုက်တယ်။ ထုတ်လုပ်တဲ့ ကုမ္ပဏီပါလား၊ တယ်လီဖုန်းနံပါတ်၊ ဒါမှ ကျွန်တော်ဝယ်တယ်။ ဒါမှမဟုတ်ရင် လုံးဝမစားဘူး။ အလားတူပဲ ပြည်သူတွေအားလုံး၊ အခု ကျောင်းတွေမှာရှိတဲ့ ကျောင်းသားများအားလုံးက ဒီလိုလုပ်မှုဖြစ်မယ်။ ကျောင်းတွေမှာကြည့်ရင် ကျွန်တော်တို့က ကျောင်းကျန်းမာရေးဆရာဝန်က သွားပြီးတော့ ဟောပြောမယ်။ ကိုယ်က ဟောပြောလို့မရပါဘူး။ Peer Group ပါ လုပ်ရမယ်။ ကျောင်းသားတွေကို ပြန်ပြောခိုင်းရမယ်။ ကျောင်းသားဆိုတာ အချင်းချင်းပြောတာကို ပိုပြီး နားထောင်တယ်။ ပိုလည်း လေးစားတယ်။ အဲဒီတော့ အဲဒါကိုလည်း ကျွန်တော်တို့က ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းပြီးတော့ ကျွန်တော်တို့ လုပ်ဖို့ရှိတယ်။ မဟုတ်လို့ရှိရင်တော့ မရပါဘူး။

### ကျန်းမာရေးပညာ

နောက်တစ်ချက်က ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးမှာ Basic Plan ရှိပါတယ်။ Agent Host Environment ဆိုတော့ ရောင်းတဲ့သူတွေကိုလည်း ပညာပေးရမယ်။ ရောင်းတဲ့လူကိုပဲ ပညာပေးတယ်ဆိုတာ ကျင့်ဝတ်။ ခင်ဗျားတို့ အမြတ်တစ်ခုတည်းကိုပဲ မကြည့်ပါနဲ့။ ခင်ဗျားတို့ ဒီဟာကို ရောင်းခြင်းအားဖြင့် ခင်ဗျားတို့ ကလေးတွေကလည်း အခြားကျောင်းတွေမှာ ရှိမှာပါပဲ။ စားမှာပါပဲ။ ရေရှည်မှာ ဒုက္ခရောက်မယ်။ ဒီဟာတွေကို လုပ်ရမယ်။ အဓိကကတော့ ပညာပေးလုပ်ငန်းတွေကို လုပ်ရမှာပါ။ အကောင်းဆုံးနှင့် အထိရောက်ဆုံး ငွေကြေးအသက်သာဆုံးကတော့ ခုနက ကျန်းမာရေးပညာ (Health Literacy Level) ကို ကျွန်တော်တို့က လုံးဝမြှင့်ရမယ်။ ဒါ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ ဒါတွေလည်း လုပ်နေပါတယ်။ လုပ်နေပေမယ့် အခုဆိုလို့ရှိရင် ပထမဆုံး သတင်းစာထဲမှာ လွှတ်တော်ကိုယ်စားလှယ်တွေ တွေ့မှာပါ။ စစ်ကိုင်းတိုင်းကစပြီး လုပ်ပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ပါတယ်။ လူမှုရေးဝန်ကြီး တက်ပါတယ်။ Standardize Health Message ဆိုတဲ့ စာအုပ်ကြီးကို Range လုပ်တာပါ။ ပြည်နယ်နှင့်တိုင်း အကုန်လုံး တစ်ခုပြီးတစ်ခု သွားမှာပါ။ ကျွန်တော်တို့က စလုပ်နေပါတယ်။

### ကင်ဆာအစ

ဒီဥစ္စာကတော့ ကျွန်တော်ဆိုလိုတာက အခု မလုပ်လို့ရှိရင် ရေတိုမှာ ဒုက္ခရောက်မယ်။ ဝမ်းလျှောမယ်။ ရေရှည်မှာတော့ ခုနပြောတဲ့ အသည်းကင်ဆာအစ ကျောက်ကပ် အကုန်လုံးသွားမှာပါ။ လုပ်တဲ့အခါမှာ ကျွန်တော်တို့က ဒီနေရာမှာဘဲ တင်ပြချင်တာက FDA တစ်ခုတည်း လုပ်လို့မရဘူး။ ကျောင်းကျန်းမာရေးကို ကျောင်းဆရာက လုပ်လို့မရဘူး။ မြန်မာနိုင်ငံ စားသုံးသူများအသင်းကလည်း ပါဝင်မယ်။ သူတို့က တစ်ပြည်လုံးမှာရှိတယ်။ စောစောတုန်းက ဦးဘအုန်းပေါ့၊ ဦးဘအုန်းနဲ့ ကျွန်တော်တွေ့ပြီးပါပြီ။ ဘယ်လိုလုပ်မယ် ကျွန်တော်တို့ စဉ်းစားနေပါတယ်။ နောက်တစ်ခါ ပြည်တွင်းမှာရှိတဲ့ NGO တွေ အများကြီးရှိပါတယ်။ ဒီ NGO တွေကိုလည်း ကျွန်တော်က ပညာပေးပြီး သူတို့သွားတဲ့အခါမှာ အကုန်ပညာပေးရမယ်။ နောက်တစ်ချက်က ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှာတော့ FDA က ပေးမယ်။ Lab တွေပေးမယ်။ နောက် Media တွေပါရမယ်။ ဒီဟာပေါင်းလုပ်မှရမယ်။ ကျွန်တော်တို့ FDA က တစ်နေ့ကို ၄၈ ယောက်လောက် လုပ်တာတောင် မရနိုင်ပါဘူး။ Media က အလွန်အရေးကြီးပါတယ်။ ဒါတွေ အကုန်ပါရမှာဖြစ်တဲ့အပြင် အဓိကကတော့ ကျောင်းပဲ။ ကျောင်းသား၊ မိဘ၊ ဆရာအသင်းတွေပါရမယ်။ ဆေးဆိုင်တွေပါရမယ်၊ ကျွန်တော်တို့က မန္တလေးမှာဆိုရင် ဒီလိုလုပ်ပါတယ်။ ဒီဓာတုဆိုးဆေး ကင်းစင်တဲ့ဟာကို Approve လုပ်တယ်။ ဒါ ကပ်ပေးလိုက်တယ်။ အကယ်၍ ကပ်ပေးပြီးသား တစ်သက်လုံး မဟုတ်ဘူး။ ရံဖန်ရံခါ စစ်လို့တွေ့ရင် ဒါကို ပြန်ဖြုတ်မယ်၊ ဒါကို ဆိုင်တွေကလည်း ဂုဏ်ယူတယ်။ သူ့ဆိုင်ရှေ့မှာ ဒါကပ်လို့ရှိရင် လူတော်တော်များများက သူ့ဆိုင်မှာ လာဝယ်တော့မယ်။ မန္တလေးမှာ ကျွန်တော်တို့ စလုပ်တာပါ။ နောက်ပိုင်းလည်း ကျွန်တော်တို့ လုပ်ဖို့ရှိပါတယ်။

### ရှောင်တခင်ဝင်စစ်

ဒါတွေက Project တင်ဒါတွေက ကျွန်တော် မပြောတော့ပါဘူး။ အများကြီးရှိပါတယ်။ နောက်တစ်ချက်က ဘယ်လို စီစဉ်ဆောင်ရွက်နေတယ်ဆိုတာကတော့ ကျွန်တော်တို့က ၂၀၁၇ ခုနှစ်ကို The Year of Post Market Surveillance ဈေးကွက်ထောက်လှမ်းရေးကို ပိုပြီးလုပ်တဲ့နှစ်လို့ သတ်မှတ်ထားပြီး ဒါ ကနဦးနှစ်ပါ။ ဆက်တိုက် ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ ကျွန်တော်တို့ သွားတော့မယ်။ Post Marketing Service ဆိုတာ အလွန်အရေးကြီးပါတယ်။ ရံဖန်ရံခါ ရှောင်တစ်ခင်ဝင်စစ်၊ ပြီးတော့ တွေ့တာကို အရေးယူ၊ ဒါတွေကို ကျွန်တော်တို့ လုပ်ပါတယ်။ အကြောင်းကြားမယ်။ ရှောင်တစ်ခင်ဝင်စစ်မယ်။ အဲဒီတော့ ဌာနပေါင်းစုံဖြစ်တဲ့အတွက် ကျွန်တော်တို့ စစ်တဲ့အခါမှာလည်း လွှတ်တော်ကိုယ်စားလှယ်က မြင်တယ်။ ကျွန်တော်တို့ FDA က ယူနီဖောင်းလေးတွေနှင့် ဦးထုပ်နှင့် ဒါတော်တော်လေး သေသေသပ်သပ်ဖြစ်ပါတယ်။ ဒါ တော်တော်ကောင်းတဲ့ဟာဖြစ်ပါတယ်။ ကျွန်တော် စစ်တာတွေကတော့ မပြောတော့ပါဘူး။ ၂၀၁၇ ခုနှစ်မှာဆိုရင် အစားအသောက်၊ ကျောင်းတွေက နမူနာပေါင်း ၁၁၃၄၀ ရှိပြီး ၁၀၈၄ ခုဟာ စားသုံးဖို့မသင့်တာတွေ တွေ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်ကတည်းက ၂၀၁၅-၂၀၁၆ မှာလည်း စစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာဆိုရင်လည်း နမူနာ ပြည်နယ်နဲ့တိုင်း အကုန်ပြည့်သွားပါပြီ။ အကုန်လုံးစစ်တာ။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ အစားအသောက်နမူနာ ၂၂၇၈ ခု စစ်တဲ့အခါမှာ နည်းနည်းတော့ လျော့လာပြီး ၂၅ မျိုးမှာပဲ တွေ့တော့တယ်။ ဒါ တဖြည်းဖြည်း ဆက်ပြီးတော့ ထိန်းဖို့လိုပါတယ်။ အဲဒါလေးတွေ ကျွန်တော်တို့ လုပ်ပါတယ်။ လုပ်တဲ့အခါမှာ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ နောက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီတွေ အကုန်ပေါင်းပြီး လုပ်ပါတယ်။

### ဓာတုဆိုးဆေး

နောက်တစ်ချက်က ဒုတိယအချက်အနေနဲ့ကတော့ နိုင်ငံခြားဘာသာသပ်သပ်နဲ့ ရေးသားထားတဲ့ အစားအသောက်တွေနဲ့ စပ်လျဉ်းပြီး မြန်မာဘာသာနဲ့ ရေးသားဖော်ပြရမည်ဆိုတာကတော့ ကျွန်တော်တို့မှာ ဥပဒေမရှိသေးပါဘူး။ ဒါက အရေးကြီးတဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့ တစ်ယောက်တည်း လုပ်လို့မရပါဘူး။ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရော၊ အခြား သက်ဆိုင်ရာအသင်းအဖွဲ့တွေကလည်း အကြံဉာဏ်ပေးပြီးမှ ဘယ်လိုလုပ်သင့်တယ်ဆိုတာကို စဉ်းစားဖို့လိုပါတယ်။ နောက် နေပြည်တော်မှာလည်း ကျွန်တော်တို့ လုပ်ပါတယ်။ အခု ကျောင်းတွေ အများကြီးစစ်ပါတယ်။ နောက်တစ်ခုက အထည်အလိပ် ဓာတုဆိုးဆေးမှာ ဈေးကွက်အတွင်း အလွယ်တကူ သုံးစွဲနိုင်ခြင်းဆိုတာကတော့ နိုင်ငံတကာမှာ ဒါကို ထိန်းချုပ်ထားတာ မရှိပါဘူး။ လွတ်လပ်စွာ ရောင်းလို့ရပါတယ်။ အဲဒီတော့ ဒီဟာကို လွတ်လပ်စွာ ရောင်းလို့မရအောင်ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ ကျွန်တော်တို့ ဘယ်သူ့ကိုပဲ ရောင်းရမယ်ဆိုတာကို သီးသန့်လုပ်ရင်ရပါတယ်။ လာဝယ်တဲ့သူသည် ဆိုးဆေးလုပ်တဲ့ ဒီဆေးဆိုးပန်းရိုက်လူတွေကိုပဲ ရောင်းရမယ်။ ကျန်တဲ့လူတွေ လာဝယ်လို့ရှိရင် မရောင်းရဘူးဆိုတာကိုတော့ ဥပဒေနှင့် လုပ်လို့ရပါတယ်။ ကျွန်တော်တို့ လုပ်လို့မရပါဘူး။ တရားရေးဘက်က အကုန်လုံးပေါင်းပြီးတော့ လုပ်ရမှာ၊ လွှတ်တော်လည်းပါမယ်။ တရားရေးလည်းပါမယ်။ ဘယ်လိုလုပ်မလဲ။ ဒါ အလွန်အရေးကြီးပါတယ်။ မဟုတ်လို့ရှိရင် လက်လွှတ်စပယ်နဲ့ ဒီမှာလည်း ပိုအရေးကြီးတာက နယ်စပ်မှာရှိတဲ့ Custom မှာ ဒါကို သိမ်းရမယ်။ ဝင်လာလို့ရှိရင် ဘယ်ကိုပေးမှာလဲ။ ပေးမယ့်လူမရှိဘူး။ သူရောင်းတော့မယ်ဆိုရင် ဒါကို သိမ်းကို သိမ်းပစ်ရမယ်။ ရောင်းတာက တကယ့် ကျွန်တော်တို့ အစိုးရကို မှတ်ပုံတင်ထားတဲ့ ဓာတုဆိုးဆေးတွေကို ရောင်းခွင့်ပေးတဲ့လူကိုပဲ သွင်းခွင့်ပေးရမယ်။

### Custom

မဟုတ်လို့ရှိရင် ဒီဟာ Custom က ကျော်ဖြစ်တာနဲ့ ဘယ်ရောက်သွားမလဲ ကျွန်တော်တို့ မသိဘူး။ မသိရင် အကုန်လုံးဝယ်တော့မယ်။ အဲဒါက အရင် ကျွန်တော်တို့က Custom နဲ့ လုပ်ဖို့လိုပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ တတိယမေးခွန်းဖြစ်တဲ့ Township Food and drug Supervising ကော်မတီပါ။ အစားအသောက် ဆေးဝါးနှင့် မြို့နယ်ကြီးကြပ်ရေးကော်မတီက ကျွန်တော်တို့က အခုမှ ကျွန်တော်တို့က ခရိုင်အဆင့်အထိပဲ ရောက်ပါသေးတယ်။ မြို့နယ်အဆင့် ကျွန်တော်တို့က Food and drug က မရောက်သေးပါဘူး။ အဲဒီတော့ ခရိုင်အဆင့်က လူတွေကနေပြီးတော့ ဒါကို ကူညီပြီး လုပ်ပေးနေတာဖြစ်ပါတယ်။ အဲဒီကော်မတီက ရုံးတွေ မရှိသေးပါဘူး။ အဲဒီတော့ ရုံးမရှိတဲ့အတွက် ကျွန်တော်တို့ ကော်မတီနဲ့ စပြီးတော့ ဆက်လက်လုပ်နေခြင်းဖြစ်ပါတယ်။ ကျွန်တော် ဒီကော်မတီမှာဆိုလို့ရှိရင် မြို့နယ်ကျန်းမာရေးဦးစီးမှူး Township Medicine Officer က ဥက္ကဋ္ဌ လုပ်ပါတယ်။ လက်ထောက်ကျန်းမာရေးမှူးပါတယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးပါတယ်၊ ပြည်သူ့ရဲပါတယ်၊ မြို့နယ်စည်ပင်ပါတယ်၊ မြို့နယ်မွေးမြူရေးအဖွဲ့ပါတယ်၊ တော်တော်တော့ ကောင်းပါတယ်။ သူတို့လုပ်နေပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ဒီကိစ္စအတိုင်းအတာက တစ်နိုင်ငံလုံး ပြည်သူ့ကျန်းမာရေး ဒီအတိုင်းသာနေမယ်ဆိုရင်

စာမျက်နှာ ၁၀ သို့ ☆

# ရုပ်ရှင်အနုပညာသမားများက ရိုက်ကူးထုတ်လုပ်လိုက်သည့် အနုပညာလက်ရာသည် ပရိသတ်ကို တာဝန်ခံရမှာဖြစ်



**ရန်ကုန် ဖေဖော်ဝါရီ ၃**
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် Forever Group ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲများ (Forum on the Transformation of Censorship System) ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ PARKROYAL ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် "စာပေကို ပုံနှိပ်ခြင်း မပြုမီ ကြိုတင်စိစစ်တဲ့စနစ်ကတော့ ကမ္ဘာမှာ လွတ်လပ်ခွင့် အင်မတန် နည်းပါးတဲ့ တိုင်းပြည်တွေမှာသာ ကျင့်သုံးတာဖြစ်ပါတယ်။ သို့သော် ရုပ်ရှင်မှာတော့ ဆင်ဆာကို ကမ္ဘာမှာ အလွတ်လပ်ဆုံးဆိုတဲ့ တိုင်းပြည်တွေမှာလည်း ကျင့်သုံးနေသေးတာတွေ ရှိပါတယ်။ သို့သော် ကျင့်သုံးရာမှာ စနစ်တွေ၊ နည်းစနစ်တွေတော့ ကွာခြားသွားတာတွေတော့ ရှိပါတယ်။

"ကျွန်တော်တို့ ဒီနေ့ Transformation of Censorship System နဲ့ ပတ်သက်ပြီး ရုပ်ရှင်မှာ စိစစ်နေတဲ့ ဆင်ဆာစနစ်ကို ဘယ်လို စနစ်၊ ဘယ်လိုပုံသဏ္ဌာန်နဲ့ ပြုပြင်ပြောင်းလဲသွားမလဲ ဆွေးနွေးကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ယမန်နေ့က ဦးဇင်ဝိုင်းအပါအဝင် ရုပ်ရှင်အစည်းအရုံးရဲ့ ကိုယ်စားလှယ်တွေနဲ့ တွေ့တဲ့အခါမှာ ဆင်ဆာက မရှိသင့်ဘူး၊ မလိုအပ်ဘူးဆိုတဲ့ အတိုင်းအတာအထိတော့ ပြောဆိုတာ မကြားရပါဘူး။ သူတို့လည်း ဒါသည် ရှိတော့ရှိရမယ်။ သို့သော် ဘယ်လိုဘယ်ပုံရှိသင့်တယ်ဆိုတဲ့ အနေအထားမျိုးတော့ ပြောဆိုတာ တွေ့ရပါတယ်။

"ဒီနေ့ ဆွေးနွေးပွဲမှာ နိုင်ငံခြားပညာရှင်တွေလည်း ပါတဲ့အတွက် နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့စနစ်တွေ၊ ကျွန်တော်တို့ဆီမှာ အရင်ကျင့်သုံးခဲ့တဲ့ အတွေ့အကြုံတွေကို အခြေခံပြီး အရင်ဖြေလျှော့မယ်၊ နောက်ထပ် ဘယ်လောက်ဖြေလျှော့မလဲ စသဖြင့် ဆွေးနွေးကြလိမ့်မယ်လို့ ကျွန်တော်မြင်ပါတယ်။ ဆင်ဆာနဲ့ ပတ်သက်ပြီး တစ်စွန်းတစ်စ နားလည်သလောက် ပြောမယ်ဆိုရင် အနုပညာသည် အများကြားထဲကို တင်ပြရတာဖြစ်ပါတယ်။ အများကြားထဲကို တင်ပြရတာဖြစ်တဲ့အတွက် တစ်နည်းပြောမယ်ဆိုရင် ရုပ်ရှင်အနုပညာသမားများက ရိုက်ကူးထုတ်လုပ်လိုက်တဲ့ အနုပညာလက်ရာသည် အစိုးရကို တာဝန်ခံရမှာ မဟုတ်ပါဘူး။ အနုပညာသမားက သူ့လုပ်ရပ်အတွက်ကို အစိုးရ စသဖြင့် အဲဒီလိုအဖွဲ့အစည်းတွေကို တာဝန်ခံရတာ မဟုတ်ပါဘူး။ အများပြည်သူ သို့မဟုတ် ပရိသတ် သို့မဟုတ် လူထု ဒါကို တာဝန်ခံရတာဖြစ်ပါတယ်။

"တာဝန်ခံတယ်ဆိုတာ အဲဒီလူထု လက်ခံနိုင်တဲ့ အတိုင်းအတာကို ထည့်စဉ်းစားဖို့ လိုပါတယ်။ အစိုးရကို တာဝန်ခံရတယ်ဆိုရင် အစိုးရလက်ခံဖို့ လိုပါတယ်။အများပြည်သူကို တာဝန်ခံရတယ်ဆိုတာ အများပြည်သူ လက်ခံဖို့ လိုပါတယ်။ သို့သော် လူနည်းစုလက်မခံပေမယ့် အများစုလက်ခံရင် ကိစ္စမရှိပါဘူး။ အများစုလက်မခံနိုင်တဲ့ အလုပ်မျိုးကိုတော့ လုပ်လို့မရဘူးဆိုတာ အားလုံးလည်းသိပါတယ်။ အဲဒီလို တာဝန်ခံရတဲ့ အပိုင်းတော့ရှိပါတယ်။

"အနုပညာဖန်တီးသူများသည် မိမိတို့ ပရိသတ်အပေါ်မှာ တကယ်ကတော့ တာဝန်ခံသင့်ပါတယ်။ တာဝန်ရှိတယ်လို့လည်း မြင်ပါတယ်။ တစ်ချိန်တည်းမှာ မိမိတို့ လုပ်ငန်းကြီးတည်တံ့ရေး၊ ထွန်းကားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ကြည့်ရှုပြီး မိမိတို့လောကသား အချင်းချင်းကြားထဲမှာလည်း မိမိတို့ ဘာသာထိန်းသိမ်းတဲ့နည်းနဲ့ ကိုယ့်လောကရဲ့ Image ကိုလည်း တည်ဆောက်ရမယ်လို့ မြင်ပါတယ်။ ဒီနည်းနဲ့သာလျှင် အနုပညာကိုဖြစ်စေ၊ ရုပ်ရှင်ကိုဖြစ်စေ ထွန်းကားရှင်သန်နိုင်မယ်လို့ မြင်ပါတယ်။

"ကျွန်တော်တို့သည် လွတ်လပ်မှုကို လိုလားပါတယ်။ လွတ်လပ်မှုကို အားပေးမြှင့်တင်ချင်တဲ့သူတွေ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း ရုပ်ရှင်အပါအဝင် စာပေ စသဖြင့် အနုပညာရပ်တွေ လွတ်လပ်မှုတိုးတက်အောင် ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးဖို့ အဆင်သင့်ရှိပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ အရင်အစဉ်အဆက်က ရှိခဲ့တဲ့ ဥပဒေ ပြဋ္ဌာန်းထားတာတွေ ရှိပါတယ်။ ရုပ်ရှင်သမားများနဲ့ ဆွေးနွေးတဲ့အခါ ဆင်ဆာစနစ်ကိုဖြစ်စေ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အနေအထားတွေရဖို့ ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်တဲ့ နည်းသာလျှင် အကောင်းဆုံးဖြစ်ပါတယ်။ ဒါကြောင့် ရုပ်ရှင်ဥပဒေ အမြန်ဆုံးပြီးစီးအောင်မြင်အောင် ဆောင်ရွက်ဖို့ လုပ်ဆောင်နေတာတွေရှိပါတယ်။ ကြားကာလအတွင်းမှာ ဆင်ဆာနဲ့ ပတ်သက်ပြီး အခုထက်ပိုပြီး သက်သာဖို့၊ အဆင်ပြေဖို့၊ ပြဿနာနည်းဖို့ကို ဘယ်လိုဆောင်ရွက်မလဲ ဆိုတာကို ဒီနေ့မှာ ဆွေးနွေးစေချင်ပါတယ်။ ကျွန်တော်တို့လည်း ဆွေးနွေးနေတာရှိပါတယ်။ ဒီဆွေးနွေးချက်တွေကို အခြေခံသုံးသပ်ပြီး အခုရှိနေတဲ့ တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့ ပကတိလိုအပ်ချက်တွေနဲ့ မူတည်ပြီး အဆင်ပြေအောင် ဘယ်လိုညှိနှိုင်းဆောင်ရွက်သွားကြမလဲ နည်းလမ်းရှာပြီး အကောင်းဆုံးဖြစ်အောင် အထူးသဖြင့် ဒီကြားကာလမှာ ဆောင်ရွက်ပါ့မယ်လို့ ပြောချင်ပါတယ်။

"ရုပ်ရှင်အစည်းအရုံးက ပုဂ္ဂိုလ်များအနေနဲ့လည်း စည်းမျဉ်း၊စည်းကမ်းတွေကို သေချာလေ့လာကြည့်ရှုပြီး ရှိနေတဲ့ စည်းကမ်းတွေကို မချိုးဖောက်ဘဲ အခုရှိတဲ့ အနေအထားထက် ပိုလွတ်လပ်ခွင့်ရအောင် ဘယ်လိုလုပ်နိုင်မလဲ နည်းလမ်းများ ရှာကြံပြီး ကျွန်တော့်ကို အကြံပြုပါ၊ ဆွေးနွေးပေးပါ။ အဲလိုဆိုရင် ကျွန်တော်တို့လည်း ပူးပေါင်းပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လို့ ရပါလိမ့်မယ်လို့ ပြောချင်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာသန်းဝင်း ၊ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးသိမ်းဆွေနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက စည်သူ ဦးကြည်စိုးထွန်းတို့က ရုပ်ရှင်ဥပဒေ၊ ဆင်ဆာမူဝါဒများ၊ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ရုပ်ရှင်လောက၏ အနာဂတ် မျှော်မှန်းချက်ကို အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး ဒါရိုက်တာအလွှာမှ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး (၁) အကယ်ဒမီဦးဇော်မြင့်ဦးက ဆင်ဆာမူဝါဒများနှင့် ရုပ်ရှင်လောကသားတို့၏ ဆန္ဒစာတမ်း၊ ဇာတ်ညွှန်းအလွှာမှ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရုပ်ရှင်ပညာဌာနမှူး(ငြိမ်း)အကယ်ဒမီ ဦးကိုကိုလေးက ဆင်ဆာမူဝါဒကို လေ့လာသုံးသပ်၍ အကြံပြုတင်ပြခြင်းနှင့် ထုတ်လုပ်သူအလွှာမှ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း)ဦးသိန်းထွန်းအောင်က တီထွင်ဖန်တီးထုတ်လုပ်မှု အနုပညာလုပ်ငန်းများနှင့် သက်ဆိုင်သော ဆင်ဆာကြည့်ရှုစိစစ်သည့်အဖွဲ့မှ ထားရှိရမည့် သဘောထား စသည့် စာတမ်းများကို ဖတ်ကြားကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်လည်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာဆွေးနွေးပွဲများ (Forum on the Transformation of Censorship System)ကို ဆက်လက်ကျင်းပရာ ထိုင်းနိုင်ငံ (Head Censorship of CH3,Thailand) မှ Mr. Prapat Supthaveethanakij ၊ ကိုရီးယားနိုင်ငံ (Director – General, Korea Media Rating Board)မှ Choon Sung , HAM ကိုယ်စား Ms.Minhee Kim ၊ ဖိလစ်ပိုင်နိုင်ငံ (Board Member of MTRCB Chairman , The Close – Captioning Committee) မှ Ms. Elizabeth Rose Siguion – Reyna နှင့် (Board Member of MTRCB Chairman of the Revision of Laws Committee Member of the Adjudication Committee (MTRCB) မှ Ms. Atty . Maria Gabriela Concepcion တို့က နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အသက်အပိုင်းအခြားပေါ်တွင် သတ်မှတ်သော ဆင်ဆာကြည့်ရှုမှု စစ်ဆေးမှုစနစ်နှင့် ပတ်သက်၍ ပြည်ပပညာရှင်များက ရုပ်ရှင်အနုပညာ၊ အတတ်ပညာပိုင်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌနှင့် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများ၊ နိုင်ငံတကာပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာဆွေးနွေးပွဲနှင့် သင်တန်းများကို ယခုနှစ်အတွင်း ငါးကြိမ်ကျင်းပသွားမည်ဖြစ်ပြီး ယခုကျင်းပသည့် Forum on the Transformation of Censorship System ဆွေးနွေးပွဲသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော် သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆိုတီးဝိုင်းတို့ ပူးပေါင်းဖျော်ဖြေ တင်ဆက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**
ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော် သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. YUNOSUKE YAMAMOTO (Conductor&Composer) ဦးဆောင်သည့် ဂျပန်အနုပညာရှင် ၁၁ ဦးပါဝင်သော အနုပညာရှင်အဖွဲ့ဝင်တို့ ပူးပေါင်းဖျော်ဖြေတင်ဆက်မည့် " Myanmar National Symphony Orchestra Concerts 2018"ဖျော်ဖြေပွဲများကို Gitameit Chorus, Univoice Music Team Choir, Japan Culture House Chorus အဖွဲ့တို့နှင့်အတူ ဖေဖော်ဝါရီ ၆ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော် MICC-II ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ရာ ဂန္ထဝင်ဂီတဆည်းဆာ ဖျော်ဖြေပွဲများသို့ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖုန်း ၀၉-၅၀၀၆၅၅၂၊ ၀၁-၅၃၄၀၁၂၊ ၀၁-၅၂၇၁၂၂၊ လိုင်းခွဲ - ၁၄၉ နှင့် ဂျပန်သံရုံး ဖုန်း ၀၁-၅၄၉၆၄-၄၈၊ info.cul@yn. mofa .go.jo တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၉ မှ

ကျွန်တော်တို့ တစ်နိုင်ငံလုံး ပြည်သူတွေရဲ့ ကျန်းမာရေးဟာ တဖြည်းဖြည်းကျဆင်းလာပြီး တစ်ချိန်ချိန်မှာတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားပညာ ဘယ်လောက်လုပ်လုပ် မကယ်တင်နိုင်တဲ့အခြေအနေကို ရောက်လာနိုင်ပါတယ်။ ရောဂါတွေ မျိုးစုံဖြစ်ပြီးတော့။ အဲဒါကြောင့် နောက်တစ်ချက်ကတော့ ကျွန်တော်တို့က ရောင်းတဲ့လူတွေနှင့် ခုနက ပြောတဲ့ ဆိုးဆေး Industry Dyes တွေကို ရောင်းတဲ့လူတွေနှင့် ဒီအစားအသောက် ထုတ်လုပ်တဲ့ သူတွေကိုတော့ ကျင့်ဝတ်နှင့်လုပ်ဖို့တော့ လိုပါမယ်။ အမြတ်တစ်ခုတည်း မကြည့်ပါနှင့်။ သူတို့သည် ဒါကို ရောင်းရင် တကယ့်တကယ်ကတော့ ဒါကိုရောင်းရင် အမှန်အတိုင်းပြောရင် လူသတ်တဲ့သဘောပဲ ဖြစ်ပါတယ်။ Slow Killing ပေါ့။ ဖြည်းဖြည်းချင်း လူသတ်တဲ့သဘော ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဒီကိစ္စကို Top ပေါ့။ ပထမဦးစားပေး အနေနဲ့ ဆက်လက်ပြီး ဒီလာမယ့် ၂၀၁၈ မှာ အဓိကထားပြီး လုပ်မယ်ဆိုတာကို ကျွန်တော် တင်ပြလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ ဒါ ပထမဆုံး မေးခွန်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ပထမဆုံးဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ကြည်ညွန့်ရဲ့ မေးခွန်းအပေါ်မှာ ပြည်ထောင်စုဝန်ကြီးက သေချာဖြေသွားပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ဒါ ဝန်ကြီးရဲ့ ဖြေကြားချက်အရဆိုရင် ဒါ အမျိုးသားကျန်းမာရေးနှင့် သက်ဆိုင်တယ်။ သက်ဆိုင်တော့ ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်း မဟုတ်ဘဲနှင့် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်တဲ့ အနေအထားဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနှင့်လည်း သက်ဆိုင်တယ်။ ဘာလို့လဲဆိုတော့ ကျောင်းတွေလည်းလိုတယ်။ ဆရာ မိဘတွေ၊ ဆရာ ဆရာမတွေကိုပါ ပညာပေးမယ်ဆိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ တာဝန်လည်းဖြစ်တယ်။ ကိုယ့်မဲဆန္ဒနယ်မှာ ကိုယ်ပြန်ပြီးတော့ ကိုယ့်မိဘတွေ၊ ကျောင်း ဆရာ ဆရာမတွေကို ဒီလို စည်းရုံးနိုင်ဖို့ အနေအထားမျိုး လိုအပ်သွားတဲ့အနေအထားမျိုး ဖြစ်တယ်။ ဒါကလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ဒါမှတ်သားထားပေးပါ။ ဒါဝန်ကြီးဖြေတာ တော်တော် ကောင်းပါတယ်။ အမျိုးသားကျန်းမာရေးနှင့် ပတ်သက်လို့။ အဲဒီတော့ ကျွန်တော်တို့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း မိမိတို့ မဲဆန္ဒနယ်ပြန်ရောက်လျှင် ဒါ ခုနက ဝန်ကြီး ပြောသွားသလိုပဲ ပညာပေးနိုင်ဖို့ ဆောင်ရွက်ပေးပါ။ ကျွန်တော် ဒါ ဝန်ကြီးကိုလည်း မေတ္တာရပ်ခံချင်တာက ဝန်ကြီးတို့ရဲ့ ဆောင်ရွက်ချက် ကလေးတွေကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး တိတိကျကျလေး သိနိုင်အောင်ပေါ့။ ဘယ်လိုလုပ်သင့်တယ်။ ဝန်ကြီးတို့ဌာန ဘယ်လိုလုပ်တယ်ဆိုတာလေးကို လာပြီးတော့ ဟောပြောပွဲလေး တစ်ခုလောက် ပညာရှင်တွေ ဒါလေးကို လာလုပ်ပေးဖို့ မေတ္တာရပ်ခံပါတယ်။

# ပြည်ထောင်စုကြီး၏ နေရာအနှံ့အပြားမှ ရောက်ရှိနေကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် ရင်တွင်းစကားသံများ

**"ရင်းနှီးတဲ့ နွေးထွေးတဲ့ အပြုံးများနဲ့ ဆုံတွေ့ကြတဲ့အခိုက်မှာ ကောင်းခြင်းတွေ အတူတူဝေမျှစို့" "အနီးလေးက အဝေးကြီးက သွေးချင်းများဆုံတွေ့ကြတဲ့အခိုက်မှာ ကောင်းခြင်းတွေ အတူတူပိုင်ကြစို့"ဆိုသည့် တေးသံရှင် နီနီခင်ဇော်၏ "ခိုင်မြဲသော ယုံကြည်ခြင်းခရီး" တေးသီချင်းနှင့် "ယုံကြည်မှုဟာ-ငြိမ်းချမ်းရေးအတွက်-အလွန်အရေးကြီးတာ-ယုံကြည်မှုဟာ-ငြိမ်းချမ်းရေးအတွက်-အရေးကြီးတဲ့-တွန်းအားတစ်ရပ်ပါ-ယုံကြည်မှုဟာ-တိုးတက်ခြင်းအတွက်-အလွန်အရေးကြီးတာ" ဆိုသည့် တေးသံရှင် မို့မို့လွင်၏ "ရွှေမြန်မာသာယာငြိမ်းချမ်း" တေးသီချင်းသံများက နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ ပတ်ဝန်းကျင်နေရာအနှံ့အပြားတွင် ပျံ့လွင့်နေသည်။**


မောင်အဝွန်း


စောအောင်စိုးမိုး


မလျာကျင်းမွမ်းဟွဲ


မခင်စုလှိုင်


မနိုနိုထက်ကို


နန်းစန်းသီတာထွေး


နန်းမြစန္ဒာ


ဦးခင်မောင်ဝင်း

အဆိုပါ တေးသီချင်းများနှင့်အတူ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံတွင် ဖျော်ဖြေကြမည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ အဆို၊ အကများနှင့် ရိုးရာဝလေ့များ ဖော်ကျူးဇာတ်တိုက်လေ့ကျင့်မှုများကို မြင်တွေ့နေရသည်။

ထိုသို့ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲ အခမ်းအနားအပြီးတွင် ဖျော်ဖြေကြမည့် ပြည်ထောင်စုကြီး၏ နေရာအနှံ့အပြားမှ ရောက်ရှိနေကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် ရင်တွင်းစကားသံများမှာ-

**မောင်အဝွန်း (ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်တော်တို့အဖွဲ့မှာ ၂၈ ဦးပါဝင်ပါတယ်။ ဇန်နဝါရီ ၃၁ ရက် မနက်ပိုင်းက နေပြည်တော်ရောက်ပါတယ်။ တိုင်းရင်းသားအားလုံးကို တစ်နေရာတည်းမှာ တွေ့ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာကြည်နူးမိပါတယ်။ နိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစိတ်ဓာတ်ရှိမှသာ ပြည်ထောင်စုဆိုတဲ့ အဓိပ္ပာယ်က ပြည့်စုံမယ်လို့ ခံယူပါတယ်။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်မှာ ဖေဖော်ဝါရီ ၁၁ ရက်မှာ ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးရဲ့ ဝတ်စားဆင်ယင်မှုနဲ့ နေထိုင်ပုံတွေကို အားလုံးကို ချပြခွင့်ရတဲ့အတွက် အလွန်ပဲ ဝမ်းသာမိပါတယ်။

**ခူးဘောရယ် (ကယားရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်တော်တို့အဖွဲ့က ဖားစည်သီချင်းနဲ့ဖျော်ဖြေမှာဖြစ်ပါတယ်။ ပြည်ထောင်စုဆိုတာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုကို ဖော်ဆောင်တယ်လို့မြင်ပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့လ ၁၅ ရက်ကစပြီး ၃၀ ရက်နေ့အထိ အကတိုက်ခဲ့ရပါတယ်။ နေထိုင်စားသောက်ရေး အားလုံး အဆင်ပြေပါတယ်။

**ဦးနောက်ယူ (ကယန်း ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကယန်းလူမျိုးစုအနေနဲ့ သွေးချင်းညီအစ်ကိုသီချင်းနဲ့ သီဆိုဖျော်ဖြေမှာပါ။ တိုင်းရင်းသားအားလုံး စိတ်ဓာတ်ညီညီလက်တွဲချင်တယ်။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး အေးအတူ ပူအမျှ အတူတူ စုပေါင်းနေထိုင်မှုကို လိုချင်တယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လုပ်နေတဲ့ ငြိမ်းချမ်းရေးအောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

**စောအောင်စိုးမိုး (ကရင်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

"ပြည်တိုင်းဌာနေစည်ပင်ဖို့ တို့တစ်တွေကြိုးပမ်းစို့" ဆိုတဲ့ သီချင်းနဲ့ ဖျော်ဖြေမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားတွေအားလုံး ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံး အတူရှိနေချင်ပါတယ်။ နေပြည်တော်က ညီအစ်ကို မောင်နှမတွေနဲ့တွေ့ရလို့ ပျော်ပါတယ်။

**မလျာကျင်းမွမ်းဟွဲ (ချင်းပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့အဖွဲ့က ဂုဏ်ယူပျော်ရွှင်ဖွယ် ဒို့မြေကမ္ဘာသီချင်းနဲ့အတူ တိုင်းပြည်သာယာစေဖို့ ဆုတောင်းမေတ္တာပို့သထားတဲ့ တေးသီချင်းနဲ့ ဖျော်ဖြေမှာဖြစ်ပါတယ်။ ကျွန်မတို့ တိုင်းရင်းသားတွေအကုန်လုံးက တစည်းတလုံးတည်းပါ။ အားလုံးဟာ ညီအစ်ကို မောင်နှမတွေ ဖြစ်တယ်လို့လည်း မြင်ပါတယ်။ တိုင်းရင်းသား တစ်မျိုးနဲ့တစ်မျိုးက တွေ့ဆုံမှုနည်းတယ်။ ပြည်ထောင်စုနေ့ လုပ်တဲ့အခါမှာ တွေ့ဆုံရတာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးအတွက်လည်း ကောင်းတယ်လို့ထင်ပါတယ်။

**မောင်ဟိန်းကို၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် သဘင်ပညာဌာန တတိယနှစ်ကျောင်းသား**

ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုဖြစ်ပါတယ်။ သီချင်းက ဆရာမိရာမိုရ် ရေးစပ်သီကုံးထားတဲ့ တို့ပြည်ထောင်စုအတွက် ဆိုတဲ့ သီချင်းဖြစ်ပါတယ်။ တစ်လလောက်နီးပါး အချိန်ယူပြီးတော့ အကတိုက်ခဲ့ရပါတယ်။ တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေအားလုံး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ ဆုံတွေ့ခွင့်ရတယ်။ သူတို့ရဲ့ရိုးရာအကအလှတွေကို လေ့လာခွင့်ရတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အလွန်ကောင်းတယ်လို့ မြင်ပါတယ်။

**မခင်စုလှိုင် (ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့က ရခိုင်ရိုးရာယဉ်ကျေးမှုအကအနေနဲ့ကတော့ ရခိုင်လူမျိုးတို့ရဲ့ ယဉ်ကျေးမှုအရ ဓလေ့စရိုက်တွေကို ဖော်ပြထားတဲ့ ရခိုင်စာဂီထိန်းကတ်လီဆိုတဲ့ သီချင်းနဲ့ ဖျော်ဖြေမှာဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာက နိုင်ငံတစ်ဝန်းက ပြည်ထောင်စုသားအားလုံး စိတ်ဓာတ်တစ်ထပ်တည်းကျပြီဆို အဲဒါ ပြည်ထောင်စုစိတ်ဓာတ်လို့ ယူဆပါတယ်။ တိုင်းရင်းသားပေါင်းစုံကို တစ်နေရာတည်းမှာ တွေ့ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။

**မနိုနိုထက်ကို၊ တတိယနှစ် ဓာတု(မွန်ရိုးရာ ယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့ မွန်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့က သုဝဏ္ဏဘူမိဂုဏ်ရောင်ဆိုတဲ့ တေးသီချင်းနဲ့ ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပါတယ်။ နေ့ညမရွေး မနားတမ်းကြိုးစားပြီး အကတိုက်ခဲ့ပါတယ်။ အခုလို လာရောက်ဖျော်ဖြေရတဲ့အတွက် ဂုဏ်ယူကျေနပ်မိပါတယ်။ တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေနဲ့ တွေ့ဆုံရလို့လည်း ဝမ်းသာမိပါတယ်။

**နန်းစန်းသီတာထွေး (ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့)**

တောင်ကြီးမြို့မှာ အက ၁၀ ရက်တိုက်ခဲ့ပါတယ်။ နေပြည်တော်ကို ဇန်နဝါရီ ၃၁ ရက်မှာ ရောက်ပါတယ်။ တိုင်းရင်းသားတွေရဲ့ ဝတ်စားဆင်ယင်မှုနဲ့ ဓလေ့စရိုက်တွေကို မြင်တွေ့ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ အခုလို စီစဉ်ပေးတဲ့လူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**နန်းမြစန္ဒာ (ပအိုဝ်းရိုးရာယဉ်ကျေးမှုအဖွဲ့)**

ပအိုဝ်းရဲ့ ယဉ်ကျေးမှုမှာ မိန်းကလေးတွေဆို ပလိုင်း၊ ယောက်ျားလေးတွေဆို လွယ်အိတ်လွယ်ပါတယ်။ တောင်ကြီးမှာ ၁၀ ရက် အကလေ့ကျင့်ခဲ့ရပါတယ်။ အခုလို တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ခွင့်ရပြီး တစ်ယောက်နဲ့တစ်ယောက် မတူညီတဲ့ဓလေ့ကို လေ့လာခွင့်ရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။

**ဦးခင်မောင်ဝင်း (ဒုတိယညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန)**

(၇၁) နှစ်မြောက် ပြည်ထောင်စုနေ့မှာ ဖျော်ဖြေရေးအင်အား အမျိုးသား ၁၀၀၊ အမျိုးသမီး ၃၀၅ ယောက်နဲ့ ဖျော်ဖြေသွားမှာပါ။ စုစုပေါင်းအင်အား ၄၀၅ ဦးရှိပါတယ်။ တိုင်းရင်းသား အစုံအလင်နဲ့ မြန်မာ့ရိုးရာတွေကို အားလုံးပေါင်းစပ်ပြီးတော့ ဖျော်ဖြေတင်ဆက်ဖို့အတွက် လေ့ကျင့်ပြင်ဆင်နေကြပါတယ်။ အနုပညာဦးစီးဌာနက အမျိုးသမီး ၃၆ ယောက်နဲ့ အဖွင့်သီချင်းတစ်ပုဒ်ပါတယ်။ ပြီးရင် သီချင်းကြီး သရုပ်ဖော်ထားတဲ့ လှည်းယဉ်ကြော့ကြော့ဆိုတဲ့ သရုပ်ဖော်ဇာတ်လမ်းလေး တစ်ခုလည်း ပါပါတယ်။ နောက်ဆုံးအပိတ်က အနုပညာဦးစီးဌာနနဲ့ တိုင်းဒေသကြီးအားလုံး စုပေါင်းကတဲ့ စုပေါင်းယိမ်းတစ်ခုလည်းပါတယ်။ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေနဲ့ ပတ်သက်တဲ့ ရိုးရာသီချင်းတွေနဲ့ အကတွေကို လှလှပပဖျော်ဖြေဖို့အတွက် လေ့ကျင့်နေပါတယ်။ ပြည်ထောင်စုနေ့မှာပါဝင်တဲ့ အင်အားနဲ့အတူ တိုင်းရင်းသားကျေးရွာမှာ (၈)နှစ်မြောက် အထိမ်းအမှတ်နဲ့ ဖေဖော်ဝါရီ ၁၁ ရက်နေ့မှာ သွားရောက်ဖျော်ဖြေဖို့အတွက် ပေါင်းစပ်လေ့ကျင့်နေကြပါတယ်။

**သတင်း-မျိုးမြင့်၊ မွေးကြူဇင်**
**ဓာတ်ပုံ-ထိန်နန်နော်**

---

## KBZ Bank Women' League
## ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

၂၀၁၇-၂၀၁၈ ဘောလုံးရာသီ KBZ Bank Women' League ပြိုင်ပွဲ ပွဲစဉ်(၆)နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ ဂန္ဓမာအသင်းက အား/ကာသိပ္ပံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဂန္ဓမာအသင်းသည် ပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းခဲ့ပြီး အား/ကာသိပ္ပံအသင်းမှာလည်း နိုင်ပွဲပြန်ရရေး ကြိုးပမ်းခဲ့သည်။ ခြေမကွာသည့်နှစ်သင်း တွေ့ဆုံသောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး မိနစ် ၄၀ တွင် ခိုင်ဇာဇာဝင်းက ဂန္ဓမာအသင်းအတွက် ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် အား/ကာသိပ္ပံအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ဂန္ဓမာအသင်းက ထိန်းကစားကာ ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ ပွဲစဉ်(၆)အပြီးတွင် သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ ၁၆ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ၁၂ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။ **ရဲရင့်ရှိုင်း**



# KIA လက်နက်ကိုင်အဖွဲ့က နယ်မြေလုံခြုံရေးစခန်းများအား လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

KIA လက်နက်ကိုင်အဖွဲ့က ဇန်နဝါရီ ၃၁ ရက်နှင့် ယနေ့တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားနှင့် မိုးကောင်းမြို့နယ်အတွင်းရှိ တပ်ဌာနချုပ်များနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စခန်းများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၃၁ ရက် ည ၁၁ နာရီခွဲခန့်တွင် မိုးကောင်းမြို့ရှိ တပ်ဌာနချုပ်အား KIA လက်နက်ကိုင်အဖွဲ့က တပ်ဌာနချုပ်၏ အနောက်ဘက် မီတာ ၂၃၀၀ ခန့်အကွာမှ လက်နက်ကြီးဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း၊ ဖြစ်စဉ်တွင် လူနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိဘဲ တပ်ဌာနချုပ်၏ အနောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ လယ်ကွင်းအတွင်း၌ ပေါက်ကွဲမှုမရှိသေးသည့် ၁၀၇ မမ ဒုံးသီးတစ်လုံးအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ ယနေ့နံနက် ၃ နာရီခွဲခန့်တွင် မိုးကောင်းမြို့ရှိ တပ်ရင်းဌာနချုပ်အား KIA လက်နက်ကိုင်အဖွဲ့ အင်အား ၁၅ ဦးခန့်က တပ်ရင်း ဌာနချုပ်၏ အရှေ့မြောက်ဘက် မီတာ ၅၀၀၀ အကွာမှ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်ခဲ့ရာ တပ်ရင်းဌာနချုပ်၏တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာနေရာ၌ ကျည်ကျရောက် ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ထို့ပြင် ယနေ့နံနက် ၃ နာရီခွဲတွင် မိုးကောင်းမြို့နယ် လွယ်လိယန်ကျေးရွာအုပ်စု မရန်ကထောင်ကျေးရွာရှိ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်စခန်းအား KIA လက်နက်ကိုင်အဖွဲ့ အင်အား ၆၀ ခန့်က စခန်း၏ အရှေ့ဘက် မီတာ ၁၀၀ ခန့်အကွာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လည်းကောင်း၊ ယနေ့နံနက် ၄ နာရီ မိနစ် ၅၀ တွင် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအုပ်စု နန်ကျင်ကျေးရွာရှိ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်စခန်းအား KIA လက်နက်ကိုင်အဖွဲ့ အင်အား ၅၀ ခန့်က စခန်း၏ အနောက်ဘက်၊ အနောက်မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တို့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း၊ ဖြစ်စဉ်များတွင် စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# လှိုင်သာယာမြို့နယ်အတွင်း ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးအရေးယူ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏အစီအမံဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံချက်အရ ခိုး၊ ဆိုး၊ လု၊ နှိုက်မှု ကျူးလွန်တတ်သူများ၊ မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသုံးစွဲသူများ၊ ပြည်သူလူထု အပေါ် အနိုင်ကျင့်ဗိုလ်ကျ အုပ်စုဖွဲ့ကျူးလွန်သူ လူဆိုးလူမိုက်များ၊ ဒုစရိုက်မှုများ၊ ပြေးလေးပြေးများကို ဖော်ထုတ်ဖမ်းဆီးအရေးယူလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် အင်အားပြည့်ပိတ်ဆို့ဖမ်းဆီး အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက် ည ၁၀ နာရီ ၄၅ မိနစ်က လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ ကာရာအိုကေဆိုင်အတွင်း တုတ်၊ ဓားလက်နက်များ သိုလှောင်ထားကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ကာရာအိုကေဆိုင်၏ မန်နေဂျာ ဂျင်မေဟိန်း(ခ) ဖိုးခွား(၃၁)နှစ်နှင့် ဆိုင်အလုပ်သမားများဖြစ်သည့် လှိုင်သာယာမြို့နယ်နေ ထိန်လင်းစိုး(၂၈)နှစ်၊ ပြည့်ဖြိုးအောင်(၂၈)နှစ်၊ မြတ်ကို(၂၉)နှစ်၊ ကျော်ဌေး(ခ) မှုံကြီး(၃၅)နှစ်၊ ဇော်မင်းထွန်း(၃၆)နှစ်၊ အာကာ(ခ)နေဆန်း(၂၃)နှစ်၊ ကျော်လင်းဌေး(၂၃)နှစ်၊ ချစ်မောင်ဇင်(၂၆)နှစ်၊ ဌေးဝင်း(၂၈)နှစ်၊ စိုးကို(၂၅)နှစ်၊ မောင်မောင်(၂၄)နှစ်၊ ဇင်မျိုး(၂၅)နှစ်၊ ကျော်လင်းထွေး(၂၉)နှစ်နှင့် နိုင်လင်းထက်(၂၀)နှစ်တို့ကို တုတ်၊ ဓားလက်နက်များနှင့်အတူ ဖမ်းဆီးရမိအရေးယူခဲ့သည်။

လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ လင်းယုန်စီမံချက်စတင်သည့် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ လက်နက်များအက်ဥပဒေအရ အရေးယူမှု ၃၁ မှု၊ လောင်းကစားဥပဒေအရ အရေးယူမှု လေးမှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူမှု ကိုးမှု၊ ၁၉၆၁ ခုနှစ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ အရေးယူမှု ၆၀၊ ကျင့်ထုံးပုဒ်မ ၅၄အရ အရေးယူမှု ၈၀၊ ရဲအက်ဥပဒေအရ အရေးယူမှု ၉၆ မှု၊ ယစ်မျိုးဥပဒေအရ အရေးယူမှု ၁၄ မှု၊ ဗီဒီယိုအက်ဥပဒေအရ အရေးယူမှု တစ်မှု၊ မော်တော်ယာဉ်ဥပဒေအရ အရေးယူမှု တစ်မှု စုစုပေါင်း ၂၉၆ မှုနှင့် ပြေးလေးပြေး လေးဦးတို့အား ဖမ်းဆီးရမိ အရေးယူခဲ့ပြီး လင်းယုန်စီမံချက်ကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ဇန်နဝါရီလအတွင်း ယာဉ်မတော်တဆမှု ၄၁ မှုဖြစ်ပွား ကိုးဦး သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းများအဆင့်မြှင့်တင်ခြင်း၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်း၊ အမြန်လမ်းတစ်လျှောက်ကျေးရွာများအတွက် ကျွဲ၊ နွားတိရစ္ဆာန်များ မတက်ရောက်စေရန် အကာအရံများဆောင်ရွက်ပေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ခြင်း၊ အမြန်လမ်းရဲတပ်ဖွဲ့အနေဖြင့် အမြန်လမ်းမကြီးပေါ်တွင် တက်ရောက်မောင်းနှင်သည့်ယာဉ်များ ယာဉ်မတော်တဆမှု မဖြစ်စေရန် သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သော ယာဉ်များအား အမြန်နှုန်းတိုင်းကရိယာများ အသုံးပြုဖမ်းဆီးအရေးယူခြင်း၊ ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါရှိသူများအား ခါးပတ်တပ်ဆင်မှုရှိစေရန် ပညာပေး၍ ပညာပေးကာလ ကျော်လွန်သည့်အခါ စစ်ဆေးအရေးယူခြင်း၊ အမြန်လမ်းတစ်လျှောက်ကျေးရွာများတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဟောပြောခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အနေးယာဉ်၊ ဆိုင်ကယ်သုံးဘီး၊ ကျွဲ၊ နွား တိရစ္ဆာန်များ အမြန်လမ်းပေါ် တက်ရောက် မောင်းနှင်မှုမရှိစေရေး ပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုကဲ့သို့ အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရန် ဆောင်ရွက်နေသော်လည်း ယာဉ်မောင်းသူများက မဆင်မခြင်ပေါ့ဆစွာ မောင်းနှင်မှု၊ အမြန်လမ်းပေါ် တက်ရောက်မောင်းနှင်မည့်ယာဉ်များအား ကြံ့ခိုင်ရေးစစ်ဆေးမှု အားနည်းခြင်း၊ ရာသီဥတုကြောင့် လည်းကောင်း၊ လမ်းကြောင့်လည်းကောင်း အမြန်လမ်းမပေါ် တက်ရောက်မောင်းနှင်ခွင့်မရှိသော အနေးယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ကျွဲ၊ နွားတိရစ္ဆာန်များကြောင့် လည်းကောင်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိရာ ယခုနှစ်ဆန်းပိုင်းဖြစ်သည့် ဇန်နဝါရီလတွင် ယာဉ်မတော်တဆမှု ၄၁ မှုဖြစ်ပွားခဲ့ရာ အမျိုးသား ငါးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ကိုးဦးသေဆုံးခဲ့ပြီး အမျိုးသား ၄၇ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၈၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ထို့အတူ ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ က အမြန်လမ်းမကြီး၏ ဗောဓိကုန်းအမြန်လမ်းအပိုင်း မိုင်တိုင်အမှတ်(၁၃၈/၁) နှင့်(၁၃၈/၂)အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ဖေယျာထွေး မောင်းနှင်လာသော Honda Fit မော်တော်ယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကပ်တုံးကို ဝင်တိုက်မိခဲ့သည်။ ဖြစ်စဉ်ကြောင့် လူထိခိုက်မှုမရှိသော်လည်း ယာဉ်မှာ အနည်းငယ် ပျက်စီးသွားသည်။ သို့ပါ၍ ယာဉ်မောင်းအား သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# တရားမဝင် စားသောက်ကုန် လူသုံးကုန်ပစ္စည်းများ သယ်ဆောင်လာမှု သိမ်းဆည်းရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ် သုံးစီး၊ ယာဉ်ငယ် တစ်စီးပေါ်တွင် တရားမဝင် အကောက်ခွန်မဲ့ စားသောက်ကုန်၊ လူသုံးကုန်နှင့် တိရစ္ဆာန်အစာများ သယ်ဆောင်လာသည်ကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဖေဖော်ဝါရီ ၂ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဖေဖော်ဝါရီ ၂ ရက်က ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် သုံးစီး၊ ယာဉ်ငယ် တစ်စီးအား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးမှုများဆောင်ရွက်ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်၊ တရိစ္ဆာန်အစားအစာ၊ လူသုံးကုန်ပစ္စည်း ငါးမျိုး စုစုပေါင်း ၁၃ မျိုး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၆၃၁ သန်းခန့်အား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **၀၀၁**

# ပင်လယ်ထဲပြုတ်ကျနေသော ငှက်ကြီးတစ်ကောင်အား ဖမ်းဆီးလာ

**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် ယနေ့ မွန်းလွဲပိုင်းက ပင်လယ်ရေထဲသို့ ပြုတ်ကျနေသော ငှက်ကြီးတစ်ကောင်အား ရေလုပ်သားနှစ်ဦးက ဖမ်းဆီးလာကြောင်း သိရသည်။

ကံချိုင်ကျေးရွာအုပ်စု ကျားတန်း(၂)ရပ်ကွက်တွင်နေထိုင်သော ကိုဇော်ဇော်နှင့် ကိုစံလင်းထွန်းတို့နှစ်ဦးသည် ပင်လယ်ပြင်သို့ ငါးဖမ်းထွက်သွားပြီး ပြန်လာရာ မော်တင်စွန်းအငူနှင့် လိပ်ကျွန်း(သမီးလှကျွန်း)အကြားတွင် ငှက်ကြီးတစ်ကောင် ဝဲပျံနေသည်ကို တွေ့ရကြောင်း၊ ငှက်ကြီးမှာ ပင်လယ်ရေပြင်ပေါ်သို့ ပြုတ်ကျလာကာ တောင်ပံများရေစိုနေ၍ မပျံသန်းနိုင်တော့သဖြင့် ဖမ်းခေါ်လာကြောင်း၊ ယင်းငှက်ကြီးအား ကျားတန်း(၂)ရပ်ကွက်ရှိ ဦးဝင်းနောင်၏ ခြံထဲတွင် ခေတ္တထိန်းသိမ်းထားကြောင်း သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ယနေ့ ည ၉ နာရီ ၅၉ မိနစ် ၁၁ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်း၏ တောင်-အနောက်တောင်ဘက် ၄၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(တာချီလိတ်မြို့၏ အနောက်မြောက်ဘက် ၂၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၆၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၅၀ ဒီဂရီ၊ အနက် ၅ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **ကြေးမုံ**

# ဝိုင်ယာကြိုးဟောင်းရှော့ခ်ဖြစ်၍ ဆိုင်ခန်း ခြောက်ခန်း မီးလောင်ဆုံးရှုံးမှုဖြစ်ပွား

**မြစ်ကြီးနား ဖေဖော်ဝါရီ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် နယ်မြေ(၁၄)တွင် ဖေဖော်ဝါရီ ၂ ရက် ည ၁၁ နာရီ ၄၅ မိနစ်က လျှပ်စစ်ဝိုင်ယာကြိုးဟောင်းရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းမှုကြောင့် ဆိုင်ခန်း ခြောက်ခန်း မီးလောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် နယ်မြေ(၁၄)နေ ဦးတိုးအောင်(စိန်ကားပစ္စည်းဆိုင်)တွင် တပ်ဆင်အသုံးပြုထားသည့် လျှပ်စစ်ဝိုင်ယာကြိုးအဟောင်းများမှ အပူလွန်ကဲကာ ရှော့ခ်ဖြစ်မီးလောင်ကျွမ်းရာမှ ဦးနောင်နောင်၊ ဦးဇော်ဝင်း၊ ဦးဇော်မျိုးလွင်၊ ဦးအောင်လွင်၊ ဒေါ်သန္တာမိုးတို့၏ ဆိုင်ခန်းများပါ မီးလောင်ကျွမ်းခဲ့၍ ငွေကျပ်သိန်း ၁၉၀ ကျော် တန်ဖိုးရှိ ဆိုင်ခန်းအဆောက်အအုံများ မီးလောင်ကျွမ်းပျက်စီး ဆုံးရှုံးခဲ့ကာ ဦးတိုးအောင်မှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

မီးလောင်ကျွမ်းသည့်နေရာသို့ ပြည်နယ်မီးသတ်ဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးကျော်စိုးသန်း ဦးစီးမီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့က မီးငြိမ်းသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ် ခြောက်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုဖြစ်စဉ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေသူ ဦးတိုးအောင်အား မြစ်ကြီးနားနယ်မြေရဲစခန်းတွင် အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ဇန်နဝါရီဈေးကွက်တွင် ပရီမီယာလိဂ်အသင်းများ ပေါင်သန်း ၄၃၀ အထိ သုံးစွဲခဲ့ပြီး ဈေးကွက်ပိတ်ရက် တစ်ရက်တည်းမှာပင် ပေါင်သန်း ၁၅၀ သုံးစွဲခဲ့

ပရီမီယာလိဂ်ကလပ်အသင်းတွေဟာ ဇန်နဝါရီ ဈေးကွက်တစ်လအတွင်းမှာ ပေါင်သန်း ၄၃၀ အထိ သုံးစွဲခဲ့တာဖြစ်ပြီး ဈေးကွက်ပိတ်မယ့် နောက်ဆုံးတစ်ရက်တည်းမှာပဲ ပေါင်သန်း ၁၅၀ အထိ သုံးစွဲခဲ့တယ်လို့ သိရပါတယ်။

ဈေးကွက်ပိတ်ရက်ရဲ့ ဈေးအကြီးဆုံးကစားသမားကတော့ အူဘာမီယန်ဖြစ်လာခဲ့ပြီး ပေါင် ၅၆ သန်းနဲ့ ဒေါ့မွန်အသင်းကနေ အာဆင်နယ်အသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ အဲဒီနေ့မှာပဲ ပီအက်စ်ဂျီ ကစားသမား လူးကတ်မိုရာကို စပါးအသင်းက ပေါင် ၂၅ သန်းနဲ့ ခေါ်ယူခဲ့သလို ဂျရူးနဲ့ အန်ဒရီအာယူးတို့ဟာလည်း ချယ်လ်ဆီးအသင်းနဲ့ ဆွမ်ဆီးအသင်းတို့ကို ပေါင် ၁၈ သန်းစီနဲ့ အသီးသီးပြောင်းရွှေ့ခဲ့ကြတာဖြစ်ပါတယ်။

အူဘာမီယန်ဟာ အာဆင်နယ်အသင်းကို ပြောင်းခဲ့ပြီး ချယ်လ်ဆီးတိုက်စစ်မှူး ဘတ်ရှူယာယီက ဒေါ့မွန်အသင်းကို အငှားနဲ့ သွားရောက်ခဲ့ပါတယ်။ ချယ်လ်ဆီးက အာဆင်နယ်တိုက်စစ်မှူး ဂျရူးကို ခေါ်ယူခဲ့ပါတယ်။ အာဆင်နယ်ဟာ ဆန်းချက်ဇ်ကို မန်ယူရောင်းထုတ်ပြီး မန်ယူကွင်းလယ်ကစားသမား မစ်ခီတာယန်ကို အစားထိုး ခေါ်ယူခဲ့ပါတယ်။

ဇန်နဝါရီအပြောင်းအရွှေ့ကာလရဲ့ ဈေးအကြီးဆုံး ကစားသမားအပြောင်းအရွှေ့တွေကို ကြည့်မယ်ဆိုရင် ဗန်ဒစ်ခ်ဟာ ဆောက်သမ်တန်ကနေ လီဗာပူးကို ပေါင် ၇၅ သန်း၊ လာပေါ့တီက ဘီဘာအိုကနေ မန်စီးတီးကို ပေါင် ၅၇ သန်း၊ အူဘာမီယန်က ဒေါ့မွန်ကနေ အာဆင်နယ်ကို ပေါင် ၅၆ သန်း၊ မစ်ခီတာယန်က မန်ယူကနေ အာဆင်နယ်ကို ပေါင် ၃၆ သန်း၊ ဆန်းချက်ဇ်က အာဆင်နယ်ကနေ မန်ယူကို ပေါင် ၃၆ သန်း၊ တိုဆွန်က ဘီဆစ်တက်ကနေ အဲဗာတန်ကို ပေါင် ၂၇ သန်း၊ လူကတ်မိုရာက ပီအက်စ်ဂျီကနေ စပါးကို ပေါင် ၂၃ သန်း၊ အန်ဒရီယန် ဆေးလ်ဗားက စပို့တင်းလစ္စဘွန်းကနေ လက်စတာကို ပေါင် ၂၂ သန်း၊ ဝဲလ်ကော့က အာဆင်နယ်ကနေ အဲဗာတန်ကို ပေါင်သန်း ၂၀၊ ကာရီလိုက မိုနာကိုကနေ ဆောက်သမ်တန်ကို ပေါင် ၁၉ သန်း စသဖြင့် အသီးသီး ပြောင်းရွှေ့ခဲ့ကြတာဖြစ်ပါတယ်။ ဇန်နဝါရီဈေးကွက်မှာတော့ ဗန်ဒစ်ခ်ဟာ ဈေးအကြီးဆုံးကစားသမား ဖြစ်လာခဲ့ပါတယ်။

ပရီမီယာလိဂ်ကလပ်အသင်းတွေထဲမှာ အမှတ်ပေးဇယားထိပ်ကဦးဆောင်နေတဲ့ မန်စီးတီးအသင်းဟာ ဂွါဒီယိုလာရောက်လာပြီးတဲ့နောက်မှာ ကစားသမားခေါ်ယူမှုအတွက် ပေါင် ၄၁၈ သန်းအထိ သုံးစွဲခဲ့တာဖြစ်ပြီး အခုရာသီတစ်ရာသီတည်းမှာပင် ကစားသမားအသစ်ခေါ်ယူရာမှာ ပေါင် ၂၇၂ သန်းအထိ သုံးစွဲထားခဲ့တာဖြစ်ပါတယ်။ ဥရောပမှာ ပြိုင်ပွဲငါးရပ်ရဲ့ ဇန်နဝါရီ ဈေးကွက်အတွင်း ကစားသမားခေါ်ယူမှု ငွေကြေးသုံးစွဲမှုကိုကြည့်မယ်ဆိုရင်လည်း ပရီမီယာလိဂ်က ပေါင် ၄၀၀ ကျော်သုံးထားပြီး သုံးစွဲမှုအများဆုံးအဖြစ် ရပ်တည်နေပါတယ်။ လာလီဂါက ပေါင်သန်း ၂၅၀၊ ဘွန်ဒက်လီဂါက ပေါင်သန်း ၅၀ ကျော်၊ ပြင်သစ် ပထမတန်းက ပေါင်သန်း ၅၀ နဲ့ စီးရီးအေက ပေါင်သန်း ၂၀ ကျော် စသဖြင့် သုံးစွဲထားခဲ့ကြတာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်



## ဂါရတ်ဘေးလ်ကို ရရှိပါက ဒီဂီယာကို ရီးယဲလ်မက်ဒရစ်သို့ ရောင်းမည်ဟုဆို

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ်အား ခေါ်ယူရရှိမည်ဆိုပါက အပြန်အလှန်အားဖြင့် ဂိုးသမား ဒီဂီယာကို ရီးယဲလ်မက်ဒရစ်သို့ ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် မန်ယူဂိုးသမား ဒီဂီယာအား ခေါ်ယူရန် လွန်ခဲ့သည့်သုံးနှစ်တာကာလကတည်းက ကမ်းလှမ်းမှုများလုပ်ခဲ့သော်လည်း လက်ရှိအချိန်အထိ ခေါ်ယူနိုင်ခြင်းမရှိခဲ့ပေ။ လက်ရှိတွင် မန်ယူအသင်းက တိုက်စစ်မှူး ဂါရတ်ဘေးလ်အား ခေါ်ယူလိုသောကြောင့် ဂါရတ်ဘေးလ်ကိုရရှိပါက ဒီဂီယာကို ရီးယဲလ်သို့ ရောင်းချမည်ဟု မော်ရင်ဟိုက ဆိုခဲ့ခြင်းဖြစ်သည်။

## ဝဲလ်ကော့ကို ပေါင်သန်း ၂၀ ဖြင့် ရောင်းချခြင်းကို ဆမ်အလာဒိုက်စ် ဝေဖန်

ပြီးခဲ့သည့်ဘောလုံးရာသီက ပွဲ ၃၀ ကစားပြီး ၁၉ ဂိုးသွင်းယူနိုင်ခဲ့သည့် ဝဲလ်ကော့လို တိုက်စစ်မှူးမျိုးကို ပေါင်သန်း ၂၀ ပမာဏလောက်ဖြင့် ထုတ်ရောင်းလိုက်သော ဝင်းဂါး၏ဆုံးဖြတ်ချက်မှာ ဆင်ခြင်မှုနည်းပါးသည့် လုပ်ရပ်အဖြစ် အဲဗာတန်နည်းပြ ဆမ်အလာဒိုက်စ်က ဝေဖန်ခဲ့သည်။ ဆမ်အလာဒိုက်စ်က "အာစင်(ဝင်းဂါး) ဘယ်လိုစဉ်းစားခဲ့သလဲဆိုတာ ကျွန်တော် မသိပါဘူး။ ဒါပေမယ့် မှတ်တမ်းကောင်းရှိတဲ့ ကစားသမားတစ်ဦးကို ခေါ်ယူဖို့ အခွင့်အရေးရှိခဲ့တာကတော့ ကျွန်တော့်အတွက် ခက်ခက်ခဲခဲဆုံးဖြတ်ချက်ကြီး မဟုတ်ခဲ့ဘူး" ဟု ပြောကြားသွားခဲ့သည်။

ထို့ပြင် ဆမ်အလာဒိုက်စ်က ဝဲလ်ကော့မှာ အာဆင်နယ်တွင် လိုအပ်သည့် ပွဲထွက်ခွင့်မရခဲ့၍သာ အသင်းပြောင်းခဲ့ခြင်းဖြစ်ပြီး အဲဗာတန်အသင်းက ၎င်းကို ခေါ်ယူနိုင်ရန် ဆွေးနွေးမှုများစွာ ပြုလုပ်ခဲ့ရကြောင်းလည်း ဖွင့်ဟပြောကြားခဲ့သည်။ ဝဲလ်ကော့မှာ အဲဗာတန်အသင်းကို ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် သွင်းဂိုးနှစ်ဂိုး သွင်းယူပြခဲ့ပြီး သူ၏တန်ဖိုးအမှန်ကို ပြသနိုင်ခဲ့သည်။ အာဆင်နယ်သည် ပြီးခဲ့သည့်ရာသီက ဂိုး ၃၀ သွင်းယူခဲ့သည့် ဆန်းချက်ဇ်၊ ၁၉ ဂိုး သွင်းယူခဲ့သည့် ဝဲလ်ကော့နှင့် ၁၆ ဂိုး သွင်းယူပေးခဲ့သည့် ဂျရူးတို့အားလုံးကို ယခု ဇန်နဝါရီဈေးကွက်အတွင်းမှာပင် ရွှေ့ဆင့်နောက်ဆင့်ဆိုသလို ထွက်ခွာခွင့်ပေးခဲ့သည်။

အာဆင်နယ်နည်းပြ ဝင်းဂါးက ယမန်နှစ် ထိပ်တန်းဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူးသုံးဦးကို ထွက်ခွာခွင့်ပေးခဲ့ပြီး အူဘာမီယန်နှင့် မစ်ခီတာယန်တို့ကို ပြန်လည်အားဖြည့်ခေါ်ယူခဲ့ရာ အနည်းငယ်အလောင်းအစားဆန်သည့် လုပ်ရပ်ကို ဆောင်ရွက်သွားခဲ့သည်။ ဝင်းဂါးကိုယ်တိုင်ကမူ ဝဲလ်ကော့၊ ဂျရူးတို့ကို ထုတ်ရောင်းသည့် ကိစ္စရပ်အပေါ် မှတ်ချက်ပြုပြောကြားခဲ့ခြင်းမရှိခဲ့သော်လည်း ဆန်းချက်ဇ်ကို ပြီးခဲ့သည့်နွေဈေးကွက်က ပေါင်သန်း ၆၀ ဖြင့် မန်စီးတီးထံသို့ မရောင်းချခြင်းက မှားယွင်းခဲ့ကြောင်း သုံးသပ်ခဲ့သည်။

အာဆင်နယ်သည် ပြီးခဲ့သည့်နွေဈေးကွက် အပြောင်းအရွှေ့နောက်ဆုံးနေ့တွင် လီမာကို ခေါ်ယူနိုင်ခြင်းမရှိခဲ့သဖြင့် ဆန်းချက်ဇ်ကို ပေါင်သန်း ၆၀ ဖြင့် ထုတ်မရောင်းဘဲ ဆက်လက်ထိန်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် မပျော်မရွှင်ဖြစ်နေသည့် ကစားသမားတစ်ဦးကို ဆက်ထိန်းခြင်းမှာ ခက်ခဲခဲ့ပြီး ယခုနှစ်ရာသီ ဆန်းချက်ဇ်၏ ဂိုးသွင်းနှုန်းမှာ သိသိသာသာထိုးဆင်းသွားခဲ့ရာ ယင်းဆုံးဖြတ်ချက်မှာ မှားယွင်းခဲ့ကြောင်း ဝင်းဂါးက ဆိုခဲ့ခြင်းဖြစ်သည်။



## အီတလီနည်းပြရာထူးနေရာငြင်းပယ်ပြီး ချယ်လ်ဆီးတွင် ဆက်နေရန် ကွန်တီ ဆုံးဖြတ်ခဲ့

နည်းပြ ကွန်တီမှာ ချယ်လ်ဆီးအသင်းတွင် ယမန်နှစ်ရာသီကလို အောင်မြင်မှုမျိုး ရရှိရန် ရုန်းကန်နေရသော်လည်း စတန်းဖို့ဘရစ်ချ်က ထွက်ခွာနိုင်မည့် အခွင့်အရေးတစ်ရပ်ကိုမူ ငြင်းပယ်သွားခဲ့သည်။ ကွန်တီ၏ မိတ်ဆွေဖြစ်သူ ကော်စတာကာတာမှာ အီတလီဘောလုံးအဖွဲ့ချုပ် ဒုတိယကော်မရှင်နာအဖြစ် ဆောင်ရွက်နေသူက အီတလီလက်ရွေးစင်နည်းပြနေရာတွင် ကွန်တီ ပြန်လည်တာဝန်ယူစေရေးအတွက် အီတလီမှ လန်ဒန်အထိ လာရောက်စည်းရုံးခဲ့သော်လည်း ကွန်တီက ချယ်လ်ဆီးအသင်းကိုသာ စာချုပ်ပါ သက်တမ်းအတိုင်း အပြည့်အဝ ကိုင်တွယ်ရန် ပိုမိုလိုလားခဲ့ကြောင်း သိရသည်။



ကွန်တီက "ကော်စတာက ကျွန်တော့်မိတ်ဆွေပါ။ ကျွန်တော်တို့က ၁၉၉၄ ခုနှစ် လက်ရွေးစင်အသင်းမှာ အတူတကွကစားခဲ့တဲ့သူတွေ ဖြစ်ပါတယ်။ သူ့အနေနဲ့ ကျွန်တော် ချယ်လ်ဆီးနဲ့ ၁၈ လ စာချုပ်ရှိတယ်ဆိုတာကို မေ့နေတဲ့ပုံရှိပါတယ်။ ကျွန်တော့် ရည်ရွယ်ချက်၊ ကျွန်တော့်ရဲ့ စိတ်စွမ်းအင်၊ ကျွန်တော့်ရဲ့ ဆန္ဒကတော့ ဒါကို လေးစားမှုရှိဖို့ပါပဲ" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ကွန်တီမှာ ချယ်လ်ဆီးအသင်းတွင် တစ်နှစ်လုပ်ခ ပေါင် ကိုးသန်းရရှိနေပြီး အီတလီအနေဖြင့် ကွန်တီ၏ လုပ်ခလစာကို ပေးချေရန် ခက်ခဲမှုရှိနေပြီး ကော်စတာကာတာက "သူက ချယ်လ်ဆီးနဲ့ စာချုပ်သက်တမ်း ၁၈ လ ကျန်သေးတယ်လို့ ပြောခဲ့ပြီး ဒါကိုပဲ လေးစားသလား၊ သူက နည်းပြလောင်းအဖြစ်ပဲရှိသေးပြီး ကျွန်တော်တို့ စောင့်ကြည့်ရအောင်ပါ" ဟုသာ မှတ်ချက်ပြုခဲ့သည်။ ကွန်တီသည် အီတလီလက်ရွေးစင်အသင်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကိုင်တွယ်ခဲ့ပြီး ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အထိ ရောက်ရှိအောင် ဦးဆောင်မှုပေးနိုင်ခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

မေလှသင်း - ရေးသားသည်

## ဖေဖော်ဝါရီ ၃ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

ပရီမီယာလိဂ် ပွဲစဉ် - ၂၆

| | | |
|---|---|---|
| ဘန်လေ | ၁ - ၁ | မန်စီးတီး |
| ဘုန်းမောက် | ၂ - ၁ | စတုတ်စီးတီး |
| ဘရိုက်တန် | ၃ - ၁ | ဝက်စ်ဟမ်း |
| လက်စတာ | ၁ - ၁ | ဆွမ်ဆီး |
| မန်ယူ | ၂ - ၀ | ဟက်ဒါဖီးလ် |
| ဝက်စ်ဘရွန်း | ၂ - ၃ | ဆောက်သမ်တန် |

ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂၁

| | | |
|---|---|---|
| ရှော်ကေး | ၁ - ၂ | ဝါဒါဘရီမင် |
| ဝုဖ်ဘတ် | ၁ - ၁ | စတုဂတ် |
| ဟာသာဘာလင် | ၁ - ၁ | ဟော်ဖန်ဟိမ်း |
| ဖရိုင်းဘတ် | ၀ - ၀ | လေဗာကူဆင် |
| ကိုလုံး | ၂ - ၃ | ဒေါ့မွန် |
| မိန့်ဇ် | ၀ - ၂ | ဘိုင်ယန်မြူးနစ် |

စပိန်လာလီဂါ ပွဲစဉ် - ၂၂

| | | |
|---|---|---|
| အီဘာ | ၅ - ၁ | ဆီဗီလာ |
| ဆိုဆီဒက် | ၅ - ၀ | ဒီပို့ဒီဗို |

ခိုင်ဝင်း

ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်ကြီးနှင့် အလှူရေစက်လက်နှင့်မကွာသူ အမေရိကန်ကြီး ဘီလ်ဂိတ်သည် ကမ္ဘာတစ်လွှားဆင်းရဲမွဲတေမှုလျှော့ချရေးအလို့ငှာ 'ထိပ်တန်းနွားမကြီး' (ဝါ) Super Cow ဟု အမည်ပေးထားသော သုတေသနလုပ်ငန်း အစီအစဉ်တစ်ရပ်အတွက် ဒေါ်လာသန်း ၄၀ လှူဒါန်းပါမည်ဟု ကတိပြုလိုက်သည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရလေသောအခါ "လူမွဲတွေက မနေ့ခေတ်မီ သူဌေးဖြစ်တော့မည်" ဟူသော ဂီတစာဆို ဆရာရွှေတိုင်ညွန့်၏ 'နဂါးနီ' သီချင်းတစ်ပိုင်းတစ်စကို ပြန်လည်ကြားယောင်မိလေ၏။

ကိုလိုနီခေတ်ဦးကာလက ထင်ပေါ်ကျော်ကြားခဲ့သော နဂါးနီစာအုပ်အသင်းကြီး၏ မူဝါဒများကို သခင်လူငယ်များက ပြည်သူတို့သိစေလိုသဖြင့် သီချင်းတစ်ပုဒ်ဖြင့် ဝါဒဖြန့်ချိရာမှ "ဆင်းရဲခြင်း လွတ်ကင်းအောင်၊ လမ်းပြဆောင်ပါမည်၊ ရတနာခုနစ်သွယ် တကယ်ပင်စုံညီ တို့အမျိုးသားတိုင်းပြည်၊ မွဲတဲ့လူ လှူဒါန်းနိုင်မည်၊ ကျောင်းဆောက်ကာ ဘုရားတည်၊ ဘိုးဘိုးအောင်နဲ့ ရှင်အဇ္ဇဂေါဏတို့ မတဲ့ကိန်းဆိုက်မည်" အစရှိသည့် တေးသီချင်းမှာ မြန်ပြည်တစ်ခွင် မော်ကြွားလောက်ခဲ့လေသည်။

'ထိပ်တန်းနွားမကြီး' စီမံကိန်းဟူသည်ကား နို့ထွက်ကောင်းသော နွားမကြီးများ၊ ဥထွက်ကောင်းသော ကြက်မကြီးများ အရေအတွက် တိုးပွားလာစေရေးအတွက် မွေးမြူရေးသမားများအား မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်သည့် သုတေသနစီမံကိန်းတစ်ရပ်ပင်ဖြစ်လေသည်။

ဝင်ငွေနည်း ပြည်သူများနှင့် အလယ်အလတ်တန်း ဝင်ငွေရှိပြည်သူများနေထိုင်ရာ နိုင်ငံများ၌ လူပေါင်းသန်း ၇၅၀ မှာ ကျွဲ၊ နွား မွေးမြူခြင်း၊ ဆိတ်မွေးမြူခြင်း၊ သိုးမွေးမြူခြင်းစသည့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းအပေါ် တည်မှီနေထိုင်ကြရပေရာ ယင်းစီမံကိန်းက ဆင်းရဲမှုလျှော့ချရေး ရည်မှန်းချက်ကို ဖော်ဆောင်ပေလိမ့်မည်။

**ထောင်စုနှစ်ရည်မှန်းချက်များ**

ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ကျွန်ုပ်လေ့လာဖတ်ရှုလေသောအခါ ဆာလောင်မွတ်သိပ်မှုနှင့် ကုန်းကောက်စရာမရှိအောင် ဆင်းရဲမှုချုပ်ငြိမ်းရေးကို နိုင်ငံတကာ အစီအစဉ်တစ်ရပ်အဖြစ် လုပ်ဆောင်သွားရန် သတ်မှတ်ထားသည်ဟု မှတ်သားရပြန်ရာ ဆင်းရဲသားများအတွက် ဤကဲ့သို့သော သတင်းကောင်းမျိုး တိုး၍တိုး၍ ကြားသိရပါလို၏ဟူသော စိတ်ဆန္ဒဖြစ်မိ၏။

'ဆာလောင်မွတ်သိပ်မှု' တည်းဟူသော ဝေါဟာရကို ကျွန်ုပ်လေ့လာကြည့်သော အခါဝယ် အမေရိကန်သမ္မတတစ်ဦးဖြစ်ခဲ့သူ ဗိုလ်ချုပ်ကြီးဟောင်း ဒွိုက်ဒီအိုင်စင်ဟောင်ဝါ၏ အဆိုအမိန့်တစ်ရပ်ကို ပြန်ပြောင်း သတိရမိလေသည်။ သူက -

"သေနတ်တစ်လက် ထုတ်လုပ်တိုင်း၊ စစ်ရေယာဉ်တစ်စင်း တပ်တော်ဝင်တိုင်း၊ ဒုံးကျည်တစ်စင်း ပစ်လွှတ်တိုင်း ငွေကြေးများစွာကုန်ကျ၏။ လက်နက်ကမ္ဘာကြီး ထူထောင်ကြခြင်းကြောင့် ဆာလောင်မွတ်သိပ်ကာ အရိပ်အာဝါသ ကင်းမဲ့နေသော ဆင်းရဲသားများ၏ နိစ္စဓူဝ လူမှုဘဝလိုအပ်ချက်များ ဆုံးရှုံးရခြင်းကို ဖြစ်ပေါ်စေသည် သာမက အလုပ်သမားများ၏ ချွေးများ၊ သိပ္ပံပညာရှင်တို့၏ ဉာဏ်စွမ်းများ၊ ကလေးသူငယ်များ၏ အနာဂတ်မျှော်လင့်ချက်များပါ အဟောသိကံ ဆုံးရှုံးရ၏" ဟူ၍ ဆိုမိန့်ခဲ့လေသည်။

ဆင်းရဲမွဲတေမှု အကြောင်းရပ်ကို ထွေလီကာလီ ရေးဖွဲ့သီရန် အာရုံဝင်စားမိလေတိုင်း ကျွန်ုပ်၏ နှလုံးသားအိမ်ဝယ် လူနင်းပြားတို့၏ နုံချာသော ဘဝဖြစ်တည်မှုပုံရိပ်များကို ပြေးမြင်မိရင်း မျက်ရည်ဝဲမိ၏။ မိမိ၏ ဆွေမျိုးသားချင်းများအပါအဝင် သာမန်ပြည်သူတို့မှာ တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၂ဒေါ်လာ (မြန်မာကျပ် ၂၆၅၀ခန့်) အောက်သာရှိကြ၏။

'ဆွေမျိုးဉာတကာတို့ကို ပေးအပ်ချီးမြှောက်ရာသည်' ဟူသော မင်္ဂလာတရားတော် အဆုံးအမရှိထားပါလျက် မိမိကိုယ်တိုင် မိမိအောက် ဝင်ငွေနိမ့်ပါးသော အမျိုးအနွယ် အဆွေခပင်းတို့ကို ဥစ္စာခနေအရ ချီးမြှင့်ထောက်ပံ့နိုင်ခြင်း မရှိလေသောအခါ 'တောင်မင်း မြောက်မင်း မကယ်နိုင်' သည့် ငါလိုဘဝမျိုးတွေ ရှိနေပါသေးသည်ဟု ဆိုချင်သည်။

ဆင်းရဲမွဲတေမှု လျှော့ချရေး ပြဿနာသည် ကျွန်ုပ်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံများ၏ 'ဘုံ' ပြဿနာ (ဝါ) နိုင်ငံများ၏ တူညီသော ပြဿနာဖြစ်ပြီးလျှင် ကျွန်ုပ်တို့၏ နိုင်ငံတော်၌ ပြဿနာဖြေရှင်းရေး နည်းလမ်းတစ်ရပ်အဖြစ် အသေးစားငွေချေးလုပ်ငန်းကို မြှင့်တင်ကြဖို့ တိုက်တွန်းနှိုးဆော်သံများကို ကျယ်ကျယ်လောင်လောင် ကြားသိနေရချိန်လည်းဖြစ်၏။

**ဘဝနှစ်မျိုး**

ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းသဘောတရားတို့ကို ကျွန်ုပ်ဝေဖန်တိကပြုရလျှင် ဦးစွာ ဘဝနှစ်မျိုးကို တွေ့မြင်ရ၏။ ရေအစုန်လေအဟုန်ဖြင့် ရွက်တိုက်သွားနိုင်သော ဘဝကတစ်မျိုး၊ လှိုင်းအထန် ရေအဆန်တွင် လူးလွန့်ကျော်ဖြတ်ရသော ဘဝကတစ်ဖုံ ဘဝနှစ်မျိုးရှိ၏။

လောက၏ အထုအထောင်းကို နောက်ကျောကော့အောင် ခံစားထားရသဖြင့် ထုသားပေသားရသူဖြစ်ရသည့်တိုင် လောကဓံတရားကို ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားနိုင်သူတို့မှာ ဘဝရသ၊ ဘဝခမ္မတို့ မွမ်းထုံကာ 'အညတရ သူတော်ကောင်း' အဖြစ်မားမားမတ်မတ်ရပ်တည်နိုင်၏။

"လေထန်တိုင်းသာ ပွင့်ကြွေပါမူ ဘယ်မှာပန်းများ ကျန်မည်နည်း။ လှိုင်းပုတ်တိုင်းသာ ကမ်းပြိုပါမူ ဘယ်မှာ မြေကြီးကျန်မည်နည်း၊ ကျရှုံးတိုင်းသာ ငိုရပါမူ ဘယ်မှာ မျက်ရည်ကျန်မည်နည်း၊ အမှောင်တစ်ဝက် လင်းတစ်ဝက်သည် တစ်ရက်တစ်ခါ ကြုံရမြဲတည်း" ဟူ၍ ကျွန်ုပ်ငယ်စဉ်ဘဝက နှစ်သက်ခံစားမိသော ကဗျာတစ်ပိုင်းတစ်စကို သတိရမိရင်း လောကဓံတရားနှင့် ရင်ဆိုင်ကြုံတွေ့ရလေတိုင်း မတုန်မလှုပ်ဖြစ်ဖို့လိုအပ်လှသည်ဟု ကျွန်ုပ်ဆိုချင်သည်။

'ကာလနိယာမ' သဘောတရားကို သိပြီဆိုလျှင် သူဌေးနှင့် ဆင်းရဲသားအကြား ကတ္တားခြားထားသော ဂုဏ်မာနတံတိုင်းကြီး ပြိုကွဲလေတော့သည်။ ကာလနိယာမ ဟူသည်ကား အချိန်တိုက်စားမှုနှင့်အတူ ပြောင်းလဲသွားတတ်သော သဘောတရားပါပေတည်း။ သာဓကဆောင်သော် -

ပုရွက်ဆိတ်တို့ကို စားသောငှက်တို့ သေလွန်သော် ငှက်တို့မှာ ပုရွက်ဆိတ်အစာဖြစ်ရပြန်၏။ သစ်တစ်ပင်ကို အသုံးပြု၍ သန်းပေါင်းများစွာသော မီးခြစ်ဆံများ လုပ်နိုင်၏။ သို့ရာတွင် သန်းပေါင်းများစွာသော သစ်ပင်များ လောင်ကျွမ်းအောင် မီးခြစ်ဆံတစ်ချောင်းသာ လိုအပ်၏။ သို့ဖြစ်ရကား ဘဝတွင် မည်သူ့ကိုမျှ မနိမ့်ချမိပါစေနှင့်ဟု သူတော်စင်တို့က သတိပေးတပ်လှန့်ခြင်းဖြစ်၏။

ဧကန်မှုကား လူတို့သည် 'ဘဝနာရီ စံနှုန်းကို' နားမလည်ခြင်းကြောင့်သာ ကြွယ်ဝသော ဘဝကို မက်မောကြခြင်းဖြစ်သည်။ ရာထူးအာဏာကို တပ်မက်ကြခြင်းဖြစ်သည်။

၁၂၁၄ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၅၃) က မင်းတုန်းမင်းတရားကြီး အထွတ်အမြတ်သို့ ရောက်တော်မူလျှင် ထွဋ်ခေါင်ဆရာတော်အား ရွှေနန်းတော်သို့ပင့်၍ ရာဇဂုရုခတ်နှိပ်သော မင်းဆရာတံဆိပ်တော်ကို လှူဒါန်းရာ သူတော်စင် ဆရာတော်ကြီးက -

"ဤတံဆိပ်တုံးသည် အသုံးမကျချေ။ ငါသေလျှင် တံဆိပ်တုံးကြီးကို ခေါင်းအုံးနံဘေးချထားမည်ကို ငါရှက်နိုးလှသည်" ဟု ပယ်တော်မူကာကျောင်းသို့ ပြန်ကြွလာခဲ့သည်ဆို၏။

ပါမောဇ္ဇကျမ်းပေါင်း ၁၃ ကျမ်းရေးသားတော်မူခဲ့သော ထွဋ်ခေါင်ဆရာတော်ကြီး၏ သံပေါက်လင်္ကာများမှာ အဖိုးအနဂ္ဃထိုက်တန်သော အဆုံးအမတို့ပါပေတည်း။

လူသားတို့၏ ဘဝဖြစ်တည်မှုသည် ရပ်တန့်နေခြင်းမရှိဘဲ အစဉ်ပြောင်းလဲလျက်ရှိသည်။ ယနေ့ ဆင်းရဲသား၊ နောင်တွင် ရှင်ဘုရင်ဖြစ်လာမည့် အတ္ထုပ္ပတ္တိတို့ကို တွေ့မြင်နိုင်သည်။ သာဓကတစ်ရပ်ဆောင်ရလျှင် မြန်မာရာဇဝင်တွင် 'မဂဒူးမင်းဆက်' (မုတ္တမမြို့၏မင်းဆက်) စတင် တည်ထောင်သူ မဂဒူးသည် မင်းမျိုးမင်းနွယ်မှုမဟုတ်မူ၍ ဆင်းရဲသားဘဝမှ ကြံ့ရည်၊ ဉာဏ်နှင့် ဝီရိယတို့ကြောင့် ရှင်ဘုရင်ဖြစ်လာသော မွန်ဘုရင်ဖြစ်သည်။ သူတည်ထောင်ခဲ့သော နိုင်ငံတော်သည် မွန်ပြည်နယ်မှသည် အောက်မြန်မာပြည်တစ်ဝန်းသို့ ရောက်ပြီး မင်းဆက် ၁၈ ဆက်တိုင်ရှိခဲ့လေသည်။

အရေးကြီးလှသည်မှာကား ဆင်းရဲနုံချာသည့်ဘဝသို့ ကျရောက်နေသည့်တိုင် လေးနက်လှသည့် ဘဝဦးတည်ချက်ရှိရန်နှင့် ယင်းဦးတည်ချက်ကို မျက်ခြည်ပြတ်မခံဖို့ဖြစ်၏။ ဘဝဦးတည်ချက်ဆိုသည်မှာ ဘဝကို တရားသောနည်းလမ်းနှင့်အညီ မြင့်မြတ်သောစိတ်ထားနှင့်အတူ ဖြတ်သန်းမည်ဆိုသော သန္နိဋ္ဌာန်ဖြစ်၏။ ဘဝခံယူချက် မှန်ကန်စွာဖြင့် အေးချမ်း၊ မွန်မြတ်၊ သန့်စင်သော ဘဝတစ်ခုကို လူတိုင်းတည်ဆောက်ကြဖို့လို၏။ ဦးတည်ချက်ဖြင့် အလုပ်လုပ်ကြသည့်အခါ ဘယ်အခါမှ နောက်မဆုတ်နှင့်။ ဘဝ၏ အရင်းအနှီးအစစ်အမှန်မှာ ကိုယ်ကျင့်တရားနှင့် ပညာသာ မဟုတ်ပါလော။

**ဗလငါးတန်**

ဤတွင်ရွေ့ကား ကျွန်ုပ်အနေဖြင့် 'ဗလငါးတန်' ပြည့်ဝသော ပြည်သူများနေထိုင်ရာ နိုင်ငံတော်ကြီးအဖြစ် ဝိုင်းဝန်းတည်ဆောက်ကြရန် လိုအပ်ပုံကို ဂရုခမ္မပြုမိလေသည်။ ဗလငါးတန်ပြည့်ဝစေရန် စိတ်ရည်သန်ကြရမည်မှာ ကျွန်ုပ်တို့ ပြည်သူများ၏ ရည်မှန်းချက်ဖြစ်သင့်လှပေသည်။ ဗလငါးတန်ဟူသည်ကား ခွန်အား (ကာယဗလ)၊ ဉာဏ်အား (ဉာဏဗလ)၊ ပစ္စည်းအား (ဘောဂဗလ)၊ မိတ္တာအား (မိတ္တာဗလ)နှင့် ကိုယ်ကျင့်အား (စာရိတ္တဗလ) တို့ဖြစ်သည်ဟူပေ။

ပုဂ္ဂိုလ်တစ်ဦးချင်းမှအစပြု၍ ပြည်သူပြည်သားအားလုံး ထာဝစဉ် ဖြည့်ဆည်းအပ်သော အရာသည်ကား ဗလငါးတန်ပင်ဖြစ်၏။

ပြည့်ခွန်အားသည် ပြည်တွင်း၌သာရှိ၏။ ပြည်သူ့အားသည် ပြည့်ခွန်အားဖြစ်၏။ တိုင်းပြည်သာယာအောင် ပြည်သူတို့ စည်းလုံးညီညာကြရလိမ့်မည်။ ပြည့်ဉာဏ်အားမှာမူ ပြည်သူတို့၏ လူ့စွမ်းအားအရင်းအမြစ် တောင့်တင်းခိုင်မာမှုကို ရည်ညွှန်းနိုင်သည်။ ရုပ်ပိုင်းအရ တည်ရှိနေသော သယံဇာတအရင်းအမြစ်ထက် လူ့စွမ်းအားအရင်းအမြစ်က သာလွန်အရေးကြီးလှပေသည်။

ဉာဏ်ပညာထက်သန်သော ပြည်သူတို့သည် မိမိတို့၏ လောကီအရေးတွင်သာမက သံသရာ (ဝါ) အနာဂတ်အရေးအတွက်ပါ စွမ်းဆောင်ရှင်များဖြစ်ကြလိမ့်မည်။ နိုင်ငံကြီးပွားရေးတွင် ဉာဏ်ပညာရှိပါမှ ဝီရိယအကျိုးနားလည်၍ လုံ့လစိုက်ကာ တိုင်းပြည်သာသာယာယာရှိစေနိုင်သည်။

ပရိသတ်ဗိုလ်ပုံ အလယ်မှာလည်း "ပညာရဲရင့်သူတို့သာ ပွဲလယ်တင့်" နိုင်ကြသည်။ ဘူးလုံးနားမထွင်း အဖျင်းအအ ပညာအောက်တန်းကျနေသူတို့မှာ စည်းစိမ်ရှင်ပင်ဖြစ်လင့်ကစား အထက်တန်းသို့ မတက်လှမ်းနိုင်ပါချေ။

ကမ္ဘာကို လွှမ်းမိုး၍ အုပ်စိုးနိုင်သူတို့မှာ ပညာအရည်အချင်း မြင့်မားသူများသာဖြစ်ကြသည်။ ဓနရှင်တို့မှာ ပညာရှင်တို့ကို ကူညီသဖြင့် ကြီးပွားရေး၌ ဝေစုရသူများသာလျှင်ဖြစ်ကြသည်။

အသေးအဖွဲ ရန်ပွဲကလေးမှစ၍ တိုင်းနိုင်ငံအချင်းချင်း စစ်ခင်းသည်အထိ အားပြိုင်ပွဲမှန်သမျှတွင် ပညာရှိတို့ဘက်ကသာ အောင်ပွဲရစမြဲဖြစ်သည်။ စတုဓမ္မ ဇာတ်တော်၌ ဂင်္ဂါမြစ်အတွင်း သူ့နယ်ဖြစ်သော စစ်တလင်းမှာပင် အလောင်းတော်မျောက်မင်းက မိကျောင်းကို ပညာဖြင့် အနိုင်ရခဲ့ဖူးလေသည်။

မဟော်သဓာ ဇာတ်တော်၌ မရေမတွက်နိုင်အောင် များမြောင်လှသော စစ်တပ်တို့ဖြင့် ချဉ်းကပ်လာသော ကေဝဋ္ဋ ပုဏ္ဏားနှင့် စူဠနီမင်းကို အလောင်းတော်၏ ပညာအစွမ်းဖြင့် ကျီးခြောက်သလို ခြောက်လှန့်၍ ခံ့ခံ့ကြီးအောင်ပွဲဆင်ခဲ့ပေသည်။

နိုင်ငံတစ်နိုင်ငံ ဘောဂဗလ တောင့်တင်းခိုင်မာမှုသာ ကြီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆပွားတိုးပြုလုပ်နိုင်ပေမည်။

မိတ်ဆွေအား (မိတ္တာဗလ) သည် ပေါင်းသင်း ဆက်ဆံတတ်မှုအင်အားဖြစ်ပြီး ကိုယ်ကျင့်တရားအား (စာရိတ္တဗလ) မှာမူ စာရိတ္တမဏ္ဍိုင်ခိုင်မြဲရေးအတွက် အထူးအရေးကြီးလှသည်။

စာရိတ္တသီလ (ကျင့်အပ်သော အကျင့်) နှင့် ဝါရိတ္တသီလ (ရှောင်ကြဉ်အပ်သော အကျင့်) တို့ကို နိုင်ငံသားတို့ ဖြည့်ဆည်းကြခြင်းဖြင့် အကျင့်သီလကောင်းမွန်သော နိုင်ငံအဖြစ် ရပ်တည်လာနိုင်ပေမည်။

ဧကန်မှုကား ဆင်းရဲနုံချာခြင်းသည် ရှက်ဖွယ်ရာမဟုတ်ပါချေ။ ပညာရှိ (ဝါ) သူတော်ကောင်းတို့ ရှုတ်ချအပ်သော အမှားကို ပြုလုပ်ခြင်းသည်သာလျှင် ရှက်ဖွယ်လိလိဖြစ်လိမ့်မည်။

လူဟူသည်ကား စုပေါင်းနေထိုင်သော သက်ရှိများဖြစ်ပေရာ အချင်းချင်းရိုင်းပင်းကူညီရန် လိုအပ်လင့်ကစား ပုဂ္ဂိုလ်တစ်ဦး ကြီးပွားတိုးတက်ရေး၌ သူတစ်ပါးအကူအညီသည် ပဓာနမဟုတ်၊ မိမိ၏ စွမ်းပကားသည်သာ ပဓာနဖြစ်၏။

တစ်ကိုယ်ကောင်းစိတ်ဓာတ်ကို မမွေး၊ စေတနာကင်းသော ရက်စက်မှုကို ရှောင်၊ ဆင်းရဲသားက ချမ်းသာသူအပေါ် မုဒိတာပွား၊ သူဌေးက လူ့နင်းပြားတို့အပေါ် စာနာသနားကာ တတ်စွမ်းသရွေ့ စောင့်ရှောက်ကြပါလျှင် ရပ်ရွာအတွင်း ကြက်သရေခပင်းနှင့် ပြည့်စုံလိမ့်မည်ဟူပေ။

ပညာ ဒသက အရွယ် (ဝါ) ပညာရှာမှီးဖို့ ဉာဏ်အထက်ဆုံးအရွယ်တွင် အချိန်မဖြုန်းဘဲ အချိန်ကိုသုံးကြဖို့ အရေးကြီးလှပြီးလျှင် ငွေမရှိခြင်း (ဝါ) ဆင်းရဲခြင်းက ပဓာနမဟုတ်၊ အသိတရားဆင်းရဲခြင်းကသာ အခရာကျပြီး 'မရှိတာထက် မသိတာခက်' ဟု ဆိုစမှတ်ပြုကြသည်။ လူ့ဘဝတွင် အသိတရားခေါင်းပါးခြင်းတည်းဟူသော ဆင်းရဲခြင်းတစ်မျိုးသည် ဘဝ၏ အနာဂတ်ကို ပျောက်ဆုံးစေနိုင်သည်ဟု တွေးတောမိရင်း "လူမွဲတို့၏ ထွက်ရပ်လမ်း ပညာခန်းကိုဖွင့်" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။




# လူမွဲတို့၏ ထွက်ရပ်လမ်း
# ပညာခန်းကိုဖွင့်

ကိုရင်ဩ

*Ref: $40 million dollar 'Super Cow' by Bill Gates to end world poverty (Science Examiner)*













# ၂၀၁၈ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာချိုဝင်း၊ ပါမောက္ခ၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုရာတွင် မှန်ကန်သောနည်းစနစ်များ၊ မှန်ကန်သော အတွေးအခေါ်အယူအဆများကို အခြေခံ၍ စနစ်တကျ တွက်ချက်ရေးသား ဖြေဆိုတတ်စေရန်၊ မှားတတ်သောအမှားများကို သတိပြုရှောင်ကြဉ်နိုင်ကြစေရန်နှင့် စာမေးပွဲ ဖြေဆိုရာတွင် သတိပြုရမည့်အချက်အလက်များကို သိရှိကြစေရန် ရည်ရွယ်ရေးသား ဆွေးနွေးပါမည်။**

တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဂုဏ်ထူးမှတ်လွန် အမှတ်ကောင်းကောင်းရရှိရန် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးအပြင် သင်ခန်းစာတစ်ခုချင်းနှင့်ဆက်နွှယ်သော ဉာဏ်စမ်းပုစ္ဆာများကိုလည်း တွက်ချက်လေ့ကျင့်ထားရန်အကြံပြုလိုပါသည်။ သို့မှသာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သင်္ချာဘာသာရပ်နှင့် နီးနွှယ်သော အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၊ ဘာသာရပ်အထူးပြု ထူးချွန်သင်တန်းများနှင့် သင်္ချာဘာသာရပ်အထူးပြု ထူးချွန်သင်တန်းများ တက်ရောက်ရာတွင် အထောက်အကူများ ရရှိနိုင်မည်ဖြစ်ပါသည်။

ပထမဦးစွာ သင်္ချာဘာသာရပ် မေးခွန်းလွှာပုံစံကို တင်ပြပါမည်။ မေးခွန်းလွှာမှာ Section (A), Section (B), Section (C) အပိုင်း (၃) ပိုင်းပါဝင်ပြီး ဖြေဆိုချိန်မှာ (၃) နာရီဖြစ်ပါသည်။ Section (A) ၌ (၁)မှတ်တန် multiple choice question (၂၅) ပုဒ် မေးထားပြီး **မေးခွန်းအားလုံး**ဖြေဆိုရပါမည်။ Section (B) ၌ (၃) မှတ်တန် (၅)ပုဒ် မေးထားပြီး **မေးခွန်းအားလုံး**ဖြေဆိုရပါမည်။ မေးခွန်း No. 2 ၌ (OR) ခံ၍ choice ပေးထားပြီး အလားတူ မေးခွန်း No. 3 ၌ (OR) ခံ၍ choice ပေးထားသည်။ **ကြိုက်နှစ်သက်ရာမေးခွန်း(၁)ပုဒ်** ကိုသာ မေးခွန်းနံပါတ်တပ်၍ ဖြေဆိုရပါမည်။ Section (C) ၌ (၁၀)မှတ်တန် မေးခွန်း(၉) ပုဒ် မေးထားပြီး၊ **ကြိုက်နှစ်သက်ရာမေးခွန်း (၆)ပုဒ်** ကိုသာ ရွေးချယ်ဖြေဆိုရပါမည်။ မေးခွန်း(၁)ပုဒ်စီမှာ အပုဒ်ခွဲ (a) နှင့် (b) ခွဲ၍ (၅) မှတ်တန် မေးခွန်း (၂) ပုဒ်မေးပါမည်။

ဖြေဆိုချိန်များကို အကြံပြုလိုသည်မှာ Section (A) ကို မိနစ်(၄၀)ခန့် အများဆုံးထား၍လည်းကောင်း၊ Section (B) ကို မိနစ် (၃၀)ခန့် အများဆုံးထား၍ လည်းကောင်း၊ Section (C) ကို မိနစ် (၉၀)ခန့် အများဆုံးထား၍လည်းကောင်း ပြီးအောင် ဖြေဆိုလေ့ကျင့် သင့်ပါသည်။ အကြမ်းအားဖြင့် ထိုသို့ဖြေဆိုနိုင်မှသာ ဖြေဆိုပြီးသား အဖြေများကို ပြန်လည်စစ်ဆေးရန် အနည်းဆုံး မိနစ်(၂၀)ခန့် အချိန်ရပါမည်။ ဂုဏ်ထူးမှတ်လွန် အမှတ်ကောင်းကောင်းရရှိရန် မေးခွန်းလွှာများကို အချိန်နှင့် လေ့ကျင့်ဖြေဆိုသင့်ပါသည်။

မေးခွန်းလွှာ၏ Section တစ်ခုချင်းစီ၌ ကျောင်းသား ကျောင်းသူများ မှားတတ်သောအချက်များကို ဆွေးနွေးတင်ပြပါမည်။ Section (A) မေးခွန်း No. 1 မှာ Multiple choice question (၂၅) ပုဒ်မေးထားပြီး မေးခွန်း (၁) ပုဒ်စီမှာ A, B, C, D, E အဖြေ (၅) ခု ပေးထားပါမည်။ အဖြေ (၅) ခု အနက် အဖြေမှန် (၁) ခုကိုသာ ရွေးချယ်ပြီး မေးခွန်းနံပါတ်နှင့်တွဲ၍ A (သို့မဟုတ်) B (သို့မဟုတ်) C (သို့မဟုတ်) D (သို့မဟုတ်) E ဟု ထင်ရှားပီသစွာ ရေးသားဖော်ပြရပါမည်။ ဤသို့ရေးရာတွင် Capital letter A, B, C, D, E ဖြင့် ရေးသားဖော်ပြရမှာဖြစ်ပြီး စာလုံးတစ်လုံးပေါ်မှာ နောက်ထပ်တစ်လုံးထပ်ရေးခြင်း၊ small letter a, b, c, d, e ဖြင့် ရေးခြင်း၊ မေးခွန်းနံပါတ်နှင့် အဖြေချည်းသက်သက် တွဲရေးခြင်းများ မပြုလုပ်သင့်ပါ။ ဥပမာ 1.(1) A. 1 only ဟု ရေးပါက မေးခွန်းလွှာတွင် A. 2 only ဖြစ်နေလျှင် အမှတ်ရမည် မဟုတ်ပါ။ အပုဒ်ခွဲ (၁) မှ (၂၅) အထိ အစဉ်လိုက် ဖြေဆိုသင့်ပါသည်။ Section (B) မှာ မေးခွန်း No. 2 မှ No. 6 အထိ မေးခွန်း (၅)ပုဒ် ပါဝင်ပြီး Section (C) မှာ မေးခွန်း No. 7 မှ No. 15 အထိ မေးခွန်း (၉)ပုဒ် ပါဝင်ပြီး ကြိုက်နှစ်သက်ရာ မေးခွန်း (၆) ပုဒ်ကို ရွေးချယ် ဖြေဆိုရပါမည်။ မေးခွန်း (၁) ပုဒ်စီမှာ ပါဝင်သော အပုဒ်ခွဲ (a) နှင့် (b) ကို ဆက်တိုက်ဖြေဆိုရန် မလိုအပ်ပါ။ ဥပမာ No. 7.(a) ဖြေပြီး 7.(b) ကို မဖြေဆိုနိုင်သေးပါက ဆက်တိုက် ဖြေဆိုရန် မလိုအပ်ပါ။ ထိုပုစ္ဆာကို ချန်ထား၍ ရနိုင်သည့်ပုစ္ဆာများကိုသာ အရင်ဖြေဆိုသင့်ပါသည်။ သို့သော် အပုဒ်ခွဲ (b) ဖြေဆိုတိုင်း (b) တစ်ခုတည်း မရေးသင့်ပါ။ မေးခွန်းနံပါတ်နှင့် (b) ကို တွဲရေးရန် လိုအပ်ပါသည်။ ဖြေဆိုခွင့်ရှိသော ကြိုက်နှစ်သက်ရာ မေးခွန်း (၆) ပုဒ်ထက် ပိုဖြေသော်လည်း အမှတ်ပိုရမည် မဟုတ်ပါ။ ပုဒ်ရေ ပိုဖြေထားခြင်း မရှိစေရန် ဖြေဆိုပြီးတိုင်း စစ်ဆေးသင့်ပါသည်။ ဖြေဆိုရာတွင် Section (A) ပြီးမှ Section (B)၊ Section (B) ပြီးမှ Section (C) အစဉ်လိုက် ဖြေဆိုရန် မလိုအပ်ပါ။ ကြိုက်နှစ်သက်ရာ မေးခွန်းကို နံပါတ်တပ်၍ ဖြေဆိုနိုင်ပါသည်။

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်းအလိုက် ဆောင်ရန် ရှောင်ရန် သတိပြုရန် အချက်များကို ဆွေးနွေးရှင်းလင်းပါမည်။

**Chapter (1) Functions** အခန်းတွင် ဖန်ရှင်တစ်ခု၏ domain, range, image, composition of functions, inverse functions, binary operations စသည်တို့ကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာထားရန် လိုအပ်ပါသည်။ ဖန်ရှင်ဆိုင်ရာ သင်္ကေတများ မှန်ကန်စွာ အသုံးပြုတတ်ရန် လိုအပ်ပါသည်။ f နှင့် g ဖန်ရှင်နှစ်ခု ပေါင်းစပ်၍ရသော ဖန်ရှင်ဖြစ်သည့် composite of f and g ကို သင်္ကေတ $f_o g$ ဖြင့် ရေးပြီး၊ $f_o g$ ၏ formula ကို

$(f_o g)(x) = f(g(x))$ ဟု မှန်ကန်စွာရေးတတ်ရမည်။

$(f_o g)(x) = f(g(x)$ (ညီမျှခြင်း၏ လက်ယာဘက်တွင် ကွင်းပိတ် ဝိုက်ကွင်း တစ်ခုကျန်နေခြင်း) (သို့မဟုတ်)

$(f_o g)(x) = f(g(x)))$ (ညီမျှခြင်း၏ လက်ယာဘက်တွင် ကွင်းပိတ် ဝိုက်ကွင်းတစ်ခုပိုနေခြင်း) (သို့မဟုတ်)

$f_o g(x) = f(g(x))$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် ကွင်းပိတ်ဝိုက်ကွင်း နှစ်ခုလိုနေခြင်း) (သို့မဟုတ်)

$(f_o g)(x) = f(g(x))$ (ညီမျှခြင်း၏ လက်ယာဘက်တွင် ပိုနေခြင်း) မဖြစ်စေရန် သတိပြုရမည်။

အစုနှစ်ခုကြား ဆက်သွယ်နေသော ဖန်ရှင်တစ်ခု f သည် one-to-one correspondence ဖြစ်လျှင်နှင့် ဖြစ်မှသာလျှင် ၎င်း၏ inverse function တည်ရှိပြီး inverse function သင်္ကေတကို $f^{-1}$ ဟု ရေးသည်။ ကျောင်းသား ကျောင်းသူအများစု မှားတတ်သောအမှားမှာ inverse function သင်္ကေတ $f^{-1}$ အစား $f'$ (သို့မဟုတ်) $f^{-}$ သင်္ကေတများ ရေးသားခြင်းဖြစ်သည်။ ထိုသို့ မှားယွင်းမရေးသားမိစေရန် သတိပြုရပါမည်။

A သည် အစုတစ်ခုဖြစ်ပြီး product set A x A မှ A သို့ ဆက်သွယ်နေသော $\odot$ သည် Product set A x A ၏ အစုဝင်တစ်ခု (x, y) အား ဖန်ရှင်တစ်ခုဖြင့် ဆက်သွယ်၍ရရှိသော Image ကို သင်္ကေတ $x \odot y$ ဖြင့် ပြလေ့ရှိသည်။ image ဖြစ်သော $x \odot y$ တိုင်း codomain A ထဲတွင် ရှိလျှင် $\odot$ ကို binary operation ဟုခေါ်သည်။ Image ဖြစ်သော $x \odot y$ တိုင်း codomain A ထဲတွင် ရှိခြင်းကို closure law ဟု ခေါ်ဆိုလေ့ရှိသည်။ အကြမ်းအားဖြင့် ဖြေဆိုသူများအတွက် နားလည်အောင် ပြောလိုသည်မှာ binary operation ဖြစ်ကြောင်း သက်သေပြတိုင်း ကိန်းရှင် x, y, . . . စသည်တို့ကို အသုံးပြု၍ element နှစ်ခု၏ operation ကို closure ဖြစ်ကြောင်း သက်သေပြရမည်။ binary operation မဖြစ်ကြောင်း သက်သေပြတိုင်း ကိန်းသေ 1, 2, . . . စသည်တို့ကို အသုံးပြု၍ element နှစ်ခု၏ operation ကို closure မဖြစ်ကြောင်း သက်သေပြရမည်။ အလားတူ ဖလှယ်ရ ဥပဒေသ(commutative law) နှင့် ဖက်စပ်ရ ဥပဒေသ(associative law) များ မှန်ကန်ကြောင်း သက်သေပြလိုလျှင် မည်သည့်အစုဝင်အတွက်မဆို ဥပဒေသ မှန်ကန်ကြောင်း သက်သေပြရန် လိုအပ်ပါသည်။ အစုဝင် အချို့အတွက်သာ ဆင်ခြင်ပြီး ဥပဒေသမှန်ကန်ကြောင်း သက်သေပြချက်သည် ပြီးပြည့်စုံသော အဖြေမဟုတ်ကြောင်း သတိပြုရပါမည်။

**Chapter (2) The Remainder Theorem and The Factor Theorem** အခန်းမှာ Remainder theorem နှင့် Factor theorem နှစ်ခုပါဝင်ပြီး x ပါဝင်သော polynomial များကို f(x), g(x), h(x) သင်္ကေတများဖြင့် ဖော်ပြလေ့ရှိသည်။ ဖြေဆိုသူ အချို့သည် Remainder Theorem နှင့် Factor Theorem ဆိုင်ရာ ပုစ္ဆာများ ဖြေဆိုရာတွင် မေးထားသော မေးခွန်းကို သေချာစွာမဖတ်ခြင်းကြောင့် အဖြေများလိုနေခြင်း ပိုနေခြင်းများ တွေ့ရပါသည်။

ဥပမာ။ Find the remainder when the polynomial x8 + 2x – 5 is divided by x – 1.

အထက်ပါပုစ္ဆာ၏ အဖြေမှာ

Let $f(x) = x^8 + 2x - 5$

When f(x) is divided by x – 1,

the remainder = f(1) = 1 + 2 – 5 = – 2 ဖြစ်သည်။

ဤနေရာတွင် မေးခွန်း၌ find the remainder ဟု မေးထားသောကြောင့် အဖြေတွင် the remainder စာသား ပါရမည်။ ၎င်းပြင် find the factors, find the other factors, solve the equation, factorize the polynomial completely စသည်တို့ပါဝင်သော မေးခွန်းများကိုလည်း ဖြေဆိုမှုမှန်ကန်အောင် သေချာစွာနားလည်အောင် လေ့ကျင့်သင့်ပါသည်။ ဥပမာ factorize the polynomial completely ဆိုသည့် မေးခွန်းကို ဖြေဆိုရာတွင် ရလာသော factor များ၏ မြှောက်ခြင်း၌သာ ဖြေဆိုမှုကို အဆုံးသတ်ရမည်ဖြစ်ပြီး ဆက်လက်ဖြေဆိုခြင်းမှာ မေးထားသော မေးခွန်းကို နားမလည်ရာရောက်ပါသည်။ အလားတူ find the other factors ဟု မေးထားသော မေးခွန်းကို ဖြေဆိုရာတွင်လည်း ကျန်သော factor များကိုသာ ဖော်ပြရေးသားရမှာဖြစ်ပြီး factor အားလုံး ဖော်ပြရေးသားရန် မလိုအပ်ပါ။

**Chapter (3) The Binomial Theorem** အခန်းမှ အက္ခရာကိန်းတွဲ (binomial) များအကြောင်းကို ဆွေးနွေး တင်ပြပါမည်။ binomial များနှင့် သက်ဆိုင်သော ဂုဏ်သတ္တိများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး သင်္ချာဘာသာရပ် အတွက်လည်း အသုံးဝင်သည်။ ပုစ္ဆာများ ဖြေရှင်းရာတွင် binomial expansion (သို့မဟုတ်) (r + 1)th term formula ကို အဆင်ပြေသလို အသုံးပြုနိုင်သည်။ ဥပမာအားဖြင့် $x + (\frac{1}{x})^n$ အကျယ်ဖွင့်မှု (r + 1) အကြိမ်မြောက် ကိန်းလုံးရေးသားရာတွင်

$(r + 1)\text{th term} = {}^nC_r\, x^{n-r} (\frac{1}{x})^r$ ဟု ပြည့်စုံမှန်ကန်စွာ ရေးသားရန် လိုအပ်ပါသည်။

(r + 1) အကြိမ်မြောက် ကိန်းလုံးကို (r + 1)th term ဆိုသည့် စကားလုံးမပါဘဲ $x + (\frac{1}{x})^n = {}^nC_r\, x^{n-r} (\frac{1}{x})^r$ ဟု ရေးသားခြင်း (သို့မဟုတ်)

$(r + 1)\text{th term} = {}^nC_r\, x^{n-r}\ \frac{1}{x}\ ^r$ ဟု ရေးသားခြင်းတွင် ညီမျှခြင်း၏ လက်ယာဘက်တွင် $\frac{1}{x}$ ကို ဝိုက်ကွင်း မခတ်ဘဲ ရေးသားခြင်းများ မဖြစ်စေရန် ဂရုပြုရမည်ဖြစ်သည်။ အကယ်၍ $(x + \frac{1}{x})^n$ ကို ပထမကိန်းသုံးလုံး အကျယ်ဖွင့်ပုံစံဖြင့် ရေးမည်ဆိုလျှင်

$x + (\frac{1}{x})^n = {}^nC_0\, x^n + {}^nC_1\, x^{n-1}(\frac{1}{x}) + {}^nC_2\, x^{n-2}(\frac{1}{x})^2 + \ldots$ ဟု ပြည့်စုံမှန်ကန်စွာ ရေးသားရမည်။ သို့သော် n ထပ်အကျယ်ဖွင့်မှာ ကိန်းလုံးရေပေါင်း (n + 1) လုံး ရှိသဖြင့် ပထမကိန်းသုံးလုံး အကျယ်ဖွင့်ပုံစံကို $(x + \frac{1}{x})^n = {}^nC_0\, x^n + {}^nC_1\, x^{n-1}(\frac{1}{x}) + {}^nC_2\, x^{n-2}(\frac{1}{x})^2 +$ ဟု ရေးသားခြင်းသည် ကိန်းသုံးလုံးတည်းကိုသာ ဖော်ပြခြင်းဖြစ်သောကြောင့် ပြည့်စုံလုံလောက်မှုမရှိပါ။ အကျယ်ဖွင့်တွင်ပါဝင်သော " . . . " ၏ သဘောမှာ ပထမကိန်းသုံးလုံး၏ နောက်တွင် လက်ကျန်ကိန်းများ ရှိနေသေးသည့်သဘောကိုဆောင်ပါသည်။ ဥပမာ find the coefficient of $x^2$ ဟု မေးထားသောမေးခွန်းကို ဖြေဆိုမည်ဆိုလျှင် $x^2$ ၏ မြှောက်ဖော်ကိန်းဟု မေးထားသဖြင့် အဖြေ၌ $x^2$ မပါဝင်ရန် လိုအပ်ပါသည်။ အလားတူ find the term independent of x, find the constant term ဟု မေးထားသော မေးခွန်းများကို အဖြေ၌ x မပါဝင်ရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ $(2x + 3)^5$ ၏ အကျယ်ဖွင့်မှာ

$$(2 + 3x)^5 = 2^5 + 5(2)^4 (3x) + 10(2)^3 (3x)^2 + \ldots$$
$$= 32 + 240\,x + 720\,x^2 + \ldots$$

ဖြစ်သည့်အတွက် $x^2$ ၏ မြှောက်ဖော်ကိန်း (the coefficient of $x^2$) မှာ 720 ဖြစ်သည်။ $x^2$ ၏ မြှောက်ဖော်ကိန်း (the coefficient of $x^2$) မှာ 720 $x^2$ ဟု ဖြေလျှင် မှားပါသည်။ $x^2$ ပါသောကိန်း (the term in $x^2$) ရှာပါဟု မေးခဲ့လျှင် 720 $x^2$ ဟု ဖြေဆိုရပါမည်။

**Chapter (4) Inequations** အခန်းမှာ x ပါဝင်သော နှစ်ထပ်ကိန်းမညီမျှခြင်း (quadratic inequation) များ၏ solution set ကို method နှစ်ခုဖြင့် ဖြေရှင်းခြင်းဖြစ်သည်။ မေးခွန်းလွှာတွင် သတ်မှတ်ပေးထားသော method ဖြင့်သာ ဖြေရှင်းရမည်ဖြစ်သည်။ algebraic method ကို အသုံးပြု၍ တွက်ပါဟု မေးလျှင် algebraic method ကိုသာ အသုံးပြု၍ တွက်ရမည်။ graphical method ကို အသုံးပြု၍ တွက်ပါဟု မေးလျှင် graphical method ကိုသာ အသုံးပြု၍ တွက်ရမည်။ algebraic method ကို အသုံးပြု၍ တွက်ပါဟု မေးထားသော မေးခွန်းကို graphical method ကို အသုံးပြု၍ ဖြေဆိုခြင်းသည် မေးခွန်းတွင် သတ်မှတ်ပေးထားသော method ကို ဆန့်ကျင်ရာရောက်ပါသည်။ မည်သည့် method ကို အသုံးပြု၍ တွက်ပါဟူသော စာသားမပါလျှင် ကြိုက်ရာ method ကို အသုံးပြု၍ တွက်နိုင်သည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် quadratic inequation တိုင်းကို method နှစ်ခုစလုံးဖြင့် တွက်တတ်အောင် လေ့ကျင့်ထားသင့်သည်။ algebraic method ဖြင့် ဖြေရှင်းရာတွင် and နှင့် or ကို သူ့နေရာနှင့်သူ ဆီလျော်အောင် အသုံးပြုတတ်ရန် လိုအပ်ပါသည်။ graphical method ဖြင့် ဖြေရှင်းရာတွင်လည်း မျဉ်းကွေးပုံကို သတ်မှတ်ချက်ပြည့်စုံအောင် ဆွဲသားရန်လိုအပ်ပါသည်။

**Chapter (5) Sequences and Series** အခန်းမှာ A.P., G.P. တို့၏ nth term "$u_n$", sum of the first n terms "$S_n$", A.M, G.M နှင့် sum to infinity "S" ပုံသေနည်းများ သိထားရန် လိုအပ်ပါသည်။ ဖြေဆိုသူအများစုမှာ $u_n$ နှင့် $S_n$ ပုံသေနည်းများကို လွဲမှားစွာ အသုံးပြုတတ်သည်။ ထို့အတူ A.P. ပုံသေနည်းများနှင့် G.P. ပုံသေနည်းများ မရောထွေးရန် လိုအပ်ပါသည်။ အထူးသဖြင့် ကန့်သတ်မဲ့ G.P. တစ်ခု၏ sum to infinity ပုံသေနည်း "S" အစား "$S_\infty$" ဖြင့် ကိုယ့်သဘောနှင့်ကိုယ် ပြုပြင်မရေးမိစေရန် သတိထားရမည်။ ဥပမာ the sum of the first 8 terms of the A.P. ကို ပထမဦးစွာ ပေါင်းလဒ်ပုံသေနည်း

$S_n = \frac{n}{2}\{2a + (n-1)d\}$ ဟု ရေးပြီး နောက်တစ်ကြောင်းတွင်

$= \frac{8}{2}\{2a + (8-1)d\}$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် "$S_8$" မပါဘဲ ရေးခြင်း)

(သို့မဟုတ်) (ညီမျှခြင်း၏ လက်ဝဲဘက်တွင် "$S_8$" အစား "$S_n$" ဟုရေးခြင်း) စသည်တို့ မပြုလုပ်မိအောင် ဂရုစိုက်ရမည်။

**Chapter (6) Matrices** အခန်းမှာ matrix နှစ်ခု တူညီခြင်း၊ အခြေခံ လုပ်ထုံးများ ဖြစ်သော matrix နှစ်ခုပေါင်းခြင်း၊ နုတ်ခြင်း၊ matrix တစ်ခုကို scalar ဖြင့် မြှောက်ခြင်း၊ matrix နှစ်ခု မြှောက်ခြင်း စသည်တို့ကို ကျွမ်းကျင်စွာ တတ်ထားရပါမည်။ order 2x2 ရှိသော matrix တစ်ခု A ၏ determinant of A = 0 ဖြစ်လျှင် A ကို singular matrix ဟု ခေါ်ပြီး၊ $A^{-1}$ မရှိပါ။ အကယ်၍ determinant of A $\neq$ 0 ဖြစ်လျှင် A ကို nonsingular matrix ဟု ခေါ်ပြီး $A^{-1}$ ရှိသည်ဟု သိထားရမည်။ သို့မှသာ order 2x2 ရှိသော matrix တစ်ခု၏ inverse ကို အသုံးပြုပြီး မသိကိန်းနှစ်ခုပါ တစ်ပြိုင်နက်ညီမျှခြင်းစနစ်ကို ဖြေရှင်းတတ်မှာ ဖြစ်ပါသည်။ ထို့အပြင် transpose matrix of A ကို " A' " နှင့် inverse matrix of A ကို " $A^{-1}$" ဟု မှန်ကန်စွာ ရေးသားရမည်။ အထူးသတိပြုရမည်မှာ matrix နှစ်ခု မြှောက်ခြင်း AB ကို A × B (သို့မဟုတ်) A·B ဟု ရေးသားခြင်းများ မပြုလုပ်သင့်ပါ။

**Chapter (7) Introduction to Probability** အခန်းမှာ ဖြစ်ရပ်တစ်ခု၏ ဖြစ်နိုင်စွမ်း (probability of an event) ကို တွက်ချက်ရန် ပေးထားသော စမ်းသပ်ချက်မှ ကန့်သတ်မှုရှိသော possible outcomes အရေအတွက်ကို ရှာတတ်ရမှာဖြစ်ပြီး မေးထားသော မေးခွန်း၏ favourable outcomes အရေအတွက်ကိုလည်း ရှာတတ်ရမည်။ မည်သည့်ဖြစ်ရပ်(event) A အတွက်မဆို ဖြစ်နိုင်စွမ်းတန်ဖိုး P(A) သည် $0 \leq P(A) \leq 1$ ဖြစ်သည်ကို မှတ်သားထားရမည်။ ထို့ပြင် A မဖြစ်ပေါ်သော ဖြစ်နိုင်စွမ်း P (not A) = 1 – P(A) ဖြစ်ကြောင်းကို သိထားရမည်။ Random experiment တစ်ခု၏ possible outcomes များကို tree diagram ဆွဲ၍ သော်လည်းကောင်း၊ table(ဇယား) တည်ဆောက်၍ သော်လည်းကောင်း ရှာယူတတ်ရမည်။ tree diagram ဆွဲသားခြင်းနှင့် table (ဇယား) တည်ဆောက် ခြင်းတို့တွင် heading ပါရန် လိုအပ်ပါသည်။ ပြင်ပလောကနှင့် မတူသော သင်္ချာ အယူအဆတစ်ခုကို တင်ပြပါမည်။ ဥပမာ 025 ဆိုသည့်ကိန်းသည် ဆယ်ကိန်း တစ်ခုသာဖြစ်ပြီး၊ ရာဂဏန်း(hundred digit) နေရာတွင် ရှိနေသော "0" ကို ရာဂဏန်း (hundred digit) အဖြစ် အသုံးပြု၍ မရပါ။

စာမျက်နှာ (၁၉) သို့

စာမျက်နှာ (၁၈) မှ

Mutually exclusive events နှင့် independent events များ အကြောင်း ဆက်လက်ဆွေးနွေးပါမည်။ Random experiment တစ်ခုရှိ ဖြစ်ရပ်နှစ်ခု A နှင့် B တို့အနက် ဖြစ်ရပ် A (သို့မဟုတ်) ဖြစ်ရပ် B တစ်ခုသာဖြစ်နိုင်ပြီး ဖြစ်ရပ်နှစ်ခုလုံး တစ်ပြိုင်နက်မဖြစ်နိုင်သော ဖြစ်ရပ်များ ဖြစ်လျှင်၊ တစ်နည်းအားဖြင့် ဖြစ်ရပ်နှစ်ခု A နှင့် B တွင် ဘုံပါဝင်သော outcome များ မရှိလျှင် ဖြစ်ရပ်နှစ်ခု A နှင့် B တို့ကို mutually exclusive events ဟု ခေါ်ပြီး၊ P(A or B) = P(A) + P(B) ဟု ရေးသည်။ Random experiment တစ်ခုရှိ ဖြစ်ရပ် A နှင့် ဖြစ်ရပ် B နှစ်ခုလုံး ဖြစ်နိုင်သော ဖြစ်ရပ်များဖြစ်လျှင်၊ တစ်နည်းအားဖြင့် ဖြစ်ရပ် A နှင့် B တို့သည် ဖြစ်ရပ် တစ်ခုနှင့်တစ်ခု မမှီခိုသော ဖြစ်ရပ်များဖြစ်လျှင် ဖြစ်ရပ် A နှင့် B တို့ကို independent events ဟု ခေါ်ပြီး၊ P(A and B) = P(A) x P(B) ဟု ရေးသည်။ အထူးသဖြင့် ကျောင်းသားကျောင်းသူ အများစုမှာ မေးထားသော probability ပုစ္ဆာများ၏ အဖြေကို စဉ်းစားရာတွင် mutually exclusive events နှင့် independent events တို့ကို မှားယွင်းဖြေဆိုတတ်ကြသည်။ အကြံပြုလိုသည်မှာ probability ပုစ္ဆာများကို မေးခွန်းနားလည်အောင် ဖတ်ပြီးမှ တွက်ချက်စေလိုပါသည်။

**Chapter (8) Circles** အခန်းမှာ အပိုင်းသုံးပိုင်း ပါဝင်ပြီး ပထမအပိုင်းတွင် စက်ဝိုင်းတစ်ခု၏ အဝန်းခံထောင့်များနှင့် ပတ်သက်သော သီအိုရမ်များ (Theorem 1 မှ Theorem 4 ထိ)၊ ဒုတိယအပိုင်းတွင် chord, tangent နှင့် secant segment တို့၏ product property များကို ဖော်ပြသော သီအိုရမ်များ(Theorem 5 မှ Theorem 6 ထိ)၊တတိယအပိုင်းတွင် concyclic points နှင့် concyclic သီအိုရမ်များ (Theorem 7, Theorem 9, Theorem 10) ဖြစ်သည်။ geometry ပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်သောပုံ ပါရမည်ဖြစ်ပြီး ဆွဲသားသောပုံသည် မှန်ကန်ရန် လိုအပ်ပါသည်။ အသုံးပြုသော ထောင့်သင်္ကေတများကိုလည်း ဆွဲသားသောပုံတွင် ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။ သက်သေပြရာတွင် သင်ကြားပေးထားသည့်အတိုင်း အလွတ်ကျက်မှတ် ဖြေဆိုခြင်းများကို ရှောင်သင့်ပါသည်။ မေးထားသောပုစ္ဆာ၏ အဖြေအား စဉ်းစားသည့်အခါ မည်သည့်သီအိုရမ်ကို အသုံးပြု၍ ဖြေရှင်းနိုင်သည်ဟု ကြံဆတွေးတောနိုင်ရမည်။ သို့မှသာ geometry ပုစ္ဆာများကို ကြောက်ရွံ့မှုမရှိစွာ ဖြေရှင်းနိုင်လာမည်ဖြစ်သည်။

**Chapter (9) Areas of Similar Triangles** အခန်းမှာ နဝမတန်းတွင် သင်ကြားခဲ့ရသည့် တြိဂံနှစ်ခု သဏ္ဍာန်တူခြင်းဆိုင်ရာ သီအိုရမ်များကို ပြန်လည် သိထားရန်လိုအပ်ပါသည်။ ယခုအတန်းမှာ သဏ္ဍာန်တူတြိဂံနှစ်ခု၏ ဧရိယာများ အချိုးသည် လိုက်ဖက်အနားများ (သို့မဟုတ်) လိုက်ဖက်အမြင့်မျဉ်းများ (သို့မဟုတ်) လိုက်ဖက် အလယ်မျဉ်းများ (သို့မဟုတ်) လိုက်ဖက်ထောင့်ထက်ဝက်ပိုင်းမျဉ်းများ၏ နှစ်ထပ်ကိန်းများနှင့် အချိုးတူသည် ဟူသော အချက်များ သိထားရပါမည်။ တြိဂံနှစ်ခု သဏ္ဍာန်တူကြောင်း သက်သေပြပြီးတိုင်း မည်သည့်သီအိုရမ် မည်သည့် ကော်ရော်လာရီအရ သဏ္ဍာန်တူသည်ကို ထည့်သွင်းဖော်ပြပေးရန် လိုအပ်ပါသည်။ သဏ္ဍာန်တူခြင်း သင်္ကေတ "$\sqcup$"နှင့် ထပ်တူညီခြင်း သင်္ကေတ "$\cong$" များ မှားယွင်းဖော်ပြခြင်း မပြုမိစေရန် သတိပြုရပါမည်။

**Chapter (10) Introduction to Vectors and Transformation Geometry** အခန်းမှာ geometric vector များ၏ ပေါင်းခြင်း၊ နုတ်ခြင်းနှင့် စကေလာဖြင့်မြှောက်ခြင်း စသည့် အခြေခံလုပ်ထုံးများအပြင် parallel vectors ဂုဏ်သတ္တိ၊ collinear ဂုဏ်သတ္တိများကိုလည်း သိထားရမည်။ ထို့ပြင် position vector, section formula နှင့် two dimensional vector များ အကြောင်းကိုလည်း သိထားသင့်ပါသည်။ Transformation geometry ဆိုင်ရာ matrix များ ဖြစ်သည့် reflection matrix, rotation matrix နှင့် translation matrix များကိုလည်း မှတ်သားထားရန် လိုအပ်ပါသည်။ အထူးသဖြင့် ပုစ္ဆာများတွက်ချက်ရာတွင် ဗက်တာသင်္ကေတမြား "$\rightarrow$" မကျန်စေရန် သတိပြုရမည်။

**Chapter (11) Trigonometry** အခန်းမှာ နဝမတန်းတွင် သင်ကြားခဲ့ရသည့် ထောင့်မှန်တြိဂံတစ်ခုအတွင်းရှိ ထောင့်ကျဉ်းတစ်ခုမှ ရသော အခြေခံအချိုး (၆) ချိုးနှင့် အထူးထောင့်များဖြစ်သော $30°, 45°, 60°$ စသည်တို့၏ trigonometric ratio များကိုလည်း မှတ်ထားရမည်။ ထို့ပြင် general angle formulae, compound angle formulae, double angle formulae, half angle formulae, factor formulae စသည်များကိုလည်း သိထားသင့်ပါသည်။ သို့မှသာ ၎င်း formula ကို အသုံးပြု၍ trigonomeric equation, trigonometric identity များကို ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ law of sines နှင့် law of cosines တို့ကို အသုံးပြု၍ တြိဂံတစ်ခု၏ လိုအပ်သောထောင့်နှင့် လိုအပ်သော အနားများကို ရှာတတ်ရန်လည်း လိုအပ်ပါသည်။ အကြံပြုလိုသည်မှာ law of sines ကို အသုံးပြု၍ တြိဂံတစ်ခု၏ လိုအပ်သောထောင့်များ ရှာရာတွင် အငယ်ဆုံးထောင့်မှစ၍ ရှာသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှာသောထောင့်သည် ထောင့်ကျယ် ဖြစ်နေသော်လည်း law of sines ကို အသုံးပြု၍ တွက်ချက်လျှင် ထောင့်ကျဉ်းသာ ရလာပြီး ဖြေဆိုသူအနေဖြင့် အမှန်ဟုယူဆတတ်ပါသည်။ ညွှန်ထောင့်ပါသော ပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်သောပုံ ပါရမည်ဖြစ်ပြီး ဆွဲသားသောပုံသည် မှန်ကန်ရမည့်အပြင် logarithm tables ဖြင့် အသုံးပြုတွက်ချက်သောဇယားကို ထည့်သွင်းဖြေဆိုရန် လိုအပ်ပါသည်။ ထောင့်များ၏ ဒီဂရီနှင့် မိနစ် သင်္ကေတများ မကျန်စေရန် သတိပြုပါ။

**Chapter (12) Calculus** အခန်းမှာ ပထမဦးစွာ ကျောင်းသားကျောင်းသူ အများစု limit ရှာသော ပုစ္ဆာများ တွက်ချက်ရာတွင် ဖြေဆိုပုံ လိုအပ်ချက်ကို တင်ပြပါမည်။ ဥပမာ Calculate $\lim\limits_{x\to\infty}\frac{2x}{3x+4}$ ပုစ္ဆာကို တွက်ချက်ရာတွင်

$$\lim_{x\to\infty}\frac{2x}{3x+4}=\lim_{x\to\infty}\frac{2}{3+\frac{4}{x}}$$

$$=\frac{2}{3+0}\quad\text{.......(*)}$$

$$=\frac{2}{3}$$

ဟု မှန်ကန်စွာ ဖြေဆိုရမည်။ (*) ပြထားသော အဆင့်တွင် ပိုင်းခြေ၌ ပါဝင်နေသော "0" သည် $\lim\limits_{x\to\infty}\frac{4}{x}=0$ ဆိုသည့် အဓိပ္ပာယ်ကို ဆောင်သည်။ ထို့ကြောင့် $\lim\limits_{x\to\infty}\frac{2x}{3x+4}=\lim\limits_{x\to\infty}\frac{2}{3+\frac{4}{x}}=\frac{2}{3}$ ဟု ဖြေဆိုခြင်းနှင့် $\lim\limits_{x\to\infty}\frac{2x}{3x+4}=\lim\limits_{x\to\infty}\frac{2}{3+\frac{4}{x}}=\lim\limits_{x\to\infty}\frac{2}{3}$ ဟု ဖြေဆိုခြင်းများ မရှိစေရန် သတိထားရမည်။ ကိန်းရှင် x ၏တန်ဖိုး သေးငယ်သောပြောင်းလဲမှုပမာဏကို ဖော်ပြသည့် "$\delta x$" ကို $\delta$ နှင့် x မြှောက်ထားခြင်းဟု ယူဆပြီး $(\delta x)^2=\delta^2x^2$ နှင့် $2x\,\delta x=2x^2\delta$ ဟူ၍ မှားယွင်းဖြေဆိုခြင်းများ ပြုလုပ်တတ်ပါသည်။ ဖြေဆိုသူများအနေဖြင့် some particular derived function, trigonometric function, logarithm function နှင့် exponential function တို့၏ derivative formula များကိုလည်း သိထားသင့်ပါသည်။ ထို့ပြင် tangent line equation, normal line equation, maximum, minimum နှင့် point of inflexion တို့နှင့် ဆိုင်သော ပစ္ဆာများကိုလည်း လေ့ကျင့်ထားသင့်ပါသည်။

ဖြေဆိုသူအားလုံးအတွက် မှာကြားလိုသည့် အချက်များမှာ

- ဖြေဆိုထားသော အဖြေများကို ပြန်လည်စစ်ဆေးရန်
- ပြန်လည်စစ်ဆေးချိန် ပိုမိုရရှိအောင် မေးခွန်းလွှာများကို အကြိမ်ကြိမ် လေ့ကျင့်ဖြေဆိုရန်
- သင်္ချာသင်္ကေတများကို မှန်ကန်စွာ အသုံးပြုရန်
- ပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်သောအဆင့် အရေးကြီးသော အဆင့်များ မကျန်စေရန်
- မေးခွန်းတွင် အသုံးပြုရမည့်တွက်နည်း သတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသော တွက်နည်းကိုသာ အသုံးပြုရန်
- ခန့်မှန်းမေးခွန်းများကိုသာ ရွေးချယ် လေ့ကျင့်ခြင်းကို ရှောင်ရန်
- သတ်မှတ်ထားသော ပုဒ်ရေထက် ပို၍ မဖြေဆိုမိစေရန်
- အခန်းတစ်ခုချင်းစီတွင် ပါဝင်သော အဓိပ္ပာယ်သတ်မှတ်ချက်များ၊ မှန်ကန်ချက်များ၊ ပုံသေနည်းများနှင့် သင်္ချာသဘောတရားများကို ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်အောင် လေ့ကျင့်ထားရန်တို့ ဖြစ်ပါသည်။

ယခုဆွေးနွေးခဲ့သော သိကောင်းစရာများနှင့် အကြံပြုချက်များသည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူအားလုံး မိမိတို့၏ကြိုးစားအားထုတ်မှုနှင့်အတူ ဂုဏ်ထူးမှတ် ရာပြည့်မှတ်များဖြင့် အောင်မြင်မှုများရရှိစေရန်ကြိုးစားကြစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။

## ပလက်ဝ-မတူပီလမ်းပိုင်းကို ချိတ်ဆက်ပေးမည့် ဆမီး-ကန်ပက်လက်လမ်း ဖောက်လုပ်ရန် စတင်ဆောင်ရွက်

**ပလက်ဝ ဖေဖော်ဝါရီ ၃**



ချင်းပြည်နယ်အတွင်းရှိ တောင်ဘက်စွန်း ပလက်ဝမြို့နယ်မှစ၍ ပြည်နယ်တွင်း လမ်းမကြီးများဖြစ်သည့် မတူပီ-ဟားခါး-ဖလမ်း-သိုင်းငင်း-တီးတိန်-တွန်းဇံ လမ်းမှတစ်ဆင့်မြောက်ဘက်စွန်း ကျီခါးမြို့အထိ စုစုပေါင်းလမ်း အရှည် ၅၀၈ မိုင်ကို အသုံးပြုရန် ပြည်နယ်အစိုးရအနေဖြင့် လျာထားသတ်မှတ်ထားရှိသည်။

အဆိုပါလမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ဦးစားပေးအဆင့်အနေဖြင့် စီမံချက်ချမှတ်၍ လမ်းအဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ် အစိုးရအနေဖြင့် ပြည်နယ်အတွင်း လမ်းပိုင်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၅၇၉၁၈ ဒသမ ၉၃၃ သိန်း ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပလက်ဝ-ဆမီး-မတူပီမြေသားလမ်း ၁၃၅ မိုင်ကို အဆင့်မြှင့်တင်ခြင်း လုပ်ငန်းနှင့် လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ပလက်ဝ-ဆမီး-မတူပီ လမ်းပိုင်းပေါ်ရှိ ဆမီးမြို့မှ ဆမီး-ကန်ပက်လက် လမ်းပိုင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လမ်းဦးစီးဌာန ရန်ပုံငွေကျပ်သန်း ၂၇၀ ဖြင့် ကားလ်တောင်တန်းကုမ္ပဏီက တာဝန်ယူစတင်ဖောက်လုပ်နေသည်။ ဆမီး-ကန်ပက်လက်လမ်းကို ဇန်နဝါရီ ၂၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်၊ မြို့နယ်လမ်း ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ပထဝီအနေအထားအရ တောင်ကုန်း၊ တောင်တန်း၊ တောင်ကြား၊ ချောင်းများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသဖြစ်သည့်အပြင် ဖွံ့ဖြိုးမှု အနည်းဆုံးဒေသအဖြစ် ရပ်တည်လျက်ရှိသည်။

ယခုကဲ့သို့ ပလက်ဝ-မတူပီလမ်းပိုင်းကို ချိတ်ဆက်၍ ဆမီး-ကန်ပက်လက်လမ်းဖောက်လုပ်ရန်ဖော်ဆောင်ပေးခြင်းသည် ချင်းပြည်နယ်အတွင်း အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပြီး ဒေသဝမ်းစာဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအပြင် ပြည်နယ်အတွင်းရှိ မြို့နယ်များ တစ်မြို့နယ်နှင့် တစ်မြို့နယ် လွယ်ကူစွာအချိန်တိုအတွင်း ကူးလူးသွားလာနိုင်ရေးတို့ကို ဦးတည်ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။

ပလက်ဝမြို့နယ်သည် ကုလားတန်မြစ်ကြောင်း ဖွံ့ဖြိုးရေး စစ်တွေရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် အချက်အချာကျသည့် ဒေသတစ်ခုဖြစ်ရာ မြို့နယ်၏ အနာဂတ်ဖွံ့ဖြိုးမှုကို ပိုပြင်စွာဖော်ဆောင်ပေးနိုင်ရန် ဒေသအတွင်းမှာ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံနှင့် နှစ်နိုင်ငံဆက်သွယ်သွားလာမည့် ပလက်ဝ-ဇိုရမ်ပူရ် လမ်းကိုလည်း ဖောက်လုပ်နေပြီဖြစ်သည်။

ပလက်ဝ-မတူပီလမ်းနှင့် ချိတ်ဆက်ဖောက်လုပ်နေသည့် ဆမီး-ကန်ပက်လက်လမ်းပိုင်းသည် ရခိုင်ပြည်နယ် ကုလားတန်မြစ်ကြောင်းဒေသ ကျောက်တော်-ပလက်ဝလမ်းပိုင်း၊ ပလက်ဝဆိပ်ခံတံတားနှင့် ချိတ်ဆက်ဖောက်လုပ်နေသည့် ပလက်ဝ-ဇိုရမ်ပူရ် လမ်းပိုင်းတို့နှင့်ဆက်စပ်၍လည်းကောင်း၊ ကန်ပက်လက်-စေတုတ္တရာ-ပွင့်ဖြူ လမ်းပိုင်းမှတစ်ဆင့် ပုသိမ်-မုံရွာ ပြည်ထောင်စုလမ်းမကြီးနှင့်ချိတ်ဆက်၍ အနယ်နယ်အရပ်ရပ်သို့ ဆက်သွယ်သွားလာနိုင်မည့် လမ်းကွန်ရက်တစ်ခု ဖြစ်ပေါ်လာမည်။

ဆမီး-ကန်ပက်လက် လမ်းပိုင်းပြီးစီးသွားပါက ဒေသခံပြည်သူတို့အတွက် ကုန်စည်စီးဆင်းမှုနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းလျင်မြန်ချောမွေ့ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် လမ်းတစ်သွယ် ဖြစ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ကျော့ (ပလက်ဝ)**

## ဖားဆောင်းမြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများအား ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်

**ဖားဆောင်း ဖေဖော်ဝါရီ ၃**

ကယားပြည်နယ် ဖားဆောင်းမြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများအား ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က ဖားဆောင်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေက အဖွင့်အမှာစကားနှင့် လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများသို့ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသာစိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်တို့က လျှပ်စစ်မီးမရရှိသေးသော မိုဆာခီးကျေးရွာအုပ်စု ပယ်ခီးကျေးရွာ ကိုယ်စားလှယ်များထံသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်း ၂၄ မျိုးတို့အား အသီးသီးပေးအပ်ခဲ့ကြပြီး ကျေးရွာကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယခုလို ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကြောင့် လျှပ်စစ်မီးမရရှိသေးသော မိုဆာခီးကျေးရွာအုပ်စု ပယ်ခီးကျေးရွာအတွင်းရှိ ဒေသခံပြည်သူ အိမ်ခြေ ၂၁ လုံး၊ လူဦးရေ ၁၄၅ ဦးအပြင် နှစ်ခြင်းဘုရားကျောင်းအတွက်နှစ်စုံ၊ ကိုယ်ထူကိုယ်ထ အမကကျောင်းအတွက် တစ်စုံတို့ကိုပါ ထောက်ပံ့ပေးအပ်နိုင်ခဲ့၍ ဒေသခံပြည်သူများအနေဖြင့် ဆိုလာဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်ပြီဖြစ်၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ဒလတံတားစီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် နေအိမ်နှင့် ဈေးဆိုင်ခန်းများ ၉၀ ရာခိုင်နှုန်းပြောင်းရွှေ့ပြီး

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ကိုရီးယား-မြန်မာချစ်ကြည်ရေး ဒလတံတား စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော ဒလ မြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင် လမ်းမတစ်လျှောက်ရှိ နေအိမ်များ၊ ဈေးဆိုင် များနှင့် အဆောက်အအုံများကို ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ အပြီးသတ်ရွှေ့ပြောင်းပေး နိုင်ရန် တင်ပြထားပြီးဖြစ်ရာ ဖေဖော်ဝါရီ ၃ ရက် အထိ စီမံကိန်းနှင့် မလွတ်ကင်းသည့် နေအိမ် များနှင့် ဈေးဆိုင်ခန်းများ ၉၀ ရာခိုင်နှုန်း ပြောင်း ရွှေ့ဖယ်ရှာပေးပြီးဖြစ်ကြောင်း၊ ကမာကဆစ် ကူးတို့သမ္ဗန်ဆိပ် မြို့နယ်နာရေးကူညီမှုအသင်း ရုံးနှင့် သာသနိကအဆောက်အအုံ အနည်းငယ် တို့အား ပြောင်းရွှေ့နေရာချပေးရန် ကျန်ရှိ နေကြောင်း ကမာကဆစ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ထံမှ သိရသည်။



ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလတံတား စီမံကိန်း မကြာမီတည်ဆောက်တော့မည်ဖြစ်ရာ နေ့စဉ်သွားလာနေသော ဒေသခံပြည်သူတစ်ဦး က "ဒလမြို့နယ် ကမာကဆစ်ကူးတို့ သမ္ဗန် ဆိပ်မှ ရန်ကုန်ဘက်ကမ်းကို စက်တပ်သမ္ဗန် များနဲ့ လုပ်သားပြည်သူများ၊ ဝန်ထမ်းများနဲ့ ခရီးသွားပြည်သူများစွာတို့ကို နေ့စဉ်ပို့ဆောင် ပေးလျက်ရှိပါတယ်၊ တံတားကြီး စတင်ရင်တော့ ကမာကဆစ် သမ္ဗန်ဆိပ်ကို ပြောင်းရွှေ့ပေးဖို့နဲ့ ခရီးသည်များ သွားလာရေး အဆင်ပြေအောင် ကူးတို့နေရာသစ် ထားရှိပေးဖို့ လိုအပ်ပါတယ်၊ အခုတံတားကို ပြည်သူအများက မျှော်လင့်နေ ကြတာပါ၊ ရန်ကုန်မြစ်အတွင်းမှာ စက်တပ် သမ္ဗန်တွေနဲ့ မိုးလင်းကနေ မိုးချုပ်အထိ သွားလာနေကြတဲ့ ပြည်သူတွေရဲ့ အသက် အန္တရာယ်လုံခြုံမှုမရှိတာကြောင့် ဒီတံတားကြီး တည်ဆောက်မှ ပြည်သူအားလုံးရဲ့ ဆန္ဒတွေ၊ လုံခြုံမှုတွေ ပြည့်ဝလာနိုင်မှာပါ၊ တံတားကြီး တည်ဆောက်ပြီးစီးသွားရင် ဒီဒေသတစ်ခုနဲ့ တစ်ဆက်တည်းရှိတဲ့ ဒေသတွေပါ အားလုံး ဖွံ့ဖြိုး တိုးတက်လာမှာပါ၊ မြစ်အတွင်း မကြာခဏဖြစ် ပွားနေတဲ့ စက်သမ္ဗန်တွေ တိမ်းမှောက်မှုတွေ ကြောင့် လူ့အသက်တွေ အလွယ်တကူ ဆုံးရှုံးခဲ့ ရတာကြောင့် ရန်ကုန်မြစ်ကို ဖြတ်ကျော်မယ့် တံတားတစ်စင်း အလွန်လိုအပ်ပါတယ်" ဟု ၎င်း၏အမြင်ကို ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ပုဂ္ဂလိက ပိုင် ကူးတို့သမ္ဗန်ဆိပ် ခြောက်ခုရှိရာ ကမာအောင် ကူးတို့ဆိပ်၌ အစင်း ၁၈၀၊ ရေကန်ကူးတို့ဆိပ် ၌ ၂၂ စင်း၊ တံလျှပ်ကူးတို့ဆိပ်၌ ၄၆ စင်း၊ ဆာပါ ချောင်ကူးတို့ဆိပ်၌ ၄၁ စင်း၊ ကျောင်းစု(စက်မြေ) ကူးတို့ဆိပ်၌ ၂၂ စင်း၊ ကျောင်းစု(လက်/ခပ်) ကူးတို့ဆိပ်၌ အစင်း ၂၀ စုစုပေါင်း ၃၃၁ စင်းရှိပြီး သမဝါယမအသင်းပိုင် ကူးတို့သမ္ဗန်ဆိပ် ငါးဆိပ်၌ သမ္မတကမ်းခြေ ကူးတို့ဆိပ်၌ ၃၄ စင်း၊ ကမာ ကသွယ်ကူးတို့ဆိပ်၌ အစင်း ၃၀၊ ကမာကဆစ် ကူးတို့ဆိပ်၌ ၄၁ စီး၊ စက်မြေကူးတို့ဆိပ်၌ ၃၁ စင်း၊ မော်စက်ကူးတို့ဆိပ်၌ ၃၁ စင်း စုစုပေါင်း ၁၆၇ စင်းရှိပြီး ဒလမြို့နယ်တွင် စက်တပ်သမ္ဗန် ပေါင်း ၄၉၈ စင်းနှင့် ကုန်တင်အစင်း ၂၀ ရှိကြောင်း၊ နေ့စဉ် စက်တပ်သမ္ဗန်ကူးတို့ဆိပ်၌ သွားလာကြ သော ခရီးသည်များနှင့် ဒလ-ပန်းဆိုးတန်း သင်္ဘောဆိပ်ကမ်းမှ ပို့ဆောင်ပေးလျက်ရှိသော ချယ်ရီ(၁)၊ ချယ်ရီ(၂)၊ ချယ်ရီ(၃) တို့ဖြင့် ဒေသခံ ပြည်သူများနှင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း နှင့် ဧရာဝတီတိုင်းဒေသကြီးမှ သွားလာကြသော ခရီးသွားပြည်သူပေါင်း တစ်သိန်းဝန်းကျင်နှင့် နေ့ထူးနေ့မြတ်တို့၌ တစ်သိန်းကျော်ခန့်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ကျောက်ထုမြို့ဒေသ သမိုင်းဝင်ယောမြောင်းကြီး ကွန်ကရစ်ကျောက်စီခြင်းနှင့် မြောင်းမြေကာန့်ရံပြုလုပ်

**ကျောက်ထု ဖေဖော်ဝါရီ ၃**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသရှိ သမိုင်းဝင်ယောမြောင်းကြီးမှာ ပြီးခဲ့ သည့်နှစ်များက မိုးရွာသွန်းမှုများပြားပြီး ယိုယွင်းပျက်စီးမှုများရှိခဲ့သဖြင့် ယခုနှစ် တွင် ကွန်ကရစ်ကျောက်စီခြင်းနှင့် မြောင်းမြေကာန့်ရံ ပြုပြင်ခြင်းလုပ်ငန်း များ ဆောက်လုပ်လျက်ရှိသည်။

ယောမြောင်းကြီးမှာ ဒေသနေပြည်သူ များ လယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်း တွင် ခေတ်မီစွာဆောင်ရွက်နိုင်ရန် ဖောက်လုပ်ခဲ့ပြီး ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းလာခဲ့သည့် ရေသွယ် မြောင်းဖြစ်ကာ ယခုနှစ်တွင် မကွေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ခွင့် ပြုငွေ ကျပ်သန်း ၁၀၀ ဖြင့် ပြင်ဆင်မွမ်းမံ ခြင်းဖြစ်ကြောင်း သိရသည်။

မြောင်းပြုပြင်ရာသို့ မကွေးတိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ မကွေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းထိုက်၊ ပခုက္ကူခရိုင် ဆည် မြောင်းဦးစီးဌာနမှူး ဦးဇော်ဦးတို့မှ ဖေဖော်ဝါရီ ၂ ရက်က ကွင်းဆင်းကြည့်ရှု ကြရာ ကျောက်ထုမြို့ ဆည်မြောင်းဦးစီး ဌာနမှူး ဦးစိုးမင်းက လုပ်ငန်းဆောင်ရွက် နေမှုကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ယောမြောင်းကြီးမှာ ရှေးမြန်မာ မင်းများလက်ထက်က ဖောက်လုပ်ခဲ့ သည့် ရေသွယ်မြောင်းဖြစ်ပြီး အလျား ရှစ်မိုင်ကျော်ရှိကာ လယ်မြေဧက ၉၀၀ ခန့်ကို စိုက်ပျိုးရေနှင့် အောင်ရေများ အတွက် အကျိုးပြုနေဆဲဖြစ်ကြောင်း သိရသည်။

**၄၆၅**

## ဟသ်ာတမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်

**ဟသ်ာတ ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲ ခြင်း (VDP) စီမံကိန်းရန်ပုံငွေလွှဲပြောင်း ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ကညင်ငူအုပ်စု အုတ်ပုံကျေးရွာ၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ် ဦးကျော်စိုးနှင့် ဦးစီးအရာရှိ ဦးသူရ လင်း(နည်းပညာ)တို့က ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အုတ်ပုံကျေးရွာဖွံ့ဖြိုး ရေးကော်မတီသို့ လွှဲပြောင်းပေးအပ် သည်။

အဆိုပါကျေးရွာတွင် နှစ်အလိုက် ဦးစားပေးစီမံချက်ဖြစ်သည့် ကျေးရွာ တွင်းလမ်းမအား (VDP) စီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူ ထည့်ဝင် ငွေကျပ် ၃၅ သိန်းတို့ဖြင့် လမ်း အရှည်ပေ ၄၂၀၀၊ အကျယ် ၁၂ ပေ၊ ခြောက်လက်မထု ကျောက်ချောလမ်းခင်း ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။

**ကျော်ကျော်(ပြန်/ဆက်)**



မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်အစည်းအဝေးကို ဖေဖော်ဝါရီ ၁ ရက်က တာမွေ မြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မဒါနလမ်းရှိ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မောင်မောင်**

## ပလိပ်အင်းနှင့် တောင်သမန်အင်းတွင် ကျက်စားသောဆောင်းခိုငှက်များအား နိုင်ငံခြားသား ငှက်သုတေသနပညာရှင်များ လာရောက်လေ့လာမှုများပြား

**မန္တလေး ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်အင်းရေတိမ်ဒေသနှင့် အမရပူရမြို့နယ် တောင်သမန်အင်းတွင် ကျက်စားသော ဆောင်းခိုငှက်များကို နိုင်ငံ ခြားသား ငှက်သုတေသနပညာရှင်များ၊ ပြည်တွင်း ငှက်သုတေသနပြုသူများ၊ ငှက်ချစ် သူများ လာရောက်လေ့လာမှုများပြားလျက် ရှိကြောင်း မြန်မာငှက်နှင့် ဆောင်းခိုငှက်များ ထိန်းသိမ်းစောင့်ရှောက်ရေးငှက်ချစ်သူများ အသင်း၊ အထက်မြန်မာပြည် အခြေစိုက်ရုံး မန္တလေးတိုင်း ဒေသကြီးဇုန်(ပလိပ်အင်း) ပြန်ကြားရေးနှင့် ဧည့်ကြိုဌာနမှ ဦးအောင်သွင် နှင့် ဧည့်လမ်းညွှန် ဦးညဏ်မျိုးထက်တို့က ပြော သည်။

အဆိုပါဒေသတွင် အဦးဆုံးရောက်ရှိလာ သော ဆောင်းခိုငှက်များမှာ တောင်န်းရိုင်း (Greylag goose)၊ ခရုတုတ်(Asian openbill)၊ ဟသ်ာ၊ ဥပန်းငှက် (Oriental darter)၊ တစ်တီ တူး(Grey headed lapwing )၊ မြီးညှောင့်ငှက် (White wagtail)နှင့်အတူ အခြားရှားပါး ငှက် မျိုးစိတ်များလည်းပါဝင်သည်။ ပလိပ်အင်း အတွင်းရေငှက်မျိုးစိတ် ၃၇ မျိုး၊ အခြားငှက် မျိုးစိတ် ခုနစ်မျိုး၊ ငါးမျိုးစိတ်ရှစ်မျိုးကျက်စား ကြောင်း မှတ်တမ်းပြုထားသည်။ ကွင်းဆင်း လေ့လာမှုမှတ်တမ်းများအရ ရေငှက်မျိုး စိတ်၃၀၊ ရာသီအလိုက် ပြောင်းရွှေ့ကျက်စား သည့် ဆောင်းခိုငှက် ၁၁ မျိုး၊ ဒေသမျိုးရင်း ငှက်မျိုးစိတ် ၁၉ မျိုးနှင့် အခြားမျိုးစိတ်များ ကျက်စားကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ကျက်စားသော ဆောင်းခိုငှက်ထက် ပလိပ်အင်းအတွင်း ကျက်စားသော ဆောင်းခိုငှက်မျိုး ခိုငှက်က ပိုမိုများပြားသည်။ ပလိပ်အင်းမှာ လူသွားလာ မှုနည်းပြီး ငှက်များကျက်စား၍ကောင်းသည်။ ယင်းအင်းမှာ ဧရာဝတီမြစ်လက်တက်ဖြစ် သော မြစ်ငယ်မြစ်မှ အင်းအတွင်း ရေဝင်ရေ ထွက်ပြုလုပ်သည်။ ရေအရည်အသွေးမှာ စံ ၉ ဒသမ ၂ ဖြစ်သည်။ အင်းအတွင်းတွင် ကြာလင်ပန်း (Nymphoides) ပေါ်များစွာ ပေါက်ရောက်ခြင်းနှင့်အတူ အခြားအပင် များဖြစ်သည့် ရေမှော် (Blyxa)၊ ကနဖော့ (Jussiaea)၊ ဟင်းချန် (BottiaCordata)၊ ရေ ကန်စွန်း (Ipomaea)တို့လည်းပေါက်သည်။ ပလိပ်အင်းနှင့် တောင်သမန်အင်းအတွင်း ကျက်စားသော ဆောင်းခိုငှက်များကို နိုင်ငံ ခြားသား ငှက်သုတေသနပညာရှင်များ ပြည် တွင်း ငှက်သုတေသနပြုသူများ၊ငှက်ချစ်သူ များ လာရောက် လေ့လာမှုများပြားလျက်ရှိ ကြောင်းသိရသည်။

**နွေနဒီ(မြစ်ငယ်)**

## စေတုတ္တရာမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်း အင်ဂျင်ဖြင့် မီးလင်းရေးဖွင့်ပွဲကျင်းပ

**စေတုတ္တရာ ဖေဖော်ဝါရီ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ လူထုဗဟိုပြု စီမံကိန်း စတုတ္ထနှစ် အကောင်အထည်ဖော်မှုအနေဖြင့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ခြင်ပစ်ကိုင်းကျေးရွာတွင် အင်ဂျင်ဖြင့်မီးလင်းရေး အဆင့် မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခြင်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူ များက တက်ရောက်ပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် လွှတ်တော် ကိုယ်စားလှယ်က အမှာစကားပြောကြားကာ ဒုတိယညွှန်ကြားရေးမှူးက လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်သည့် သိကောင်းစရာများအား ရှင်းလင်း ပြောကြားပြီး တက်ရောက်လာသော ဒေသခံကျေးရွာပြည်သူလူထုကိုယ်စား ဒေါ်ငြိမ်းငြိမ်းအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အင်ဂျင်စက်သည် မြင်းကောင်ရေ ၂၃ ကောင်ရှိပြီး 10KVA Generator ဖြင့် တွဲဖက်အသုံးပြုနိုင်ကာ စတုတ္ထနှစ် လူထုဗဟိုပြုစီမံကိန်း ထောက်ပံ့ငွေ ၁၉၄၄၄၆၂၅ ကျပ်၊ ကျေးရွာထည့်ဝင်ငွေကျပ် ၄၂၀၀၀၀၀ စုစုပေါင်းငွေကျပ် ၂၃၆၄၄၆၂၅ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မသူလွင် (မကွေး-ကိုယ်ပွား)**





ဆွေဇင်နေမင်း

# သိန်းစိုး (သို့မဟုတ်) သီအိုရီတွေထဲက ခွဲထွက်လာတဲ့ ဗီလိန်

ဗီလိန်သရုပ်ဆောင်တစ်ယောက်က ရုပ်ရှင်တစ်ကားတည်းနဲ့ ဝက်ဝက်ကွဲအောင်မြင်တယ်ဆိုတာ အခုနောက်ပိုင်းရုပ်ရှင်လောကမှာတော့ ရှားရှားပါးပါး အဖြစ်အပျက်တစ်ခုပါပဲ။ ဥပါယ်တံမျဉ်ရုပ်ရှင်ဇာတ်ကားကို ကြည့်ဖူးသူတိုင်း မင်းသားသစ် ဇဏ်ခီရဲ့ အရည်အသွေးကို သဘောကျမိကြသလို ဗီလိန်မင်းသားအဖြစ် သရုပ်ဆောင်ခဲ့တဲ့ အောင်မြင့်မြတ်ရဲ့ သရုပ်ဆောင်ဟန်များကိုလည်း နှစ်သက်ကြပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာ့ရုပ်ရှင်မှာ ပျောက်ကွယ်နေတာကြာပြီဖြစ်တဲ့ ဗီလိန်ဇာတ်ကောင်တစ်ခုကို တွေ့မြင်ခံစားခဲ့ရလို့ပဲ ဖြစ်ပါတယ်။

ဒီလိုအရေးပါတဲ့ ဗီလိန်ဇာတ်ရုပ်မျိုးကို တစ်ခေတ်တစ်ခါက အောင်မြင်ခဲ့ဖူးတဲ့ မာယာရထား ဇာတ်လမ်းထဲမှာ ထွန်းအိန္ဒြာဗို သရုပ်ဆောင်ခဲ့ဖူးပါတယ်။ ဗီလိန်ဆိုပေမယ့် ဇာတ်လမ်းရဲ့ အခရာနေရာဖြစ်ပါတယ်။ ပရိသတ်ကလည်း မာယာရထားထဲက နက်နက်နွယ်ဆိုသော ဗီလိန်ကို ကြိုက်လို့ ကြည့်ခဲ့ကြတဲ့ ဇာတ်ကားဖြစ်ပါတယ်။ မနှစ်က ရုံတင်ခဲ့တဲ့ ဆယ်လီဇာတ်ကားမှာလည်း သရုပ်ဆောင် ကိုပေါက်က ဗီလိန်အဖြစ် ပီပြင်စွာသရုပ်ဆောင်ခဲ့ဖူးပါတယ်။

သို့ပေမယ့် နောက်ပိုင်းတွေ့ရတဲ့ အများစုသော မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်လမ်းတွေထဲမှာတော့ ဗီလိန်တွေရဲ့အခန်းကဏ္ဍဟာ ခပ်မှိန်မှိန်သာရှိနေခဲ့တာ ကာလအတော်ကြာနေခဲ့ပါပြီ။ ဗီလိန်တွေဟာ ဇာတ်တစ်ခုရဲ့ သေးငယ်တဲ့ ဇာတ်ပို့ကဏ္ဍလောက်မှာသာ ရပ်တည်နေရပြီး ဗီလိန်ကြောင့် ဇာတ်လမ်းဖြစ်ရတာရှားပါတယ်။ တချို့ဇာတ်လမ်းတွေမှာဆို ဗီလိန်တွေဟာ အဓိကဇာတ်ဆောင်များရဲ့ ဇာတ်ဝင်ခန်းအလှည့်အပြောင်းတစ်ခုဖြစ်လာဖို့ အတွက်သာ ပါဝင်ခွင့်ရကြတယ်။

ဇာတ်လမ်းတစ်ခုမှာ မင်းသားဆိုတဲ့ သူရဲကောင်း ရောက်လာတာနဲ့ ဗီလိန်က အရှုံးသမားအဖြစ် မရှုမလှ ဇာတ်သိမ်းရတာလည်း မြန်မာဇာတ်ကားတွေထဲမှာ ပုံသေကားချပ်လိုဖြစ်နေပါပြီ။ မင်းသားကို ပခုံးယှဉ်ယှဉ်တိုက်မယ့် ဗီလိန်ဆိုတာ မရှိသလောက် ရှားပါးပါတယ်။ ဒါ့အပြင် နောက်ပိုင်း မြန်မာဇာတ်လမ်းတွေထဲမှာ ဗီလိန်ဇာတ်ကောင်တွေကို ကောက်ကျစ်ယုတ်မာတတ်တဲ့ စရိုက်များ၊ ဆင်ခြင်တုံတရားကင်းမဲ့တဲ့ စရိုက်လက္ခဏာများနဲ့သာ တွေ့ရလေ့ရှိပါတယ်။

ဗီလိန်ဇာတ်ကောင်တွေဟာ ပညာလည်း မဲ့ပါတယ်။ တစ်နည်းအားဖြင့် ဉာဏ်နည်းတဲ့ဇာတ်ကောင်တွေ ဖြစ်ပါတယ်။ အကျင့်စရိုက်ဆိုးတွေ ရှိတတ်ပါတယ်။ ဗီလိန်ဇာတ်ဝင်ခန်းဆိုတာနဲ့ အရက်ဝိုင်းရှေ့မှာ လူကြမ်းတပည့်တွေနဲ့ ဝန်းရံထိုင်ပြီး ထူအမ်းနေတဲ့ အရက်သမားမျက်နှာပုံစံနဲ့ စကားလုံးကြီးကြီးတွေကို ရွတ်ပြတတ်တာလည်း မြန်မာဇာတ်လမ်းအများစုမှ ဗီလိန်သီအိုရီများ ဖြစ်ပါတယ်။

ဒါကြောင့် ဗီလိန်တွေခံရတဲ့အခါ ပရိသတ်တွေက ပျော်ကြပြီး ဗီလိန်သေသွားတဲ့အခါလည်း ပရိသတ်တွေက စိတ်ကျေနပ်ကြပါတယ်။ အဓိက သရုပ်ဆောင်တွေဆီ ပရိသတ်အချစ်ပိုသွားဖို့အတွက် ဗီလိန်တွေက အမုန်းပိုခံကြရပါတယ်။ သို့ပေမယ့် ဥပါယ်တံမျဉ်ရုပ်ရှင်ထဲက ဗီလိန်ဇာတ်ကောင် သိန်းစိုးကတော့ နောက်ပိုင်းတွေ့မြင်နေကျ မြန်မာဇာတ်ကားတွေထဲက ဗီလိန်များနဲ့မတူဘဲ လှည့်စားတတ်တဲ့၊ ရက်စက်တတ်တဲ့ ဗီလိန်ဖြစ်ပါတယ်။ လူတွေကို နေရာချကစားသွားပြီး သွေးအေးတဲ့ ဗီလိန်ဇာတ်ကောင်ဖြစ်ပါတယ်။ ဒါ့အပြင် သူမချစ်တဲ့ မိန်းမတစ်ယောက်အပေါ် ကြင်နာမှုကင်းမဲ့စွာ ကြမ်းကြုတ်တတ်သလောက် သူချစ်တဲ့ မိန်းမအပေါ်မှာတော့ အလွန်ကြင်နာတတ်ပြီး သူရဲကောင်းဖြစ်ချင်တဲ့ သူတစ်ယောက်ဖြစ်ပါတယ်။ ဒီဇာတ်လမ်းထဲမှာ သိန်းစိုးပြောတဲ့ အကောင်းဆုံးစကားလုံးတွေထဲက အနှစ်သက်ဆုံးဖြစ်တဲ့စကားလုံးတွေလည်း ရှိပါတယ်။

ဇာတ်လမ်းထဲမှာ ဗီလိန်ဇာတ်ကောင် သိန်းစိုးဟာ မြန်မာစကားရော၊ အင်္ဂလိပ်စကားကိုပါ ကောင်းမွန်စွာ ပြောသွားသူဖြစ်ပြီး သူ့စကားလုံးတွေအကြောင်း စဉ်းစားကြည့်တဲ့အခါ ဇာတ်ကောင် သိန်းစိုးရဲ့ အစွန်းရောက်တဲ့ စိတ်နေသဘောထားတွေကို တွေ့ရပါလိမ့်မယ်။ "So what၊ smash your head " စသဖြင့် ကြမ်းကြမ်းတမ်းတမ်း စကားလုံးတွေ ပြောဆိုတတ်သလို ချစ်သူနဲ့ စကားပြောတဲ့ အခါမှာလည်း ကြွေလောက်မယ့် စကားလုံးလှလှတွေကို ပြောခဲ့သူဖြစ်ပါတယ်။

"နင်မသိသေးဘူးလား၊ ငါက နင့်အနားမှာ အမြဲရှိနေမယ့် သရဲတစ်ကောင်ဟ၊ ငါက ငရဲသွားမယ့် ကောင်ပါဟ၊ ဒါပေမယ့် ငါမသွားခင်လေးမှာ နင့်ကို အေးချမ်းတဲ့ နေရာလေးတစ်ခုမှာ ထားသွားချင်တယ်"ဆိုတဲ့ ဗီလိန်ဇာတ်ကောင် သိန်းစိုးရဲ့စကားလုံးတွေက ပရိသတ်အများစုရဲ့ ရင်ကို လှုပ်ခါစေခဲ့တဲ့စကားလုံးတွေဖြစ်မယ်လို့ ထင်ပါတယ်။

ဇာတ်လမ်းတစ်လျှောက်မှာ သွေးအေးရက်စက်တတ်သူ၊ သူတစ်ပါးအပေါ် ညှာတာစိတ်ကင်းမဲ့ပြီး လှည့်ဖြားတတ်သူအဖြစ် မြင်ခဲ့ရတဲ့ သိန်းစိုးကို ဒီဇာတ်ဝင်ခန်း တစ်ခန်းတည်းက ပရိသတ်အမြင်များ စတင်ပြောင်းလဲရန် လုပ်ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။ ဇာတ်ညွှန်းရေးသားသူ ဇဏ်ခီက ဇာတ်ကောင် သိန်းစိုးကို ပရိသတ်ရဲ့နှလုံးသားဆီ ရောက်အောင် ပြန်လည်ဆွဲတင်ပေးလိုက်တဲ့ ဇာတ်ဝင်ခန်းလို့လည်း ဆိုနိုင်ပါတယ်။

ဒါ့အပြင် သရုပ်ဆောင် အောင်မြင့်မြတ်ရဲ့ ပြင်းထန်စူးရှတဲ့ မျက်လုံးအကြည့်အားနဲ့ စကားပြောဟန်များကလည်း ဇာတ်ကောင် သိန်းစိုးအဖြစ် ပီပြင်လာဖို့ များစွာအထောက်အပံ့ဖြစ်စေခဲ့ပါတယ်။ သရုပ်ဆောင်အသစ်တစ်ယောက် အနေနဲ့ တချို့သောဇာတ်ဝင်ခန်းတွေမှာ လိုအပ်ချက် အနည်းငယ်ရှိနေခဲ့ပေမယ့် မပြောပလောက်တဲ့အားနည်းချက်သာဖြစ်ပြီး ဇာတ်ကားတစ်ကားလုံး ခြုံကြည့်တဲ့အခါ သိန်းစိုး ခေါ် အောင်မြင့်မြတ်ကို ပရိသတ်က စိတ်ကျေနပ်မှု ရစေခဲ့တဲ့ ဇာတ်ကားဖြစ်ပါတယ်။



ဆက်စပ်ပြောရရင် ဇာတ်လမ်းနဲ့ လိုက်ဖက်မှုရှိအောင် သရုပ်ဆောင်အသစ်တစ်ယောက်ကို ရွေးချယ်ပွဲထုတ်နိုင်ခဲ့တဲ့ ဒါရိုက်တာ ခရစ္စတီးနားခီရဲ့ အရည်အချင်းကိုလည်း အသိအမှတ်ပြု ချီးကျူးရပါလိမ့်မယ်။ ယခုထက်မက သာလွန်အောင်မြင်ဦးမယ့် ဇာတ်ကားကောင်းတွေမှာ ဒါရိုက်တာ ခရစ္စတီးနား၊ မင်းသား ဇဏ်ခီနဲ့ အောင်မြင့်မြတ် အတွဲကို ဆက်လက်မြင်တွေ့လိုပါသေးတယ်။

ရုပ်ရှင်အနုပညာလောကအနေနဲ့လည်း အောင်မြင့်မြတ်ဆိုပြီး နာမည်တစ်လုံးစတင်ရလာတဲ့ လူငယ်တစ်ယောက်ကို ကြိုဆိုမှုများစွာနဲ့ လက်ကမ်းပေးကြဖို့လိုပါတယ်။

အရပ်အမောင်းကောင်းကောင်း၊ အသားညိုညို၊ မြန်မာဆန်တဲ့ရုပ်ရည်၊ သဘာဝနဲ့ နီးစပ်သော မင်းသားတစ်လက်ကို ဒီထက်မက ထွန်းလင်းတောက်ပခွင့်ပေးနိုင်ဖို့ မျှော်လင့်ရပါတယ်။

ထို့အတူ မြန်မာဇာတ်လမ်းများထဲက ပရိသတ်ချစ်သော ဗီလိန်သရုပ်ဆောင်များကိုလည်း ဒီထက် ပိုမိုကောင်းမွန်သော အခန်းကဏ္ဍတစ်ခုမှာ ခမ်းနားစွာတွေ့မြင်ချင်ပါသေးတယ်။ ပရိသတ်က မမုန်းပါဘူး။ ဗီလိန်တွေကို ချစ်ပေးဖို့အတွက် အမြဲအဆင်သင့်ရှိနေပါတယ်။



## တစ်ရက်လျှင်သစ်ပင်တစ်သိန်းခန့်ကို ဒရုန်းများဖြင့် စိုက်ပျိုးနိုင်ရန် စမ်းသပ်

ကမ္ဘာပေါ်တွင် တစ်နှစ်အတွင်း သစ်ပင်ပေါင်း ၁၅ ဘီလီယံခန့် ခုတ်လှဲခြင်းခံနေရပြီး ၉ ဘီလီယံခန့်သာ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ခဲ့သည်ဟု ကမ္ဘာ့စီးပွားရေးဖိုရမ်မှ ထုတ်ပြန်ထားသည်။ သစ်တောပြုန်းတီးမှုများကြောင့် နှစ်စဉ်သဘာဝဘေးအန္တရာယ်နှင့် ရှားပါးတိရစ္ဆာန်မျိုးတုံးပျောက်ကွယ်မှုများမှာ ခြိမ်းခြောက်လျက် ရှိသည်။ ယခုအခါတိုးတက်မြင့်မားလာသော နည်းပညာများကို လူသားများက ဖန်တီးလျက်ရှိနေရာ အဆိုပါနည်းပညာများ အသုံးပြု၍ သစ်တောပြုန်းတီးမှုများလျှော့ချနိုင်ရန်နှင့် သစ်ပင်များပြန်လည်အစားထိုးစိုက်ပျိုးရန် ဒရုန်းများအသုံးပြုသွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဒရုန်းများနှင့် တစ်ရက်လျှင်သစ်ပင်ပေါင်း တစ်သိန်းခန့်အား ပြန်လည်စိုက်ပျိုးပေးနိုင်မည်ဟု ပညာရှင်များက ခန့်မှန်းထားကြပြီး ဩစတြေးလျနိုင်ငံတွင် အဆိုပါဒရုန်းဖြင့် သစ်ပင်စိုက်ပျိုးခြင်းနည်းပညာကိုလည်း မတူညီသည့် ဒေသများ၌ စမ်းသပ်မှုများပြုလုပ်နိုင်ခဲ့ပြီဟု သိရသည်။ အဆိုပါဒရုန်းများကို Parrot ဒရုန်းထုတ်လုပ်ရေးနှင့် ပူးပေါင်းကာ အင်္ဂလန်နိုင်ငံအခြေစိုက် Biocarbon မှ အင်ဂျင်နီယာများက နည်းပညာပိုင်းဆိုင်ရာများဖန်တီးကာ စမ်းသပ်သုတေသနပြုခဲ့ကြခြင်းဖြစ်ပြီး အောင်မြင်မှုရရှိရန် အလွန်နီးစပ်နေပြီဟု ဆိုသည်။

အဆိုပါဒရုန်းများသည် လက်ရှိစမ်းသပ်မှုတွင် ထိန်းချုပ်မောင်းနှင်ပေးသည့်စနစ်ပိုင်းအချို့ အခက်အခဲရှိနေသော်လည်း တစ်ရက်လျှင် သစ်ပင်တစ်သိန်းခန့်ကို ပြန်လည်စိုက်ပျိုးပေးနိုင်သည့် နည်းပညာမှာအောင်မြင်သွားပြီဖြစ်သည်။ တစ်စက္ကန့်လျှင် မျိုးစေ့တစ်စေ့နှုန်းဖြင့် တစ်ရက်လျှင် မျိုးစေ့တစ်သိန်းခန့်ကြဲချနိုင်ကာ နောက်ပိုင်းတွင် တစ်နှစ်လျှင် သစ်ပင်တစ်ဘီလီယံခန့် ပြန်လည်စိုက်ပျိုးပေးသွားနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်းသိရသည်။

အဆိုပါဒရုန်းများတွင် မြေမျက်နှာသွင်ပြင်နှင့် မြေအမျိုးအစား၊ အပင်ရှင်သန်နိုင်မှုတို့အား ထောက်လှမ်းခြင်း၊ စိုက်ပျိုးရမည့် အပင်အမျိုးအစားခွဲခြားခြင်းနှင့် စိုက်ပျိုးရန်လမ်းကြောင်းများ ရေးဆွဲမှုပြုလုပ်ခြင်းတို့ကို ပထမဆုံးစတင်ပျံသန်းသောဒရုန်းမှ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး တစ်စင်းလျှင် အောင်မြင်ပြီးစိုက်ပျိုးရန်အသင့်ဖြစ်နေသည့် မျိုးစေ့ ၃၀၀ ခန့် သယ်ဆောင်လာသော စိုက်ပျိုးရေးဒရုန်းများမှ ၁ ဟတ်တာဧရိယာကို ၁၈ မိနစ်အတွင်း သတ်မှတ်ပေးထားသော စိုက်ပျိုးရေးလမ်းကြောင်းပုံစံအတိုင်း မျိုးစေ့ကြဲချစိုက်ပျိုးပေးသွားမည်ဖြစ်သည်။ အဆိုပါစိုက်ပျိုးရေးဒရုန်းနည်းပညာမှာ လူအင်အားဖြင့်စိုက်ပျိုးရခြင်းထက် ၂၀ ရာခိုင်နှုန်းခန့် အကုန်အကျပိုမိုသက်သာပြီး ၁၀ ဆ ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။ ALEX

## အွန်လိုင်းဖြင့်ဈေးဝယ်ခြင်းအတွက် ကုန်ပစ္စည်းများပို့ဆောင်ပေးမည့် မောင်းသူမဲ့ကား

ယခင်က Google တွင် အလုပ်လုပ်ခဲ့သည့် အင်ဂျင်နီယာနှစ်ဦးက Nuro အမည်ရ ကုမ္ပဏီကိုတည်ထောင်ထားခြင်းဖြစ်ပြီး အဆိုပါ မောင်းသူမဲ့ကား R1 ကို လာမည့်နှစ်များတွင် ရောင်းချပေးနိုင်ရန် ကြိုးပမ်းသွားမည်ဟု အဆိုပါကုမ္ပဏီမှ ပြောကြားထားကြောင်း သိရသည်။ အဆိုပါမောင်းသူမဲ့ကားမှာ လျှပ်စစ်စွမ်းအင်စနစ်အသုံးပြုထားပြီး ကားအတွင်းပိုင်းတွင် ကုန်ပစ္စည်းများတင်ဆောင်နိုင်သည့် နေရာပါဝင်ကာ မှာယူထားသည့် နေရပ်လိပ်စာများကို ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး မှာယူထားသူ၏ စမတ်ဖုန်းမှ အဆိုပါ မောင်းသူမဲ့ ယာဉ်၏ တည်နေရာအား ခြေရာခံခြင်းဖြင့် သိနိုင်သည်။

အဆိုပါမောင်းသူမဲ့ကားကို ကုန်ပစ္စည်းသယ်ယူ ပို့ဆောင်ရန်အတွက်သာ ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး လူလိုက်ပါ စီးနင်းနိုင်ခြင်းမရှိဘဲ မှာယူသူ၏နေရပ်လိပ်စာမှလွဲ၍ တစ်ဦးချင်း တည်နေရာများကို လိုက်လံ ပို့ဆောင်နိုင်ခြင်းမရှိဟု သိရသည်။ နေအိမ်တွင် ပစ္စည်းသိုလှောင်ထားရှိသည့် စင်ပုံစံမျိုးကဲ့သို့ ၁၁၀ ကီလိုဂရမ်အလေးချိန်အထိ ကုန်ပစ္စည်းများ တင်ဆောင်ကာ ပို့ဆောင်ပေးနိုင်ကြောင်းသိရသည်။ ၎င်းမောင်းသူမဲ့ကားတွင် တည်နေရာဖတ်ခြင်းနှင့် လမ်းကြောင်းသတ်မှတ်ခြင်း၊ အတားအဆီးများရှောင်ရှားခြင်း၊ လမ်းညွှန်သတိပေးချက်ဆိုင်းဘုတ်များအား ဖတ်နိုင်ခြင်းနှင့် ကားလမ်းပေါ်တွင် လူဖြတ်ကူးပါက ရပ်တန့်စောင့်ဆိုင်းပေးခြင်းများအပြင် မောင်းသူမဲ့စနစ်နှင့် ကင်မရာစနစ်များလည်း ပါဝင်သည်ဟု သိရသည်။ ALEX









ပျောက်ဆုံးကြောင်း

'ကောင်း'ကြယ်ပဲ
ရွှေအိုးဈေးဆိုင်တိုင်းတွင်ရပြီ
Ph: 09-440023166




## ပေကျယ်
## တိုက်ခန်းရောင်းမည်

- ပေ (၂၅×၅၀)၊ ၆ လွှာ (တိုက်သန့်)
- အိပ်ခန်း(၃)ခန်း၊ ကြွေပြားပြည့်
- သံပန်းပြည့်၊ ဆန်းရှိတ်၊ A/C(၂)
- ပြင်ဆင်ပြီးအသင့်နေ (နေရာကောင်း)
- စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း(နီး)
- ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
- သိန်း (၆၈၀)၊ ပွဲစားမလိုပါ

ဖုန်း-09 5185350, 09 765185350

## မြတ်မေတ္တာ Nursing Home

လူကြီးမင်းများပြုစုစောင့်ရှောက်ရန် အခက်အခဲဖြစ်နေသော မိဘ၊ ဆွေမျိုး သက်ကြီးဘိုးဘွားများအား မြတ်မေတ္တာ Nursing Home တွင် စားသောက်ရေး၊ နေထိုင်ရေး၊ သူနာပြုစောင့်ရှောက်ရေး ကိစ္စများကို ကျွမ်းကျင်၊ စိတ်ရှည်သော သူနာပြုများဖြင့် တာဝန်ယူဆောင်ရွက်ပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
**အမှတ် ၁၅၀၄၊ မင်္ဂလာသုခ(၁)လမ်း**
**(၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၇၁၄၂၅၇၇၊ ၀၉-၇၉၅၅၈၃၄၄၅၊ ၀၉-၂၅၄၃၈၀၄၄၈**






## ဦးသောင်းမြင့်+ဒေါ်သီတာဦးတို့၏ (၂၈) နှစ်မြောက် မင်္ဂလာဆုတောင်း

အပါ ဦးသောင်းမြင့်+အမေကြီး ဒေါ်သီတာဦးတို့၏ [၄-၂-၂၀၁၈] တွင်ပြည့်မြောက်သော (၂၈) နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကာ ချစ်သောမိသားစုနှင့် နှစ်ပေါင်းများစွာတိုင်အောင် ထာဝရပျော်ရွှင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သမီးကြီး - မစုစန္ဒာမြင့် (Japan International Cooperation Agency)+
ကိုတင်မင်းထွန်း (Soe San Construction)

သားငယ် - မောင်ချမ်းမြေ့မြင့် (Final Year, B.E.Civil, WYTU)

## မြောက်ဦးဆရာတော် (၆၉) ကြိမ်မြောက် (ရန်ကုန်)

### အထူးအလုပ်ပေးတရားစခန်း

| | |
|---|---|
| နေရာ ။ | ။ ရတနာ့မာရ်အောင်တောရဓမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ညဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။ |
| တရားစခန်းရက် ။ | ။ ၁၃၇၉ ခုနှစ် တပေါင်းလဆန်း (၅)ရက်မှ တပေါင်းလပြည့်ထိ ၁၉-၂-၂၀၁၈ ရက်မှ ၁-၃-၂၀၁၈ ရက်အထိ |
| စာရင်းလက်ခံမည့်ရက် ။ | ။ ၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၂)ရက်၊ ၁၂-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် (၉း၀၀) နာရီမှ ညနေ (၃း၀၀) နာရီအထိ (လူဦးရေကန့်သတ်ထားပါသည်။ ဦးရာလူစနစ်လက်ခံပါသည်) - တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် (မူရင်း)ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ် (၅၀၀၀)ကို တစ်ပါးတည်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ကျန်းမာရေးမကောင်းသူများကို လက်မခံပါ) |
| လမ်းညွှန် ။ | ။ အမှတ်(၃)လမ်းမကြီး၏ ရခိုင်ကျောင်းလမ်းမှတ်တိုင်မှဝင်၍ မြောက်ဦးဆရာတော်ကျောင်းသို့ လမ်းညွှန်အတိုင်း လာရောက်ရပါသည်။ |

**ဓမ္မဝန်ဆောင်အဖွဲ့ (ရန်ကုန်)**
ဖုန်း-၀၉ ၄၂၁၀၄၃၂၀၊ ၀၉- ၄၄၈၀၃၂၂၇၈

နိုင်ငံခြားသင်ပြမည့် (ငြိမ်း) B.A တည်ထောင်ဆရာ ... 

## ပင်လုံနှင်းဆီ

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်သော်ဒါ
မူလတန်း၊ အလယ်တန်း၊ အထက်တန်း

စည်းကမ်းကောင်းသောကျောင်း
သင်ကြားမှုကောင်းသောကျောင်းဖြစ်သည်။

- ကိုယ်ပိုင်ဆရာမှတ်ပုံတင်လက်မှတ်ရအတွေ့အကြုံရှိ(Ph.D, B.Ed, M.Sc, M.A) ဆရာ/မများမှ ဘာသာရပ်အလိုက် သင်ကြားပေးပါသည်။
- Study- Guide များနှင့်တစ်နေ့စာ တစ်နေ့ အပြီးကျက်မှတ်ပေးပါသည်။
- ဂုဏ်ထူးပြီးအောင်နိုင်ရန် ... သင်ကြားပေးပါသည်။
- ... လစဉ်လေ့ကျင့်ပေးပါသည်။
- ... (၈၂-၉၅)ဖြင့်အောင်မြင်ခဲ့ပါသည်။
- ... အဆင့်မြင့်သောဝန်ဆောင်မှုဖြစ်ပါသည်။
- ကျန်းမာရေးအတွက် ... စောင့်ရှောက်ပေးပါသည်။

Ph: 09-2400261, 09448541535, 09-8792106, 09250666874

၂၀၁၈-၂၀၁၉ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

## မပို ဦးစီးသော IMAGE

Hair & Beauty Spa ဆိုင်အား အမှတ် (၈၂)၊ ၁၄-လမ်း လမ်းမတော်မြို့နယ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း မိတ်ဟောင်း/မိတ်သစ်များအား အသိပေးပါရစေရှင့်
Double Promotion

PH: 09-73201063, 09-73201437, 09-5102089

ကောင်းမြတ်
ယာဉ်မောင်းသင်တန်း
09 973748149, 09 445296758

## မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်
Box ကားများဖြင့်
09-450042704
09-250095116
09-420096296

## သီဟလင်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား
မြို့တွင်း/နယ်
01-570307
09-5112729
09-5126394

## Since 1996 ပုလဲ

နှစ်စဉ်ရန်ကုန်မြောက်ပိုင်းခရိုင် တက္ကသိုလ်ဝင်တန်း အောင်ချက်အကောင်းဆုံး (၃) ကျောင်းစာရင်းဝင်
(သူငယ်တန်း မှ ၁၀ တန်း)
ဆရာဝန်များဦးစီးသော
ဝံပြုဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း

(၀)တန်း-အခြေခံပြည့်စုံအောင် သင်ကြားပေးပြီး ...
(၉)တန်းအထူး - ... (၁၀)တန်းအထိ ထပ်ဆောင်းကြိုသင်ပေးပါသည်။




## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

- ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၄၉ရပ်ကွက်
- ဒူးယား(၆)လမ်း၊ ပေ(၄၀×၆၀)
- ဂရန်အမည်ပေါက်
- ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။

ဆက်သွယ်ရန်-၀၉-၂၅၄၆၉၂၈၄၁၊ ၀၉-၇၇၂၄၂၇၀၃

## -ဘဏ်၊ ကျောင်း၊ ဆီဆိုင်ဖွင့်ရန် သင့်တော်သည်။

- ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
- ဒဂုံဆိပ်ကမ်းမြို့နယ်
- ရတနာလမ်းနှင့်ချင်းတွင်းလမ်းထောင့်
- (၁၃၅၉၅) စတုရန်းပေ (၀. ၃၂၈က)
- ညှိနှိုင်းဈေး

ဆက်သွယ်ရန်-၀၉-၂၅၄၆၉၂၈၄၁၊ ၀၉-၇၇၂၄၂၇၀၃

## GW

0973226006
0973133528
0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
09401505559

## အောင်မင်္ဂလာ

အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်
09428773300
09428773355

## ရန်ကုန်မြို့လယ်

ဘုတာကြီး၊ ဗိုလ်ချုပ်ဈေး၊ ဆူးလေတို့နှင့် အနီးဆုံးမှာရှိသော၃၄လမ်း "တည်းခိုးခန်းဖွင့်ပါပြီ" ဟိုတယ်ဝန်ဆောင်မှုအတိုင်းနံပါတ်-၁၈၁/၁၈၃၊ ၃၄လမ်းအပေါ်ဘလောက်
ဖုန်း-၀၉၉၆၄၄၄၂၈၄၄၊ ၀၉-၇၉၁၇၈၀၈၅၀

## RVI INSTITUTE

SIMGE အသိအမှတ်ပြု Foundation Diploma in Management Studies Programme ကို မြန်မာပြည်တွင် တက်ရောက်ပြီး Singapore SIMGE ၏ Diploma Programmes များကို တိုက်ရိုက်လျှောက်ထားနိုင်ပြီ။

### Foundation Diploma in Management Studies Validated by SIMGE




For scholarships application & registration, please call: 01-536 260, 09-254 711 898, 09- 250 006 421 | RVI Group

# မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက်အကြီးမားဆုံးကျင်းပပြုလုပ်သော

2nd THE LARGEST
## DIGITAL INKJET PRINTING, MEDIA & ADVERTISING
SIGN EXPO IN MYANMAR (2018)

VENUE : TAMADAW HALL,U WISARA ROAD    DATE : MARCH 9TH TO 11TH 2018    TIME : 9:00 TO 5:30

- Indoor/ Outdoor Digital Inkjet Printers
- UV Roll to Roll / Flatbed Inkjet Printers
- Textile Printing Machine
- HP Latex Printers
- HP Design Jet Printers
- EPSON Printers
- CNC Cutting Machine
- Display Products
- LED
- Original Light Boxes



ORGANIZED BY - myanmar Gh

HOT LINE : 09-777588878 , 09-777588898

MAIN SPONSOR GOLDEN HEROES

myanmargh.118@gmail.com  www.facebook.com/ myanmargh  www.myanmargh.com , www.digitalinkjetprinting sign expo myanmar.com , www.media&advertising sign expo myanmar.com

**မြေကွက်အမြန်ဝယ်မည်**

ငွေသား + ကွန်ဒိုတိုက်ခန်းဖြင့် ဝယ်ယူလိုသည်။ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ စမ်းချောင်း၊ ဗဟန်း၊ ရန်ကင်းမြို့နယ်များ ဦးစားပေးမည်။

Ph:09 97171588, 09 770020007

**IGCSE** CAMBRIDGE edexcel Approved Centre

- Free study guide
- Free school fees for second year
- Guarantee to get A and A*
- Refund policy for not achieving good grades

မြန်မာ့ဆောင်မြေသစ် (အိမ်ခြံမြေ)လုပ်ငန်းမှ စီစဉ်သည်။

**'အတိရာဖြတ် သင်တန်း'**

A.G.T.I (Civil), B.A(phlo:), Quantity Serveyor

Phone - 09 25250 8811, 09 3325 8811



**ကျွမ်းကျင် စာရင်းကိုင် သင်တန်း** အမှတ်စဉ်(၁၄)

Financial Report

Computerized Accounting System

- B.Com, B.Act, B.A(Eco) ,B.B.M, LCCI Level(II, III), D.A, CPA, CAT, ACCA
- Final Account Full Set

FEB 18 8:00AM 12:00PM

80,000 MMK

Institute of International Professionalism

09 45040 7041~42

GOLDEN EDEN SLEEP SOLUTIONS

Imported from Singapore
www.goldenedensleepsolutions.sg

Authorized Sole Distributor in Myanmar
Koday Myaing Co., Ltd
Bldg 31, Rm.no 5, Saibai St, Near Vuzana Plaza.
Ph: 01 203671, 205756

Promotion

Place
St- John (City Mall)

Date
5,6,7,8,9,10,11 February 2018



NOW AVAILABLE AT
Ocean  SUPER ONE  marketplace  Gourmet  SPIRITS



**ရွှေသမင်**

Ph : 01-664636, 01-662055








**Prestige Automobiles Co., Ltd. The Exclusive Authorised BMW Dealer in Myanmar.**
**Yangon Showroom:** Tel: +95 1 230 6133 **Service Hotline:** 01-230 6144
**Mandalay Pavilion Showroom:** Tel: +95 9 78888 2089 **Service Hotline:** 09 78888 2086
**Email:** info@pac-bmw.com **Website:** www.bmwmyanmar.com

Join BMW Myanmar
www.facebook.com/BMWPAC

သမားစဉ်ဆက် ဆေးစွမ်းထက်မြက် ခိုင်ဘယက်
အမှုကြီး‌ဖြိုး‌ဆေး

တစ်သုံးလုံး အဖြေကျော်ဆေး
အမှတ်တံဆိပ်

We must work together! We must build our Nation!
MYANMARS LAND
Certificate in Modern Marketing
(2 pm to 5 pm)
E-commerce
Facebook Marketing, Marketing Idea
ABE (UK) (World First)
Campus - Taw Win Centre (3rd Floor), website : www.lynnthaiknyunt.com
Contact : 503172, 09260663336, 09259290274, 0943121060, 095010014

**Announcement of Changing Distributor Name For (2) Registered Products**

We, Map Pacific Pte.Ltd., (Singapore) sold the following (2) registered agro-chemical products to Aventine Limited as a distributor in Myanmar Market since 2011.

Now, Aventine Limited is not selling these products as a distributor. So, we have already submitted the complete Documents to Plant Protection Department, Department of Agriculture, Gyogone, Insein Township, for Changing to "Agro Green Land Chemical Co.,Ltd.,No.(61), Gayunar Road, Near Ywar Thar Gyi Kan Nya Na, Dagon Myo Thit (South) Township, Yangon "as" Distributor for selling these (2) products in Myanmar Market" in order to know the public.

| Sr. No. | Name of Product | Active Ingredient | Category | Registration Number |
|---|---|---|---|---|
| 1. | Map Lexus 5 SC | Fipronil 5% SC | Insecticide | F 2016-1124 |
| 2. | Map Jono 20 WP | Imidacloprid 20% WP | Insecticide | F 2016-1121 |

In future, all customers can contact with "Agro Green Land Chemial Co.,Ltd." for these (2) Products.

If you have the objection for something of above mentioned products, kindly contact with the following address during one (1) week starting from announcement date.

Map Pacific Pte.Ltd.,(Yangon Branch)
No.29, Room (203), 2nd Floor,
38th Street (Lower Block)
Kyauktada Township, Yangon.
Tel: 01-392168

**တာဝန်ခံခြေမြေကွက်ရောင်းရန်ရှိသည်**

ရန်ကုန်မြို့မှ (၅) နာရီခွဲခန့်ခရီးလည်ပတ်သူများလာသည့် ကမ်းခြေမှ(၁)စကားကျော် "အုန်းခွဲ မျက်နှာဖွင့်ကျယ်၍ ရှင်းလှပြီး ရှေးကျကမ်းခြေကောင်းသည်။ ပတ်ဝန်းကျင်တွင်ဟိုတယ်များရှိသည်။

> အဆောက်အဦးဆောက်လုပ်ခွင့်ကျပြီး ဟိုတယ်ဆောက်ရန်၊ ကိုယ်ပိုင်အနားယူရန်၊ ရင်းနှီးမြှုပ်နှံရန် စသည် အခွင့်အရေးကောင်းများရှိသည်။
အကောင်အထည်ဖော်မည့် စီးပွားရေး ရှုနှင့်နီးသည်။

ဈေးနှုန်း သိန်း - 3,300-
ဖုန်း - 09 262404964 (ဦးရာလူရမဉ်)

( ဒဂုံမြို့သစ် )
ထိပ်ကမ်းဆောင်ပိုင်း
မြေကွက်များဝယ်လိုသည်
Ph:09 43083879

**မြေညီ၂ခန်းတွဲ အရောင်း**

ဝေဇယန္တာနှင့် ရတနာလမ်းမကြီး ၂ခုဆုံရာ၊ အကွက်ကွင်းကောင်း ကားပါကင်လွယ်ကူ၊ ရုံးခန်း SHOW-ROOM ဖွင့်ရန် အလွန်ကောင်း၊ အမြင့် ၁၂ပေ (ညှိနှိုင်း)

ဖုန်း-၀၉-၄၂၀၀၂၇၁၁၃

**ဖောင်းကြွပျောက်ဆုံးထားခြင်း**

ယာဉ်အမှတ် 6I/6945၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

WAYS TO SPEAK ENGLISH
The Easiest English Grammar
UTT

သွေးတိုးနေပါသလား?
မြတန်သာ
သွေးတိုးကျဆေး
Reg.TMR 003059(0217) ကိုသောက်ကြည့်ပါ။
Ph:660656, 09-5090449, 09-799226437




**ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မင်္ဂလာသုခလမ်း၊ မြေကွက်အမှတ်(၁၀၄၂)၊ ဧရိယာ ပေ(၄၅×၆၀)၊ ဦးတင်အေး၊ မှတ်ပုံတင်အမှတ် -B/RGN-014809၊ အမည်ပေါက်နှစ်(၆၀)ဂရန်မြေနှင့် ၎င်းပေါ်ရှိ နေအိမ်နှင့်အကျိုးခံစားခွင့်များကို စာချုပ်အဆင့်ဆင့်အရ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်သူ ဦးမောင်မောင်သွင် [၉/ကပတ(နိုင်)၀၉၈၂၆၁] ထံမှ ဒေါ်ခင်သန္တာ[၁၂/ရပသ(နိုင်)၀၄၇၇၅၅]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု မူရင်းအထောက်အထားများနှင့် လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်သန္တာ ဖုန်း ၀၉-၄၃၀၉၂၄၇၉





**တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း (ဆင်ဖြူရှင်) ဒုတိယပိုင်း လေ့ကျင့်ဆောင်ရွက်နေမှုများကို တွေ့ရစဉ်။** (သတင်း စာမျက်နှာ - ၆)

# မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

မောင်တော ဖေဖော်ဝါရီ ၃

**ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့တွင် မောင်တောဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။**

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✪



ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့ အငူမော်-မောင်တောလမ်းဆောင်ရွက်နိုင်ရန် Batching Plant ကွန်ကရစ်ဖျော်သည့်လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကြစဉ်။

# MNL အမှတ်ပေးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) ပထမနေ့ကို ယနေ့ညနေပိုင်းက ပုသိမ်၊ ရန်ကုန်နှင့် မုံရွာမြို့တို့၌ ကျင်းပသည်။

**(ပုသိမ်ကွင်း)**

**ရောဝတီ - နှစ်ဂိုး**

**ရန်ကုန် - နှစ်ဂိုး**

ရန်ကုန်အသင်း၏ နိုင်ပွဲဆက်မှုမှာ ရောဝတီအသင်း၏အိမ်ကွင်း၌ ရပ်တန့်ခဲ့ရသည်။ ရောဝတီအသင်းသည် ရန်ကုန်အသင်းကို အိမ်ကွင်းတွင် သုံးရာသီဆက်တိုက် မရှုံးအောင်ကစားနိုင်ခဲ့ပြီး ယခုပွဲတွင် အနိုင်ရနိုင်သည့် အခွင့်အရေးကောင်းများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအချို့ ပါဝင်နိုင်ခြင်းမရှိ၍ ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ပွဲထွက်ခဲ့သည်။ ရောဝတီအသင်းသည် အိမ်ကွင်း၌ နိုင်ပွဲပြန်ရရန် အားထည့်ကစားခဲ့ပြီး ၁၆ မိနစ်တွင် အောင်ဟိန်းကျော်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ရောဝတီအသင်း၏ ဦးဆောင်မှုမှာ နှစ်မိနစ်သာကြာခဲ့ပြီး ၁၈ မိနစ်တွင် ရန်ကုန်အသင်း ချေပဂိုးပြန်ရကာ ဆယ်လာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး မိနစ် ၄၀ တွင် ရန်ကုန်အသင်း၏ ပြစ်ဒဏ်ဘောကို ရောဝတီအသင်းမှ အယ်လာပက်ထရစ်ကာကွယ်ရာမှ ကိုယ့်ဂိုးကိုယ် ဝင်သွား၍ ရန်ကုန်အသင်း ဒုတိယဂိုးထပ်ရခဲ့သည်။ ရောဝတီအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၇ မိနစ်တွင် ကာစီယိုက

**စာမျက်နှာ ၆ ကော်လံ ၃ သို့** ❐

ကြေးမုံ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဖော်ပြပါရှိသည်။



မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးထဏ္ဍ

ဖေဖော်ဝါရီ ၄၊ ၂၀၁၈ (တနင်္ဂနွေနေ့)

ဝတ္ထုတို

မနောဖြူ(မြိတ်)

# ရင်နှစ်သည်းချာ အပူဝေဒနာ

“ရော့. . . အမေ. . . ဒါက အမေ့အတွက် ကြေးအိုး. . . ပူတုန်းလေးစားလိုက်”

“အို. . . တိုက်ဆိုင်လိုက်တာဟယ်. . . အမေလည်း ခံတွင်းတွေပျက်ပြီး ထမင်းစားချင်စိတ်မရှိဖြစ်နေတာနဲ့ အတော်ပဲ. . . အလိုက်သိလိုက်တဲ့ အမေ့သမီး”

“အလိုက်သိတာက သမီးမဟုတ်ဘူး အမေရဲ့. . . အမေ့သမက်လောင်း”

“ဟေ. . . ဘယ်တစ်ယောက်လဲဟဲ့”

“အသားဖြူဖြူ အရပ်အနေတော်နဲ့တစ်ယောက်လေ အမေ”

“ဩော်. . . မသိတော့ပါဘူးဟယ်။ ညည်းတွဲနေတဲ့လူတွေကို အမေတောင် သိပ်မမှတ်မိချင်တော့ဘူး၊ ကိစ္စတော့မရှိပါဘူးဟယ်. . . ရှေးပညာရှိတွေက ရည်းစားတစ်ထောင်၊ လင်ကောင်တစ်ယောက်လို့တောင် ပြောသွားခဲ့သေးတာပဲအေ၊ ကိုယ့်ဘဝ တစ်သက်လုံးလက်တွဲရမယ့် လူပဲအေ. . . တစ်ယောက်တွေ့၊ တစ်ယောက်ကြိုက်၊ ဒီတစ်ယောက်ကိုပဲ ယူရမယ်ဆိုတော့ ဘယ့်နှယ်လူကောင်းသူကောင်းကို ရွေးယူနိုင်ဦးမှာလဲကွယ်. . . နော်”

တစ်ဖက်ခန်းကစကားသံတွေက သူ့နားထဲ ပီပီသသနဲ့ အလုံးအရင်းဝင်နေတယ်။ ပြောနေတဲ့သူတွေတော့မသိ၊ နားမထောင်ဘဲ နားထဲအလိုလိုကြားနေရတဲ့သူတောင် သူတို့အစားရှက်မိတယ်။ အမေနဲ့သမီး ဆုံးမဩဝါဒပေးနေတဲ့စကားတွေက သူ့အတွက် သံဝေဂရစရာလည်း ကောင်းနေတယ်။ သူနဲ့ ခပ်လှမ်းလှမ်းမှာ တီဗွီထိုင်ကြည့်နေတဲ့ ၁၃ နှစ်အရွယ်သူ့သမီးကို မသိမသာ မျက်စပစ်ကြည့်လိုက်မိတယ်။ ဒီစကားတွေကို သမီးလေးများကြားသွားပြီလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ပေါ့။ ကံကောင်းထောက်မစွာနဲ့ သမီးလေးက တီဗွီကလာတဲ့ ဇာတ်လမ်းကိုပဲ စိတ်ရောက်နေတယ်။ ဇနီးသည်ကတော့ ဆယ်နှစ်အရွယ်သားလေးကို ရင်ခွင်ထဲထည့်ထားပြီး သူ့ဘေးနားမှာ တီဗွီထိုင်ကြည့်နေတယ်။ သူလည်း ဒီစကားတွေကိုကြားနေပုံရတယ်။ မျက်နှာက စိတ်မသက်သာပုံပေါ်နေတယ်။ တီဗွီက အသံကို နည်းနည်းထပ်မြှင့်လိုက်တယ်။ ဇနီးက သူ့မျက်နှာကိုလှမ်းကြည့်တယ်။

“မကြားချင်တဲ့စကားတွေ မကြားရအောင်လို့ပါကွာ”

သူနားလည်သလိုနဲ့ မျက်နှာပြန်လွှဲသွားတယ်။ တီဗွီအသံကြောင့် နံရံတစ်ချပ်သာခြားတဲ့ ဟိုဘက်အခန်းက စကားတွေကနားထဲ တိုက်ရိုက်မဝင်နိုင်တော့။ ဒါပေမဲ့. . .

“အမေတို့ သင်တန်းတွေနောက်မှ ပို့ချ. . . အငယ်မ. . . ငါ့အတွက်ရော ဘာမှမပါဘူးလား”ဆိုတဲ့ ကလေးမလေးရဲ့ အစ်ကို့အသံကိုကြားဖြစ်အောင် ကြားလိုက်ရသေးတယ်။

“ဟာ. . . ကိုကြီးကလည်း. . . ဒီ တစ်ယောက်က အရင်လူတွေလောက် အိတ်မဖောင်းပါဘူးဆို”

“ဟ. . . . အာ့ဆို ဖွတ်ကျားကို သိက္ခာအကျခံတွဲမနေနဲ့လေဟာ. . ဘာလဲဟ”

“ဖွတ်ကျားလို့လည်းမဟုတ်ပါဘူးကိုကြီးရ. . . သူကငွေမပေါပေမယ့် မဆိုးပါဘူး”

“အေးဟေ့. . . ဒါရှိတယ်ဆိုလည်း အပိုင်ဖမ်းတော့လေ။ ချိန်နေ. . ဆနေရင်းနဲ့ ခွင်ကောင်းလွတ်သွားဦးမယ်”



“စိတ်ချ ကိုကြီးရေ့. . . ဒီတစ်ခါတော့ အမိပဲ”

ယုံကြည်မှုအပြည့်နဲ့တက်ကြွနေတဲ့အသံ။ သူ့မျက်လုံးတွေက ဇနီးသည်ရင်ခွင်ထဲက သားငယ်လေးကို အမှတ်မထင်စိုးရိမ်မကင်းတဲ့ စိတ်နဲ့ကြည့်လိုက်မိသေးတယ်။ သူတို့ရပ်ကွက်ထဲ ဒေါ်သက်သက်မွန်တို့သားအမိ သုံးယောက်ကို မသိတဲ့လူရှားတယ်။ ဒါ့အပြင် အသက်နှစ်ဆယ်ကျော်အရွယ် “ရည်မွန်စိုး” ဆိုတဲ့ သမီးချောချောတစ်ယောက်ကို ပိုင်ဆိုင်ထားတဲ့အပြင် အလုပ်မရှိအကိုင်မရှိ အချိန်တိုင်း သောက်စားမူးရစ်ချင်နေတဲ့ “စိုးမိုးကျော်” ဆိုတဲ့ သားဆိုးတစ်ယောက် ပါရှိလို့လည်း ရပ်ကွက်ထဲလူသိပိုများတယ်။

ဒေါ်သက်သက်မွန်ရဲ့ ယောကျ်ား ဦးမောင်နိုင်ကတော့ ဆုံးသွားတာငါးနှစ်လောက်ရှိခဲ့ပြီ။ သူတို့ဒီရပ်ကွက်ကိုပြောင်းလာပြီး နှစ်လလောက်မှာဆုံးသွားတာပင်။ ဦးမောင်နိုင် ရှိကတည်းက ဒေါ်သက်သက်မွန်က ဈေးထဲက အထည်တွေကိုယူပြီး ရပ်ကွက်ထဲ ရက်ပြန်ပေးစနစ်နဲ့ ပြန်ရောင်းစားတယ်။ ဒီလောက်စီးပွားရေးလေးနဲ့ ဒီလိုဟန်မပျက်နေနိုင်ဖို့မလွယ်ပေမယ့် ဒေါ်သက်သက်မွန်တို့က ဒေါင်ဒေါင်မြည်ပဲလေ။ သားအကြီးက အားမကိုးရပေမယ့် သမီးအငယ်ကတော့ အိမ်စရိတ်ကို ပြန်ထောက်မနိုင်တဲ့အထိ အားကိုးရတယ်လေ။ ရည်မွန်စိုးက ဆယ်တန်းတောင် မအောင်ပေမယ့် ဆွေရိပ်မျိုးရိပ်မကင်းသူတစ်ယောက်ရဲ့ စတိုးဆိုင်တစ်ဆိုင်မှာ အရောင်းစာရေးဝင်လုပ်နေတယ်။ ရုပ်ရည်လေးက လှတပတ၊ ကိုယ်ပုံလက်လှမ်းက ကြွကြွရွရွဆိုတော့ ရပ်ကွက်ထဲက ကာလသားတွေ သာမက၊ တစ်ယောက်စကား တစ်ယောက်နားကြားရတဲ့သူတွေပါ လာပိုးပန်းနေကြတာတွေရှိတယ်။ အဲဒီလိုလာပိုးပန်းသူတွေကိုလည်း “မကြိုက်ရင်မကြိုက်ဘူး၊ မချစ်ရင်မချစ်ဘူး” ပြတ်ပြတ်သားသားမကိုင်တွယ်ဘဲ မြွေမသေ၊ တုတ်မကျိုး ဒီဇိုင်းနဲ့ ကြိုးရှည်ရှည်လှန်ထားပြီး ရသမျှချူစားတတ်တယ်။ တချို့ကောင်လေးတွေက မေတ္တာစစ်၊ မေတ္တာမှန်နဲ့လာချဉ်းကပ်တာတွေလည်း ရှိသလို၊ တချို့တွေကလည်း ရှုပ်တယ်၊ ပွေတယ်ဆိုတဲ့ နာမည်ကြောင့် လက်တည့်စမ်းချင်ယုံသက်သက် အသုံးချသွားသူတွေလည်းရှိတယ်။

ဘာပဲဖြစ်ဖြစ် ကလေးမလေးကတော့ တစ်ရယူ၊ တစ်မှီနိုက်ကာ သူ့ဘဝကိုသူ အပျက်ဘက်ကိုရောက်နေမှန်းမသိဘဲ အကျေနပ်ကြီး ကျေနပ်နေတော့တယ်။ ဆန်းပေ့ ဟော့ပေ့ဆိုတဲ့ အဝတ်အစားအဆန်းအပြားအကုန်ကိုယ်ပေါ်တင်ကာ နောင်ရေးအတွက်လုံးဝမတွေးဘဲ ဘဝကိုပေါ့ပေါ့နေ၊ ပေါ့ပေါ့စားပဲ ဖြတ်သန်းနေတော့တယ်။

အမေဖြစ်သူနဲ့ အစ်ကိုကလည်း ဒီလိုလုပ်နေတာသိရက်နဲ့တားမယ်၊ ဆီးမယ်၊ ဆုံးမမယ်မရှိ။ သူတို့ပါစားနေ၊ သောက်နေရတော့ ဘေးကနေ အားပေးအားမြှောက်ပြုပြီး သူတို့သမီး၊ သူတို့ညီမ ရည်းစားများတာကိုပဲ ချောလို့၊ လှလို့ ချစ်တဲ့၊ ကြိုက်တဲ့သူပေါတာပါလို့ ကြွဲဖန်ဂုဏ်ယူနေသေးတာ။ တစ်ခါတလေများဆို ညဆယ်နာရီ၊ ဆယ့်တစ်နာရီမှ ဆိုင်ကယ်တွေနဲ့ ပြန်လာပို့တဲ့အခါတွေကရှိသေး။ ဒါလည်း အမေနဲ့အစ်ကိုက စိတ်ပူပြီး ဆူမယ်၊ ပူမယ်မရှိဘဲ သူတို့ကပါဝမ်းသာအားရနဲ့ ထွက်ကြိုနေကြသေးတယ်။

ငါးစာကိုပဲမြင်ပြီး၊ ငါးမျှားချိတ်ကိုမမြင်တဲ့ သူတို့သားအမိကို ပတ်ဝန်းကျင်ကစေတနာနဲ့ သတိပေးချင်ပေမယ့် “ငါတို့ဘာသာ ဘာဖြစ်ဖြစ် နင်တို့အပူတစ်ပြားသားမှမပါဘူး”ဆိုတဲ့ ဒေါ်သက်သက်မွန်ရဲ့ လက်ခမောင်းခတ်ကြွေးကြော်သံနဲ့ မူးလာတိုင်း မျက်စိရှေ့မှာတွေ့သမျှလူကို ရန်ရှာတတ်တဲ့သားငမူးတို့ကြောင့် အားလုံးက ရေငုံနှုတ်ပိတ်ပြီး ကိုယ်နဲ့မဆိုင်သလို ခပ်ဆိတ်ဆိတ်ပဲနေဖြစ်ကြတော့တယ်။

အဝေးပြေးကား အဝင်အထွက်၊ ပစ္စည်းအတင်အချတွေကိုကြီးကြပ်ရတဲ့အလုပ်လုပ်တဲ့ သူ့အတွက် သီးသန့်လေးလည်းဖြစ်၊ ဈေးနှုန်းလည်းသင့်တင့်တဲ့ လုံးချင်းအိမ်လေးမျိုးကို လိုက်ရှာရင်းနဲ့ အခုလို ဒေါ်သက်သက်မွန်တို့မိသားစုနဲ့ တစ်မိုးအောက်မှာစပ်တူနေရဖို့အကြောင်း ဖန်လာတာပါ။ ကလေးငယ်ငယ်လေးတွေမရှိလို့ ဆူညံပူညံမရှိပေမယ့် စိုးမိုးကျော်မူးလာရင်တော့ သားအမိတစ်တွေစကားတွေ အော်ကျယ်အော်ကျယ် ပြောပြီး ရန်ဖြစ်ကြတာတော့ရှိတယ်။

သူတို့နဲ့ နံရံတစ်ချပ်ပဲ ခြားထားပေမယ့် အဆက်အဆံက မရှိသလောက်ပင်။ သူ့ဇနီးနဲ့ကတော့ မျက်နှာချင်းဆိုင်တွေ့ရင်ပြုံးပြ၊ မေးထူးခေါ်ပြော အဆင့်လောက်တော့ရှိကြတယ်။ သူက ရောရောနှောနှော မနေဖို့ သီးသန့်မှာမထားပေမယ့် ရှုပ်ရှုပ်ယှက်ယှက်မနေတတ်တဲ့သူ့အကြောင်းကို သိနေတာက တစ်ကြောင်း၊ စရိုက်ချင်းကလုံးဝမတူတာက တစ်ကြောင်းကြောင့်လည်းပါတယ်။ မိုးလင်းတာနဲ့ အိမ်ကထွက်ပြီးအလုပ်သွားရကာ ညမိုးချုပ်မှပြန်လာရတဲ့ သူနဲ့ကတော့ဆုံဖို့က သိပ်မရှိ။ အဲ့လိုဆုံစရာမရှိဘဲ ကင်းကင်းရှင်းရှင်းနေရအောင်ပဲ လျှပ်စစ်မီတာကို တစ်ခုစီ၊ ရေမီတာကိုလည်း တစ်ခုစီ သီးသန့်ခွဲထားလိုက်တယ်။ သူစိတ်ပူတာက သူ့သမီးကြီး။ သမီးကြီးက ၁၃ နှစ်ကျော်ကျော်ဆိုတော့ ကြီးကောင်လေး နည်းနည်းပေါက်လာပြီ။ အတုမြင်အတတ်သင်တတ်နေပြီ။ ရည်မွန်စိုးက အတိုအပြတ်တွေဝတ်ပြီးထွက်လာရင် မျက်စိတဆုံးငေးကြည့်တတ်နေပြီ။

ဒီလိုအခါတွေဆို သူ့မှာ ဇနီးသည်ကို မသိမသာ လက်တို့ပြပြီး အတုမယူသင့်တာတွေကို အတုမယူဖို့ သမီးကိုဆုံးမခိုင်းရတာ အမော။ တော်ကြာ ပုရိသတွေ တရုံးရုံးနဲ့ ပျော်မဆုံးဖြစ်နေတာကို ကလေးအတွေးလေးနဲ့အားကျစိတ်ဝင်သွားမှာသူတွေးပူတယ်။

ဘာပဲဖြစ်ဖြစ် ဒီတစ်မိုးကုန်အောင်ပဲ အောင့်အည်းနေပြီး နွေရောက်လို့အလုပ်အကိုင်ပွင့်လန်းလာတာနဲ့ အိမ်ပြောင်းဖို့အတွက် ဦးစားပေးအနေနဲ့ စီစဉ်ရတော့မယ်။

သူတန်ဖိုးထား ပျိုးထောင်ထားရတဲ့ သူ့သားသမီးတွေကို မုဆိုးနားနီးမုဆိုး၊ တံငါနားနီး တံငါအဖြစ်မျိုးတော့ သူလုံးဝအဖြစ်မခံနိုင်ပါ။

“ဒါကဘယ်လိုဖြစ်ရတာလဲ. . . နင်ပြောတော့ အချဉ်ကောင်ပါဆို၊ နင်ဖမ်းချင်တဲ့အချိန် ထဖမ်းလို့ရပါတယ်ဆို၊ ခုတော့ နင့်ကို ဟိုအကောင်က ကွက်ကျော်ချသွားပြီ မဟုတ်လား”

နွေရာသီရဲ့ အပူကြောင့် ချွေးတဒီးဒီးကျ အိပ်မရဖြစ်နေတဲ့အထဲ ဟိုသားအမိတွေရဲ့ ဗလုံးဗထွေးစကားသံတွေကပါ ထပ်နှိပ်စက်နေတယ်။ အတတ်နိုင်ဆုံးအသံကိုနှိမ့်ပြီးပြောနေကြပေမယ့် အခန်းကကပ်လျက်ဆိုတော့ အနားလာထိုင်ပြီးပြောနေသလိုဖြစ်နေတယ်။ဘေးက ဇနီးနဲ့သားလေးကတော့ အိပ်မောကျနေပြီ။ ဒီတစ်ခါစကားတွေက အရင်တစ်ခေါက်တွေကလို စားရသောက်ရတာတွေကို စွာကျယ်စွာကျယ်ကြွားနေသံနဲ့မတူ။ တိုးတိုးသာသာနဲ့ ပြဿနာတစ်ခုကို ကြိတ်ရှင်းနေကြသလိုဖြစ်နေတယ်။

ကလေးမလေးရဲ့အမေနဲ့အစ်ကိုကို ကြည့်မရပေမယ့် ကောင်းစွာအဆုံးမ၊ အသွန်သင်မခံရဘဲ လမ်းလွဲနေတဲ့ ကလေးမလေးကိုတော့ သားသမီးချင်း စာနာစိတ်နဲ့ ကရုဏာသက်မိပါတယ်။ ဒါကြောင့် ဘာပြဿနာလဲ သိချင်စိတ်နဲ့ နားကိုပိုပိုသာသာလေးစွင့်ထားလိုက်မိတယ်။ ညက တစ်နာရီထိုးတိုင်းထခေါက်နေတဲ့ မီးကင်းခေါက်သံမှတစ်ပါး တိတ်ဆိတ်ငြိမ်သက်နေတယ်။

“စကားကို တိုးတိုးပြောစမ်းပါ သားရယ်. . . မင်းညီမကိုအမေမေးပါဦးမယ်”

မူးမူးနဲ့အရစ်ရှည်နေတဲ့အကြီးကောင်ကို ဒေါ်သက်သက်မွန်က ဟန့်လိုက်သံကြားတယ်။ ငမူးအသံတိတ်သွားတယ်။

“အဲ့ကောင်လေးကဘယ်ကလဲသမီး. . . ”

“သမီးလည်း အတိအကျမသိဘူး အမေ။ ဆိုင်မှာလာဝယ်ရင်းနဲ့ သမီးကို သဘောကျတယ်လို့ပြောတာပဲ၊ ရုပ်ရှိ ရေလျှံပုံပေါက်နေတော့ သမီးကလည်း အလိုက်သင့်ဆက်ဆံမိခဲ့တာပေါ့၊ သူကလည်း သူ့မိဘတွေနဲ့ပါ မိတ်ဆက်ပေးမယ်၊ သမီးကိုပဲအတည်ယူပါ့မယ်လို့ အာမခံနေတော့ ယုံလိုက်တာ အမှားကြီးမှားတာပဲ အမေရယ်”

ခေါင်းကခေါင်းအုံးနဲ့ ကွာသွားတဲ့အထိ သူထိတ်လန့်သွားတယ်။ ဒါဆို. . . ဒါဆို. . . ကလေးမလေးက. . .။ သူဆက်မတွေးရဲတော့ဘဲ ရင်ထဲကတုန်ကယင်ဖြစ်လာတယ်။

“တောက်. . . ငါကွာ. . . အဲ့ဒီ စားပြီးနားမလည်ကောင်ကို ငါနဲ့မတွေ့စေနဲ့၊ တွေ့တာနဲ့ ငါသတ်မိမယ်”

အံကြိတ်ပြီး ကြုံးဝါးသံကိုထပ်ကြားရတယ်။ စားတုန်း၊ သောက်တုန်းကပျော်ပျော်ကြီးစားထားကြပြီး သူတို့ထက်လည်တဲ့လူလည်နဲ့ တွေ့တော့ ကြိတ်မနိုင်ခဲမရခံနေကြရပြီပေါ့။

“ကဲ. . . ဖြစ်ပြီးမှတော့ ဘာတတ်နိုင်တော့မှာလဲ၊ ကြိုတင်ကာကွယ်စရာရှိတာတွေပဲ ကာကွယ်ရတော့မှာပဲ၊ ညည်းဆေးတွေ ဘာတွေသုံးထားရဲ့လား”

“ဟုတ်. . . သုံးထားတယ် အမေ၊ တကယ်လို့ အကောင်အထည်ပေါ်လာခဲ့ရင်လည်း ဖျက်ချပေးတဲ့နေရာကို သမီးသူငယ်ချင်းကသိတယ်တဲ့အမေ၊ စိတ်ပူစရာတော့ မရှိပါဘူး”

“အေး. . . ကောင်းတယ်၊ ဘာမှလွှမ်းနေစရာမရှိဘူး၊ အဲဒီလို ပြတ်ပြတ်သားသား လုပ်ပစ်ရမယ်”

ဘုရား. . . ဘုရား။ ကိုယ့်မိုက်ပြစ်ကြောင့် ရလာတဲ့ သနားစရာ အသက်တစ်ချောင်းကို သွေးအေးအေးနဲ့ ဖျက်ချဖို့ပြောနေကြတာ။ သူ့အသက်ရှူတွေကျပ်လာတဲ့အထိ နှလုံးခုန်နှုန်းက မြန်လာတယ်။ အာခေါင်တွေ ခြောက်ကပ်ပြီး လည်ချောင်းတွေ တင်းကျပ်လာတယ်။

သမီး. . . သမီးလေး။ သူ့သမီးလေးများ ဒီစကားတွေကိုကြားသွားပြီလား။ အပျိုဖော်ဝင်စအရွယ်၊ သူ့သမီးငယ်ကို ဒီလိုစကားတွေ ကြားပြီး အတုယူမှားသွားမှာ သူစိတ်ပူလှတယ်။

အိပ်နေရာကနေထကာ သမီးလေး အိပ်နေတဲ့အခန်းဘက်မျက်နှာမူပြီး စိတ်မှာရည်စူးဆုတောင်းမိတယ်။ ဘုရားသိကြားမလို့ သမီးလေးနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပါစေ။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

# စာသင်ကျောင်းရဲ့ သတင်းစာလေးတွေ

မောင်စိုးဝေ(မြို့သာ)

"ကျောင်းသားတွေဟာ စာသင်ကျောင်းတစ်ကျောင်းရဲ့ သတင်းစာတွေပဲ"လို့ ကျွန်တော့်ရဲ့ကျောင်းအုပ်ဆရာကြီးတစ်ဦးက ပြောပြခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းက အထက(ခွဲ)ကျောင်းလေးမှာ ကျွန်တော်တာဝန်ထမ်းဆောင်ကာစကပေါ့။ ကျောင်းသား ဦးရေ ငါးရာကျော်သာရှိတဲ့ အထက(ခွဲ)ကျောင်းလေးဆိုတော့ ဆရာကြီးသုံးနှုန်းသလို သုံးနှုန်းရရင် သတင်းစာအမျိုးအစားပေါင်း ငါးရာကျော်ပဲပေါ့။ ကျောင်းသားနည်းပေမယ့် နယ်ကျောင်းကလေးဆိုတော့လည်း ပတ်ဝန်းကျင်ရွာပေါင်း ခုနစ်ရွာလောက်က နေ့စဉ်ကျောင်းလာတက်တဲ့ ကျောင်းသားတွေလည်းရှိတော့ ကျောင်းနဲ့ ကျောင်းမိသားစု သတင်းတွေကိုပါ စုံစုံလင်လင်ဖတ်နိုင်ပါရဲ့။

နံနက်ခင်းကျောင်းမတက်ခင် ဆရာကြီးရဲ့ရုံးခန်းမှာ မူလတန်းကျောင်းသား ကျောင်းသူလေးတွေ အမြဲရောက်နေတတ်တယ်။ သူတို့ရောက်နေခြင်းဟာ ကျောင်းစည်းကမ်းထိန်းသိမ်းရေးနဲ့ဆိုင်တဲ့ ပြစ်မှုကြောင့်လည်းမဟုတ်သလို ဆရာ ဆရာမတွေခိုင်းစေတဲ့ အလုပ်တာဝန်အတွက်လည်း မဟုတ်ပါဘူး။ သူတို့နဲ့ အဆင်ပြေပြေ စကားပြောလေ့ ပြောထရှိတဲ့ ကျောင်းအုပ်ကြီးဆီကို လာကြတာပါပဲ။ ဆရာကြီးကို တွေ့တာနဲ့တစ်ပြိုင်နက် "ဆရာကြီး ဘာလုပ်နေတာလဲ၊ ဆရာကြီး ထမင်းစားပြီးပြီလား" အစချီတဲ့ ပဋိသန္ဓာရစကားတွေနဲ့ နှုတ်ဆက်တော့တာပါပဲ။ ဆရာကြီးကတော့ သူ့အလုပ်အားရင်အားသလို ကလေးတွေနဲ့ စကားပြောလေ့ရှိတယ်။ ကလေးတွေနဲ့ ဆရာကြီးပြောနေတဲ့စကားတွေကို တစ်ခါတလေ မသိမသာသွားနားထောင်ကြည့်တဲ့အခါ ရယ်စရာလေးတွေလည်း ပါလာတတ်ရဲ့။ ကလေးတွေပြောတတ်တဲ့ ပါဝါရိမ်းဂျား ဇာတ်ကောင်တွေ၊ စူပါမန်းဇာတ်ကောင်တွေရဲ့အကြောင်းကို ဆရာကြီးက စိတ်ဝင်တစားနားထောင်တာရှိသလို ပါဝါရိမ်းဂျားလို စွမ်းအင်တွေရလာဖို့ အစားအသောက် အနေအထိုင်တွေကို ဘယ်လိုပြုကျင့်သင့်ကြောင်း ဆရာကြီးက အကြံပေးနေတာကိုလည်း မြင်တွေ့ကြားသိနေရပါရဲ့။ နောက်ဆုံးတော့လည်း ဆရာကြီးရဲ့ရည်ရွယ်ချက်ပန်းတိုင်ဖြစ်တဲ့ ပညာရေးသတင်းတွေအကြောင်းကို ရောက်မှန်းမသိ ရောက်သွားပါလေရော။ ဘယ်ဘာသာကို သင်ခန်းစာ ဘယ်လောက်ရောက်သွားပြီလဲ ဆိုတဲ့အကြောင်း၊ ဘယ်ကျောင်းသားတွေ ကျောင်းပျက်တတ်တဲ့အကြောင်း၊ ဘယ်လိုအခက်အခဲတွေကြောင့် ကျောင်းပျက်ရကြောင်း၊ ဆရာ ဆရာမတွေရဲ့သင်ပြမှုအခြေအနေအကြောင်း စတဲ့ သတင်းပေါင်းစုံကို ဆရာကြီးကိုယ်တိုင် ဖတ်ရှုတော့တာပါပဲ။ တစ်ခါတစ်ရံမှာလည်း ကျောင်းအုပ်ကြီးကိုယ်တိုင် ကျောင်းထဲလှည့်လည်ပြီး သတင်းဖတ်ရှုတာလည်း ရှိတတ်ပါရဲ့။

ကျွန်တော်သဘောကျနှစ်ခြိုက်မိတဲ့ အရာတစ်ခုကတော့ ကျောင်းသား ကျောင်းသူတွေရဲ့စိတ်ထဲမှာ ကျောင်းရုံးခန်းနဲ့ပတ်သက်ပြီးတော့ ထူးထူးထွေထွေ ခံစားကြောက်ရွံ့နေရခြင်း မရှိတာပါပဲ။ ဟုတ်တယ်လေ။ ကျွန်တော်တို့ကျောင်းသားဘဝတုန်းကတော့ ကျောင်းရုံးခန်းဆိုတာ ရေခပ်ပေးဖို့၊ ဘုရားပန်းလဲဖို့၊ အချိန်ပြောင်း လူစစ်မှတ်တမ်းစာအုပ်ထပ်ဖို့ အစရှိတဲ့ ကျောင်းလုပ်ငန်းလေးတွေ လုပ်ပေးရချိန်လောက်သာ ရောက်ဖြစ်ပြီး ကျန်တဲ့အချိန်ဆိုရင် အနားမသီရဲလောက်အောင်ပါပဲ။ ကိုယ့်ကို ငေါက်တာ၊ ရိုက်တာ မရှိဘဲနဲ့ကို ကျောင်းအုပ်ကြီးရုံးခန်းဆိုတာနဲ့ ကြောက်စိတ်က အလိုလိုဝင်မိရော။ ကျောင်းသားတွေဟာ ကျောင်းရဲ့သတင်းစာဖြစ်တယ်လို့ခံယူထားတဲ့ ကျောင်းအုပ်ကြီးရဲ့ ကျောင်းမှာတော့ ဒီလိုမဟုတ်ပြန်ဘူး။ ကျောင်းရုံးခန်းဟာ သတင်းစာတိုက်ကြီးအလား သတင်းစာတွေပြည့်လို့။ ဒီလိုပြည့်လာအောင်လည်း မီဒီယာလွတ်လပ်ခွင့်ပေးထားတဲ့ အရာလေးတွေလည်း အတော်အသင့်တော့ရှိတာပေါ့။ ကျောင်းသား ကျောင်းသူလေးတွေ ပြောပြတဲ့အရာနဲ့ပတ်သက်လို့ ဆရာ ဆရာမတွေကို အသိမပေးသင့်တာတွေ မပေးဘူး။ ပေးသင့်တယ်၊ မှန်လည်းမှန်ကန်တယ်ဆိုရင်လည်း ဘယ်သူပြောတာပါဆိုတာကို ထုတ်မပြောဘူး။ ဒါကြောင့်လည်း သတင်းတွေက အဆက်ပြတ်တယ်ဆိုတာ မရှိလှဘူး။ ကျောင်းတွင်း ဆရာ ဆရာမနဲ့ ကျောင်းသား ကျောင်းသူများရဲ့သတင်းအပြင် ကျောင်းပြင်ပက မိဘရပ်ရွာသတင်းတွေကလည်း အပြည့်။

သတင်းကတော့ သတင်းစုံပါပဲ။ ဘက်မလိုက်သတင်းတွေပါသလို ဘက်လိုက်သတင်းတွေလည်း ရှိတတ်ပါရဲ့။ ဒါပေမယ့်လည်း ဖတ်ရှုရုံနဲ့မဆုံးဖြတ်ဘဲ ဖတ်ရှုခြင်းနဲ့ ကောက်ချက်ချခြင်းရဲ့ကြားမှာ သုံးသပ်ခြင်းဆိုတဲ့အလွှာကိုလည်း ထည့်သွင်းရကြောင်း ဆရာကြီးက ပြောပြဖူးပါတယ်။ သုံးသပ်ခြင်းဆိုတဲ့အလွှာသာမရှိရင် "သတင်း"တွေဟာ "အတင်း"ဖြစ်စေတတ်ကြောင်း ဆရာကြီးက ရှင်းပြပါတယ်။

ကျောင်းသတင်းကို ဖတ်ရှုတဲ့အလေ့အထဟာ နယ်ကျောင်းလေးတွေအတွက် ပိုပြီး အသုံးဝင်နိုင်တယ်လို့ ထင်မြင်မိပါတယ်။ ဒီလိုဖတ်ရှုခြင်းအားဖြင့် ကျောင်းတွင်း ပညာရည်ဖွံ့ဖြိုးမှုသာမကဘဲ ကျောင်းပြင်ပ မိဘရပ်ရွာနဲ့ ဆက်ဆံရေးကိုပါ တစ်နည်းနည်းနဲ့ အထောက်အကူပြုစေနိုင်တယ်လို့ ကျွန်တော်ယုံကြည်မိပါတော့တယ်။ ။

## ရှယ်အိုမိဘ ပြုစုကြ

☞ ဘဝအစ ပွဲကိုင်ပြင်
အမိအဖ ကျေးဇူးရှင်
ပေးဆပ်ပျော်ရွှင် ပြုစုပေး
သားသမီးတို့ နောင်အရေး။
☞ အလင်းပေးတဲ့ ဖယောင်းတိုင်လို
ဖြည့်ဆည်းပေးရင်း အရွယ်အို
မိဘကို လုပ်ကျွေးဖို့
အသိတရား ရှိပါစို့။
☞ မချို့အသိ ရှိသူတွေ
ဘုန်းကံကြီးမား အညွန့်ဝေ
ပေပေတေတေ မေ့သူများ
တိရစ္ဆာန်နဲ့ မခြားနား။
☞ ခွန်အားချည့်နဲ့ မိဘတွေ
ကြည်ကြည်သာသာ ပြုစုလေ
ဆူအောင့်တာတွေ မလုပ်နဲ့
စိတ်ချမ်းသာအောင် ထားပါကွဲ့။

မောင်ရဲမင်း(ချောင်းဆုံ)

ဆောင်းပါး

# စာပေခံစားမှု အနုပညာ

ဇွဲ (ပညာရေး)

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးစုတစ်ခုတို့မှာ ကိုယ်ပိုင်ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ၊ ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်စာပေဆိုပြီး အသီးသီးရှိခဲ့ကြပါတယ်။ အနုပညာတစ်ရပ်ဟာ လူမျိုးတစ်မျိုး နိုင်ငံတစ်နိုင်ငံမှာ မရှိမဖြစ်တဲ့ အရာတစ်ခုအဖြစ်လည်း ပါဝင်ပတ်သက်နေပါလိမ့်မယ်။ အနုပညာများစွာထဲကမှ စာပေခံစားမှုကို အနုပညာတစ်ရပ်အဖြစ် ခံစားရှုမြင်လာမိတဲ့အချိန်မှာ စာပေကပေးတဲ့ သုတ၊ ရသပေါင်းများစွာကိုလည်း တွေ့ရှိခံစားခဲ့မိပါတယ်။ လူအမျိုးမျိုး စိတ်အထွေထွေ ရှိတတ်ကြတာမို့ ခံစားရှုမြင်မှုခြင်းလည်း ကွာခြားနိုင်တာကို တွေ့ရပါတယ်။ ခံစားသိမြင်မိသမျှ စာပေခံစားမှုအနုပညာကို အကြမ်းအားဖြင့် တင်ပြလိုတဲ့စိတ်လည်း ဖြစ်ပေါ်လာခဲ့မိပါတယ်။

စာပေအနုပညာ ခံစားမှုများစွာ ကွဲပြားခြင်းမှာလည်း စာပေရေးသားမှု သုတ၊ ရသ ကွာခြားမှုအပေါ်မှာလည်း မူတည်နိုင်ပါလိမ့်မယ်။ စာပေလို့ဆိုလိုက်တာနဲ့ ကဗျာ၊ ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတို/လတ်/ရှည်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ၊ စာတမ်း၊ စာစုစာတို၊ ပြဇာတ်စာပေ၊ ဗုဒ္ဓစာပေကျမ်းဂန်များ စသည်ဖြင့် အသိပညာသုတ၊ ရသနှင့်ဆိုင်တဲ့ စာပေပေါင်းများစွာ ကွဲပြားနေတာလည်း တွေ့ရှိလာရပြန်တယ်။ အဲဒီလို မတူကွဲပြားနေတဲ့ စာပေတွေကနေ လူမှုဘဝဝန်းကျင်အတွက် ခံစားမှုအနုပညာများစွာကို ပေးစွမ်းနိုင်တဲ့ စာပေတွေကိုလည်း အများအပြား တွေ့ရှိနိုင်ပါတယ်။

ရှေးခေတ် စာပေအရေးအသားတွေမှာကတည်းက ဘဝသရုပ်ဖော်၊ အချစ်၊ အလွမ်း၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အောင်မြင်ကြီးပွားရေး၊ အမျိုးသားရေး စသည့် စာပေပေါင်းများစွာကို ရေးဖွဲ့ခံစားခဲ့ကြတာကိုလည်း တွေ့နိုင်ပါတယ်။ စာဆိုရှင် နဝဒေး၊ နတ်သျှင်နောင်တို့လိုမျိုး အချစ်အလွမ်းရသကဗျာစာပေတွေလည်း ထင်ထင်ရှားရှား ရှိခဲ့ကြသလို လက်ဝဲသုန္ဒရအမတ်ကြီးရဲ့ မဲဇာတောင်ခြေရတုလိုမျိုး ဘဝခံစားမှုရသစာပေ၊ အမတ်ကြီးဦးပေါ်ဦးတို့လို ဥပမာပုံခိုင်းနှိုင်းခြင်း လျှောက်ထုံးတွေ၊ ဟာသပုံသဏ္ဌာန်လျှောက်ထုံးတွေလည်း တွေ့ရှိရပါတယ်။ ဝန်ကြီးပဒေသရာဇာရေးဖွဲ့တဲ့ လူမှုဘဝနေထိုင်မှုကို ပေါ်လွင်ထင်ဟပ်စေတဲ့ "နွေဦးကာလ မြူထသောအခါ"ကဗျာမှာလည်း ထင်ထင်ရှားရှား တွေ့ရှိခံစားနိုင်ပါတယ်။ အဲဒီနောက် ဆက်လက်လေ့လာကြည့်မယ်ဆိုလျှင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးတွင်လည်း လူမှုဘဝပတ်ဝန်းကျင်ကို ပီပြင်စွာ ခံစားသိမြင်နိုင်ပါတယ်။ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာကြီး ဦးဖေမောင်တင် ဆရာလယ်တွင်းသားစောချစ်၊ ဆရာတက္ကသိုလ်ဘုန်းနိုင် အစရှိသော ဆရာကြီးများ၏ စာပေများတွင်လည်း စာပေအနုပညာခံစားမှု သုတ၊ ရသပေါင်းများစွာကို ခံစားရှုမြင်နိုင်ပါတယ်။ ဥပမာ- ဆရာဇော်ဂျီရဲ့ ဗေဒါလမ်း ကဗျာပေါင်းချုပ်ထဲက "ပန်းပန်လျက်ပဲ"ကဗျာကို ကြည့်မယ်ဆိုရင် ဘဝကိုအားမလျှော့ဘဲ အခက်အခဲတွေ ဘယ်လောက်ပဲတွေ့တွေ့ ရင်ဆိုင်သွားတဲ့ ဗေဒါပန်းလေးကို ဥပမာပြရေးဖွဲ့ထားတာကို တွေ့ရှိနိုင်ပါလိမ့်မယ်။

> "စာကောင်းပေမွန်များကို ဖတ်ရှုခံစားကြခြင်းဖြင့် လူမှုဘဝတိုးတက်မြင့်မားလာနိုင်ခြင်း၊ ပျော်ရွှင်စရာ၊ လွမ်းစရာ၊ ချစ်စရာ၊ ဝမ်းနည်းစရာ စိတ်ဓာတ်ခွန်အား မြင့်တက်စရာ စသော ရသပေါင်းများစွာကိုလည်း ပေးစွမ်းနိုင်ပါလိမ့်မယ်"

ဒါ့အပြင် ဆရာကြီးဦးအောင်သင်း၊ ဆရာကြီး မြသန်းတင့်၊ ဆရာကြီး ဒဂုန်တာရာ၊ ဆရာချစ်စံဝင်း၊ ဆရာချစ်ဦးညို၊ ဆရာကြီး မင်းသိခ်၊ ဆရာမဒေါက်တာမတင်ဝင်း၊ ဆရာမမစန္ဒာ၊ ဆရာမြတ်ငြိမ်း၊ ဆရာဖေမြင့် စသဖြင့် ဆရာကြီး၊ ဆရာမကြီးများ၏ သုတ၊ ရသ စာပေပေါင်းများစွာတွင်လည်း စာပေအနုပညာခံစားမှုပေါင်းများစွာကို တွေ့ရှိခံစားရနိုင်ပါတယ်။ ဆရာကြီး အောင်သင်းရဲ့ ကိုယ်ကျင့်နှင့် ပညာ၊ အရွယ်၊ စဉ်းစားစရာလေးတွေ၊ စွန့်စွန့်စားစားဖတ်ကြည့်ပါ စတဲ့စာအုပ်တွေမှာ အသေးစိတ်တွေ့ရှိခံစားနိုင်မှာ ဖြစ်ပါတယ်။ ဆရာကြီးမြသန်းတင့်ရဲ့ "ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်" ဝတ္ထုကို လေ့လာကြည့်ရင်လည်း ခွန်အားတွေ၊ အသိပညာ ဗဟုသုတတွေ ခံစားမှုရသပေါင်းစုံနှင့် ဆရာကြီးရဲ့ ကျွမ်းကျင်ပါးနပ်တဲ့ အရေးအသားတွေကိုလည်း ခံစားသိရှိနိုင်မှာပါ။ ဆရာချစ်ဦးညိုရဲ့ ရတနာဂီရိအကျဉ်းသား၊ အလင်္ကာဒီပချစ်သူ၊ ကန္ဒပတ္ထနှလုံးသား အစရှိတဲ့ နာမည်ကျော်ဝတ္ထုများကို လေ့လာခံစားကြည့်ရင် ပို၍သိရှိနိုင်ပါတယ်။ အချစ်အလွမ်းရသစာပေ၊ အနုပညာစာပေများလည်း ရှိပါတယ်။ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ ဆရာမလွန်းထားထား၊ ဆရာမ ပုညခင်၊ ဆရာမ ဆုမြတ်မွန်မွန်တို့ရဲ့ ဝတ္ထုများမှာလည်း လူကြီး၊ လူငယ်များကြားမှာ အောင်မြင်တဲ့ စာပေအနုပညာများကို ခံစားခဲ့ကြရပါတယ်။

နိုင်ငံတကာတွင် ထင်ရှားကျော်ကြားခဲ့တဲ့ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို/ရှည်များကို ဘာသာပြန်ဆိုခြင်းများမှာလည်း စာပေခံစားမှုအနုပညာတစ်ရပ်ကို ထပ်မံခံစားကြရပြန်ပါတယ်။ အောင်မြင်ကျော်ကြားတဲ့ ဆရာကြီး ဆရာမကြီးများ၏ ဘာသာပြန်စာပေပေါင်းများစွာလည်း ရှိနေပါသေးတယ်။ ဥပမာပြောရမယ်ဆိုရင် "လေ့ဒ်ချက်စတာဖီးလ်ဒ်ရဲ့ သားထံကိုရေးသားတဲ့ ကမ္ဘာကျော်ပေးစာများ"ကို ဆရာကြီးမြသန်းတင့် သာဘာပြန်ဆိုရေးသားထားတဲ့ "လူလေးသို့ပေးစာများ"စာအုပ်တွင် ဖခင်တစ်ယောက်ရဲ့ မေတ္တာစေတနာနဲ့ ဆုံးမသြဝါဒများ၊ နားလည်သဘောပေါက်လွယ်သော ဥပမာပုံစကားများဖြင့် ရေးသားထားတာကို တွေ့ရှိရပါတယ်။

ဗုဒ္ဓဆိုင်ရာ စာပေကျမ်းဂန်များစွာတွင်လည်း အဆုံးမသြဝါဒများ ဗုဒ္ဓဖြစ်စဉ်များကို ရေးသားပြုစုခဲ့ကြတဲ့ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများစွာလည်း ရှိခဲ့ကြပါတယ်။ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးရဲ့ "ဇိနတ္ထပကာသနီကျမ်း" စာအုပ်မှာလည်း ဗုဒ္ဓရဲ့ဖြစ်တော်စဉ်၊ ဘဝပေါင်းများစွာနဲ့ ဇာတ်တော်ကြီးများ၊ တရားဓမ္မဆိုင်ရာ အဆုံးအမများကို ခံစားသိရှိနိုင်ပါတယ်။ အခြားသော ဆရာတော်ကြီးများရဲ့ နာမည်ကျော် ကျမ်းစာအုပ်များလည်း ရှိပါတယ်။

ခေတ်နဲ့အညီ ရေးဖွဲ့တင်ပြခဲ့ကြတဲ့ ခေတ်ပေါ်စာပေများလည်း ထွန်းကားလာတာကို တွေ့နိုင်ပါသေးတယ်။ မည်သို့ပင်ဆိုစေကာမူ စာပေအနုပညာခံစားမှုအားလုံးမှာ သုတရော ရသပါပေးစွမ်းနိုင်ကြတဲ့ စာကောင်းပေမွန်များစွာကို အများအပြားတွေ့ရှိခံစားကြရမှာပါ ဖြစ်ပါတယ်။ တာရာမင်းဝေရဲ့ "နှစ်ချို့တောင်တန်းကြီးကို ပန်းနဲ့ပေါက်တဲ့နေ့"ခေတ်ပေါ်(မော်ဒန်) ကဗျာပေါင်းချုပ်ထဲမှာဆိုရင်လည်း ခေတ်ရဲ့ရုပ်စုံ၊ ခံစားမှု ဘဝသရုပ်ကို နိမိတ်ပုံရိပ်တွေ၊ ရစ်သမ်တွေ၊ လှည့်ကွက်တွေနဲ့ ပီပြင်တဲ့ရေးသားချက်တွေကို တွေ့ရှိလာရပါတယ်။ အတွေးရသ၊ ခံစားမှုရသတို့ကို ပိုင်နိုင်စွာ ရေးသားထားတဲ့ ခေတ်ပေါ်အရေးအသားများကို ခံစားနိုင်ပါတယ်။ အောင်မြင်ရေး၊ စိတ်ဓာတ်မြှင့်တင်ရေး၊ ဘာသာရပ်ဆိုင်ရာ ဆောင်းပါး၊ စာစုများကိုလည်း တွင်ကျယ်စွာ ရေးဖွဲ့လာကြတဲ့ ဆရာ ဆရာမ အများအပြားလည်း ရှိနေပါသေးတယ်။ မိုးရှင်းရဲ့ "လက်ဆောင်"၊ "သူစိတ်ဓာတ်ကျတိုင်းဖတ်ဖို့"၊ ဆရာကောင်းသန့်ရဲ့ "ချစ်လို့ပြောတာ မှတ်ပါ"၊ "သမီးလေး ဖတ်ဖို့"၊ နိုင်းနိုင်းစနေရဲ့ "ကျွန်မဖတ်ဖို့"စတဲ့ စာစုများကလည်း စာပေခံစားမှု သုတ၊ ရသကို အမှန်တကယ်ပေးစွမ်းနိုင်တဲ့ စာပေအနုပညာများကို တွေ့ရှိရပါတယ်။

အဲဒီလို စာကောင်းပေမွန်များကို ဖတ်ရှုခံစားကြခြင်းဖြင့် လူမှုဘဝတိုးတက်မြင့်မားလာနိုင်ခြင်း၊ ပျော်ရွှင်စရာ၊ လွမ်းစရာ၊ ချစ်စရာ၊ ဝမ်းနည်းစရာ စိတ်ဓာတ်ခွန်အားမြင့်တက်စရာ စသောရသပေါင်းများစွာကိုလည်း ပေးစွမ်းနိုင်ပါလိမ့်မယ်။ စာအုပ်စာပေတွေကပေးတဲ့ သုတ၊ရသများဟာ လူတစ်ယောက်ရဲ့ နေထိုင်ရပ်တည်မှုဘဝများစွာကို ခွန်အားတစ်ရပ်အဖြစ်လည်း ပေးစွမ်းနိုင်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ အဲဒီလို စာပေအနုပညာ အရေးအသားများနဲ့ ဆရာကြီး ဆရာမကြီးများရဲ့ လမ်းညွှန်ပြသပေးမှုတွေကို သိမြင်ခံစားနိုင်မယ်ဆိုရင် ဘဝကို လက်ရှိနေထိုင်မှုဘဝထက် ကြီးမားတဲ့ အောင်မြင်မှုလမ်းများမှာ လျှောက်လှမ်းနိုင်ပါလိမ့်မယ်။ စာပေအနုပညာခံစားမှုမှ ရရှိနိုင်တဲ့ သုတ၊ ရသခံစားမှုတွေဟာ ဘဝအတွက် အဖိုးမဖြတ်နိုင်တဲ့ ရတနာတွေလို့ဆိုရင်လည်း လွဲမှား သံသယဖြစ်စရာ မရှိနိုင်ပါ။ "စာပေသည်သာ ဘဝအားမန်"လို့ဆိုတာမို့ စာပေအနုပညာခံစားမှု သုတ၊ ရသကို ခံစားသိမြင်၍ ဘဝမှာ အောင်မြင်ထက်မြက်တဲ့သူများ ဖြစ်နိုင်ကြပါလိမ့်မယ်။ ။

ဝတ္ထုတို

နန္ဒမန်းကြယ်(တွင်းငယ်)



# ဖြူပေမယ့် မည်း

**အခန်း (၁)**

"ငါက နင်တို့ကို ပစ်မထားပါဘူးဟယ်၊ ငါ့အစ်မသားတွေက ငါ့သားတွေပဲ၊ နင်တို့တွေ ဥမမည်စာမမြောက်တွေမို့ ငါပြောနေတာပါ၊ ဒါကို နင်တို့က ငါ့ကို ပြန်ပြောကြသေးတယ်၊ ငါ့ကို သတ်လိုက်ပါတော့ ကိုထိုက်ရေ၊ ငါ့ကို သတ်လိုက်ပါဟဲ့"

စကားပြောရင်း ဖောက်လာတဲ့ မေမေအေးရဲ့အသံက ညည်းညည်းတွားတွား။

"မေမေအေးကို သားတို့ ဘာပြန်ပြောလို့လဲ"

ကိုထိုက်က ပြန်မပြောတဲ့အကြောင်း ရှင်းပြတော့ ခံပြောလို့ဆိုပြီး မေမေအေး အော်ငိုပြန်တယ်။

"ငါ့ကို အဲဒီလို ပြန်ပြန်ပြောတာကိုက ပြန်ပြောတာပဲ၊ နင်တို့ ငါ့စကားကို နားမထောင်ဘူး၊ အီး. . . ဟီး. . . အီး. . . အစ်မရေ နင်ကတော့ စိတ်ချလက်ချကြီး ပစ်သွားပြီပေါ့၊ ငါ့မှာတော့ ဒီကလေးတွေနဲ့ အီး-ဟင်း-ဟီး"

အမေ့ကို တလိုက်သေးတယ်။ မေမေအေးက သူ့ကို နည်းနည်းလောက် ပြန်ခံပြောမိရင်ပဲ ကိုထိုက်ကို ဆူတယ်။ ဒီလိုဆူပြီဆိုရင် ညီလေးလည်းရောပြီး အဆူခံရရော။ ဒါကြောင့် ညီလေး ငိုတယ်။ ညီလေးငိုတော့ ကိုထိုက်လည်း ဘယ်နေနိုင်တော့မလဲ။ ကိုထိုက်က အရွယ်ရောက်နေပြီမို့ မဆန်းပေမယ့် ညီလေးက ငယ်သေးတယ်။ အခုမှ ငါးတန်း။ ဝမ်းနည်းစရာကြုံရင် ဝမ်းနည်းတတ်တဲ့အရွယ်လေး။ ဒါကြောင့် တစ်ခါတလေ ညီလေးက ပြောရှာတယ်။

"ကိုကိုကြီး ညီလေး အဖေ့ဆီသွားနေချင်တယ်"

"သွားရတာပေါ့ ညီလေးရယ်၊ ကိုကိုကြီး စာမေးပွဲဖြေပြီးရင် ညီအစ်ကိုနှစ်ယောက် သွားနေကြမယ်လေ"

"ဟုတ် ကိုကိုကြီး"

ညီလေးက အဖေဘယ်နားနေနေ လိုက်ပြီး ကပ်နေချင်တဲ့သဘော။ အမေဆုံးတော့ ညီလေးက ကိုးနှစ်သားလေး။ ကိုထိုက်ကတော့ ကိုးတန်းရောက်ပြီ။ ညီလေးက အမေ့ကို သတိရရင် အဖေ့ဆီသွားနေချင်တယ်ဆိုပြီး ပူဆာနေကျပါ။ အခုလည်း မေမေအေးငိုပြောလို့ ဝမ်းနည်းသွားတယ် ထင်ပ့ါ။ ငိုနေရှာပြီ။ ဒီလိုပြောတိုင်းလည်း သွားခွင့်မရပါဘူး။ ကိုထိုက်က ဆယ်တန်းဖြေမပြီးသေးသလို မေမေအေးရဲ့ သဘောက ရှိသေးတယ်။

"နင့်အဖေက နင်တို့ကို ပစ်ထားတော့တာ၊ ဒီလမ်းက ကားနဲ့အလျှိုလျှိုသွားနေတာတောင် မဝင်ဘူး၊ သူ့အဖေဆီလိုက်သွားရင် ကျွန်မတူလေးတွေ ကလေကချေ ဖြစ်ရချည်ရဲ့၊ တကယ်လည်း မထည့်နိုင်ပါဘူးတော်၊ ဒီကလေးတွေကို ကျွန်မရင်နဲ့ လွှယ်မမွေးရုံပဲရှိတာ"

မေမေအေး ပြောတာလည်း မှန်သလောက်တော့ မှန်တယ်။ အဖေလည်း ကိုထိုက်တို့ကို လာမတွေ့တာတောင် အတော်ကြာနေပြီကိုး။ အဖေက ကားသမားဆိုတော့ အိမ်ကပ်ရတယ်မရှိဘူးလို့ပဲ ကိုထိုက်ကတော့ တွေးလိုက်ပါတယ်။ အဖေမရှိလည်း မေမေအေး ရှိနေတာပဲ။ မေမေအေးရှိရင် အားလုံးပြည့်စုံနေသလို။ မေမေအေးက အမေ့ညီမအရင်းပါ။ အမေ သွေးတိုးလေဖြတ်ပြီး ရုတ်တရက်ဆုံးသွားတော့ အားကိုးစရာဆိုလို့ မေမေအေးပဲရှိတယ်။ မေမေအေးကလည်း သားတွေ၊သမီးတွေနဲ့ဆိုတော့ အဆင်ပြေတယ်တော့ ဘယ်ဟုတ်မလဲ။ ကိုထိုက်တို့ မေမေအေးရဲ့ အုပ်ထိန်းမှုအောက်မှာပဲ လုံခြုံပါတယ်။ အဖေနဲ့တော့ နေချင်တာပေါ့။ ဒါပေမဲ့ အဖေက စာမလာသတင်းမကြားဆိုတော့ အဖေ့ကိုလည်း မယုံရဲသေးဘူး။

**အခန်း(၂)**

"မေမေအေး သားကို ကျူရှင်လခပေးဦး"

"ဟင် နင့်ကျူရှင်လခကလည်း တောင်းမဆုံးဘူး၊ ဒီတစ်လမပေးနိုင်သေးဘူး၊ တကတည်း လူတွေမှ အဆင်မပြေပါဘူးဆို တကတဲ"

မေမေအေးစကားကြောင့် ကိုထိုက်မျက်နှာလေး ငယ်သွားရှာတယ်။ မေမေအေး တစ်ခုခုကို မကျေနပ်ပြီး စိတ်ရှုပ်နေပုံပေါက်တယ်။ ဒီလိုအချိန်ဆို မေမေအေး တုတ်ထိုးအိုးပေါက် ပြောတတ်တာ ကိုထိုက်အသိဆုံး။ တစ်လောက ညီလေး ကျူရှင်လခတောင်းတုန်းကလည်း မေမေအေးပြောသံ ကြားဖူးတယ်။

"နင့်အဖေကဆို လာလည်းမလာဘူး၊ ဘာမှလည်း လာမပေးဘူး၊ အစစအရာရာ ငါ့တာဝန်တွေချည်းပါလားနော်၊ ရော့ ဒါအကုန်ပဲ၊ ငါ့သားသမီးတွေအတွက်လည်း ပေးရသေးတာ"

အခုလည်း ကိုထိုက် မေမေအေးရဲ့ အရိပ်အခြည်ကို မကြည့်ဘဲပြောလိုက်တော့ ဆူသံပူသံကလွဲလို့ ဘာမှမရ။ ဒါပေမဲ့ ကိုထိုက်တို့ မေမေအေးကို ကျေးဇူးတင်ရမယ်။ ဘာလို့လဲဆိုတော့ ကိုထိုက်တို့ညီအစ်ကိုကို အများနဲ့တန်းတူကြိုးစားပြီး ထားပေးရှာတယ်။ တစ်ခါတစ်ခါ မေမေအေး ဖောက်လာရင်တော့ ကိုထိုက်တို့ ကြောက်ရုံကလွဲလို့ပေါ့။ မေမေအေးရဲ့ယောကျ်ား ဦးကျောက်ခဲကလည်း သဘောကောင်းတော့ ကိုထိုက်တို့အတွက် ပိုပြီးအဆင်ပြေတယ်။ ဦးကျောက်ခဲက ကိုထိုက်တို့ကို ချစ်ရှာတယ်။

"ကလေးတွေ သနားပါတယ် မအေးရယ်၊ အငယ်လေးကဆို ဘာမှသိသေးတာမဟုတ်ဘူး"

ကိုထိုက်တို့အပေါ် ကရုဏာသက်တဲ့ ဦးကျောက်ခဲကို ကိုထိုက်တို့ကလည်း ချစ်ကြတယ်။ ကိုထိုက်တို့မှာ မေမေအေးရဲ့ ဆူသံပူသံမကြားရရင် အေးအေးချမ်းချမ်းပဲ။ ဦးကျောက်ခဲက ကိုထိုက်တို့ ဘာလုပ်လုပ် ဘာမှပြောတဲ့လူမှ မဟုတ်တာ။ တစ်ခါတစ်ခါ မေမေအေး မသိအောင် မုန့်ဖိုးတောင်ပေးသေးတာ။ ဦးကျောက်ခဲက ကိုထိုက်တို့ကို နှုတ်ကယ်စောင်မ လက်ကယ်စောင်မလည်းရှိတယ်။

"မင်းတို့လေးတွေ ငါတို့ မဆုံးမလို့ ဘယ်သူဆုံးမမလဲ"

အမေတို့ ညီအစ်ကို မောင်နှမတွေထဲမှာ အမေပြီးရင် မေမေအေးက အကြီးဆုံး။ ဒါကြောင့် အမေဆုံးပြီးတော့ ကိုထိုက်တို့ရဲ့ နေရေး၊ ဝတ်ရေး၊ စားရေးနဲ့ ကျောင်းစရိတ်တွေက မေမေအေးရဲ့တာဝန်တွေ ဖြစ်လာတယ်။ အဖေက တစ်ကောင်ကြွက်တစ်မျက်နှာ။ အခုဆို အဖေက ကိုထိုက်တို့ကို လှည့်မကြည့်သလိုတောင် ဖြစ်နေပြီ။ အဖေမရှိပေမယ့် မေမေအေးရှိတယ်။ ဒါပေမဲ့ မေမေအေးက သူ့သားသမီးတွေလောက်တော့ နေရာတော့မပေးဘူး။ ကိုထိုက်တို့က သူ့သားသမီးတွေနဲ့ယှဉ်ရင် ဒုတိယနေရာကပဲဆိုတာ ကိုထိုက်သတိထားမိတယ်။ ဒါကလည်း ဖြစ်နိုင်ပါတယ်။ မေမေအေးနဲ့ ကိုထိုက်တို့က တူဝရီးတွေပဲလေ။

**အခန်း(၃)**

"ကိုကျောက်ခဲရယ် ကျွန်မတော့ စိတ်ညစ်တော့တာပဲတော်၊ ဒီကလေးတွေက ကျွန်မတာဝန်တွေတော့၊ ရှင်စဉ်းစားကြည့်၊ အခုကြည့်လေ၊ ကိုစံအောင် ကလေးတွေကို လာတောင်မတွေ့တော့ဘူး"

မေမေအေးက ဘေးဘီကို အကဲခတ်ကြည့်ပြီး ပြောလိုက်တယ်။ ဦးကျောက်ခဲက ရေနွေးကြမ်းသောက်ရင်း ခပ်တိုးတိုးလေးပြန်ပြောတယ်။

"အင်း ဟုတ်တော့ ဟုတ်သား"

မေမေအေးတစ်ခုခုကို သတိရဟန်နဲ့ ထပ်ပြောလိုက်ပြန်တယ်။

"ကျွန်မပြောဦးမယ်၊ အခု ကိုစံအောင်က မိန်းမတောင် ယူမယ်ကြားတယ်တော့"

ဦးကျောက်ခဲ ဒီစကားကြောင့် ပျာပျာသလဲဖြစ်သွားပြန်တယ်။

"အင်း ဒါဆို တို့ဆီက သူ့နွားတွေ၊ ငွေတွေတော့ တို့ပြန်ပေးရတော့မှာပေါ့"

အမေမဆုံးခင်က မေမေအေးတို့ကို အမေချေးငှား ပေးထားတဲ့ ငွေနဲ့ နွားတွေက အများကြီးကိုး။

"တော့်နှယ် ဒုံးဝေးပ့ါတော်၊ ဘာလို့ပြန်ပေးမှာလဲ၊ လာယူကြည့်ပ့ါလား၊ ကျွန်မပါးစပ်နဲ့ တွေ့သွားမှာပေါ့၊ ဒါတွေမပေးချင်လို့ ကျွန်မတူတွေကို မွေးနေတာတော့. . . နို့မို့ဆို. . ."

မေမေအေးရဲ့စကားက ဟန်မဆောင်နိုင်ဘဲ ထွက်လာတယ်။ လောဘကြောင့်ပေလားတော့ ကိုထိုက်မသိ။ ဒီစကားကြောင့် ဦးကျောက်ခဲလည်း အံ့သြသွားပြီ။

"အင် ဒါဆို မင်းက ကလေးတွေကို"

"တော်တော့ ရှင်တော်တော့"

မေမေအေး ဘာကိုဆိုလိုတယ်ဆိုတာ ဦးကျောက်ခဲ ကောင်းကောင်းသဘောပေါက်သွားပြီ။ ဦးကျောက်ခဲ မေမေအေးကို တွေကြည့်နေတယ်။ ဦးကျောက်ခဲက မေမေအေးကို နိုင်သူမဟုတ်။ ဦးကျောက်ခဲရဲ့ရင်ထဲ နင့်သွားတာ သေချာတယ်။ အခုတော့ မေမေအေးက ဟန့်လိုက်တာကြောင့် ဦးကျောက်ခဲ စကားကို ဖြတ်လိုက်ရပြီ။ ဒါပေမဲ့ ဦးကျောက်ခဲရဲ့မျက်နှာက "မအေး. . . နင်ပြောရက်တယ်" ဆိုတဲ့ ပုံမျိုး။ မေမေအေး ကိုယ့်စကားနဲ့ကိုယ်ဆိုတော့ မျက်နှာပျက်ပြီး ဦးကျောက်ခဲကို ပြောပြနေပြန်တယ်။

"ကိုကျောက်ခဲ ရှင့်ကို ပွင့်ပွင့်လင်းလင်း ပြောပြတာပါ။ ကိုထိုက်တို့ ညီအစ်ကိုလေးတွေကို သားအရင်းလေးတွေလို ချစ်ပါတယ်။ ဒါပေမဲ့ ဒီပစ္စည်းတွေကိုယူပြီး သူတို့လေးတွေ လမ်းဘေးမရောက်အောင် လုပ်ပေးတဲ့ သဘောပဲတော်၊ ရှင်စဉ်းစားကြည့်၊ ဒီခေတ်ထဲ လူတစ်ယောက်တာဝန်မသေးဘူးနော်"

"ဟုတ်ပါပြီ ဒါပေမဲ့ ဒီအကြောင်းကို ကလေးတွေမသိစေပါနဲ့ကွာ"

မေမေအေးက ဦးကျောက်ခဲကို လျှာရှည်တယ်ဆိုတဲ့ သဘောနဲ့ကြည့်ပြီး ပြောတယ်။

"ရှင်ပြောစရာ မလိုပါဘူးတော်"

မေမေအေးတို့ စကားဖြတ်လိုက်ကြတယ်။ မကြာဘူး။ ညီလေး ကျူရှင်ကပြန်လာပြီး မီးဖိုချောင်ထဲဝင်လို့ လှုန်လှော်ပြီး ထမင်းစားနေလေရဲ့။ ညီလေးကတော့ ကလေးပီပီ ဘာမှမတွေး။ အချိန်မှန်စားနေရရင် ကျေနပ်နေရှာတာ။ ကိုထိုက်တို့ညီအစ်ကို စိတ်ထဲမှာတော့ မေမေအေးရှိရင် အားလုံးပြည့်စုံနေပြီပဲ။ မေမေအေးကလည်း တူလေးတွေကို မိတဆိုးလေးတွေမို့ သနားလွန်းကြောင်း ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်အော်ပြောတတ်တာကိုး။

"ကိုထိုက်တို့ ညီအစ်ကိုက သနားစရာ။ ဒါကြောင့် ကျွန်မတူတွေကို ကျွန်မက မျက်နှာအငယ်မခံဘူး။ ကျွန်မအစ်မက မွေးထားပေမယ့် ကျွန်မသားတွေပဲ"

ဒါကြောင့် မေမေအေးကို ကိုထိုက်တို့ အားကိုးပြီး ယုံကြည်ကြတယ်။ ချစ်ကြတယ်။ အခုတော့ မေမေအေးရဲ့ သဘောက အမေမဆုံးခင်က သူတို့ကို ချေးငှားပေးထားတဲ့ နွားတွေနဲ့ငွေတွေကို မပေးချင်ကြတော့တဲ့ သဘော။ ဒီအကြံကို ကိုထိုက်တို့ အရင်ကမသိကြ။ ဒါပေမဲ့ မေမေအေးတို့လင်မယား ပြောနေတာတွေကို ကိုထိုက် အိမ်ပေါ်ကနေ နားနဲ့ဆတ်ဆတ် ကြားလိုက်ရတယ်ဆိုတာ မေမေအေးတို့ သတိမထားလိုက်မိကြ။ အိမ်ပေါ်မှာ ဘယ်သူမှမရှိဘူးအမှတ်နဲ့ မေမေအေးတို့လင်မယား ပြောနေခဲ့ကြတာ။ပတ်ဝန်းကျင်ကလူတွေကတော့ မေမေအေးတို့ အကြောင်း မသိရှာသေး။ ကိုထိုက်တို့ကို ထိန်းရမယ့် တာဝန်ရှိလို့ ထိန်းထားတယ်ထင်နေကြတာပ့ါ။

**အခန်း(၄)**

ရွာထိပ်က ကားလမ်းဘေးမှာ အဖေ့ကားအလာကို ကိုထိုက်တို့ညီအစ်ကိုနှစ်ယောက် ထိုင်စောင့်နေကြတယ်။

"ညီလေးရာ အဖေ့ကားကလည်း လာခဲတာကွာ"

"ဟုတ်တယ် ကိုကိုကြီး"

စောင့်နေကြတာ ကြာသွားပေမယ့် လမ်းပေါ်မှာ လိုင်းကားတစ်စီးမှ မလာသေး။ ကိုထိုက်ကတော့ လောနေပြီ။ အဖေ့ကို မေမေအေးရဲ့အကြောင်း ပြောပြချင်လွန်းနေပုံပေါက်တယ်။

"ဝူး"

ခပ်လှမ်းလှမ်းမှာ ကားတစ်စီး ထိုးရပ်လာတယ်။ ခရီးသည်တချို့လည်း ဆင်းလာကြတယ်။ ပြီးတော့ ခရီးသည်တွေနောက်က ကပ်ပါလာတဲ့ အဖေ။ ကိုထိုက်တို့ဆီကို လာနေပြီ။ ဒါကြောင့် ကိုထိုက်တို့ အဖေ့ဆီ ပြေးသွားကြတယ်။

"အဖေ"

"ဟေ့ သားတို့"

ပြုံးပြနေတဲ့ အဖေ့ကို ကိုထိုက်တို့ ညီအစ်ကို နှစ်ယောက်လုံး အားပါးတရဖက်လိုက်တယ်။ ပြီးတော့ မေးလိုက်ကြတာလည်း စုံလို့။ ဖအေဖြစ်သူနဲ့ဝေးနေတာလည်း ကြာပြီလေ။

"အဖေ မေမေအေးဆီမှာ အဖေ့ပိုက်ဆံတွေ၊ နွားတွေ ပေးထားတာလား"

"အေး ဟုတ်တယ်လေ၊ အဲဒါ သားတို့အတွက်လေ၊ အဖေစုထားတာ"

"ဩော်. . . ဟုတ် အဖေ၊ ဒါဆို အဖေရယ် သားတို့နဲ့ နေရအောင်နော် အဖေ နေရအောင်နော်"

ညီလေးလည်း ဝင်ထောက်ခံရှာတယ်။

"ဟုတ်ပါတယ် ဖေဖေ၊ သားတို့နဲ့ နေရအောင်နော်"

ကိုစံအောင်တော့ တွန့်သွားပြီ။ သားတွေကို ပြန်မေးရုံကလွဲလို့ပေါ့။

"မေမေအေးနဲ့ နေရတာကော သားရယ်"

ကိုထိုက် ပြတ်ပြတ်သားသား ပြန်ပြောလိုက်တယ်။

"သားတို့ မေမေအေးနဲ့ မနေချင်တော့ဘူး"

"ဘာလို့လဲ. . . သားရယ်"

ကိုထိုက် အဖေ့စကားကို မဖြေ။ တွေပြီးရပ်နေရှာတယ်။ မေမေအေးရဲ့အကြောင်းကိုတော့ ကိုထိုက်ပြောထွက်ပုံမရ။ အဖေလည်း ဆုံးဖြတ်ရခက်နေပြီ။

"ကိုစံအောင် ခရီးသည်တွေစောင့်နေပြီ"လို့ လှမ်းအော်ပြီး ကားထဲကထွက်လာတဲ့ အမျိုးသမီးတစ်ယောက်။ အဲဒီအမျိုးသမီးက အဖေ့နားရောက်လာတယ်။ အဖေ အနားကပ်လာတဲ့ အဲဒီအမျိုးသမီးစကားလည်း မဖြေနိုင်ရှာ။ ဆောက်တည်ရာမရ ဖြစ်နေပြီ။ ဒါကြောင့် အဖေ့အနားတိုးကပ်လာတဲ့ အမျိုးသမီးကိုကြည့်ရင်း ကိုထိုက်မေးလိုက်တယ်။

"အဖေ အဲဒီမိန်းမက ဘယ်သူလဲ"

အဖေ ကိုထိုက်တို့ကိုတစ်လှည့်၊ အမျိုးသမီးကိုတစ်လှည့် ကြည့်ပြီး ပွင့်ပွင့်လင်းလင်း ပြန်ဖြေတယ်။

"သူက အဖေ့ မိန်းမ"

ကြားရတဲ့စကားက ကိုထိုက်တို့အတွက် စိတ်မချမ်းသာစရာ။ အဖေ့စကားကြောင့် ကိုထိုက်တို့ မေ့သွားလောက်အောင် တိုးတိတ်သွားကြပြီ။ ကျရတဲ့ မျက်ရည်တွေက မဆုံးသေးပါလား။ ကိုထိုက်တို့ညီအစ်ကို သိလိုက်ကြပြီ။ ကိုထိုက်တို့ဘဝထဲက အမေထွက်သွားလို့မှ မကြာသေးဘူး။ အဖေထွက်သွားပြန်ပြီပေ့ါ။ ဒီလိုဆို အဖေနဲ့နေလို့မရတော့တာ သေချာသွားပြီ။ ကိုထိုက်တို့ဘဝမှာ ပထမနေရာ အမြဲပေးကြတဲ့ အမေက သေကွဲခွဲသွားပြီ။ အခု အဖေကလည်း ရှင်ကွဲခွဲသွားပြန်ပြီ။ ကိုထိုက်တို့ မိထွေးနဲ့လည်း နေမဖြစ်။ မေမေအေးက သူ့အကြံနဲ့သူ။ မေမေအေး ကိုထိုက်တို့ကို ဒုတိယနေရာကပဲပေးခဲ့ပေမယ့် ကိုထိုက်တို့ ညီအစ်ကိုအပေါ် ကောင်းသလား ကောင်းခဲ့ပါတယ်။ မေမေအေးရဲ့မေတ္တာတွေက အမှန်တကယ်မှ ဟုတ်ရဲ့လား ဆိုတာတော့ ကိုထိုက်တို့ ဝေခွဲရခက်သွားတာက လွဲလို့ပေ့ါ။ မေမေအေးရဲ့ မေတ္တာတွေက ဖြူသလား၊ မည်းသလား ဆိုတာ ဝေဝါးသွားတာတော့အမှန်။ တူတွေဖြစ်တဲ့အတွက် ကိုထိုက်တို့က ဒုတိယနေရာပဲရတယ်ဆိုတာ မှန်ပါတယ်။ မေမေအေးမှာ သားတွေသမီးတွေရှိသေးလို့။ ဒါပေမဲ့ မေမေအေး အဖေ့ကိုပြန်ပေးရမယ့် ပစ္စည်းတွေကြောင့် မေမေအေးရဲ့မေတ္တာတွေက ကိုထိုက်တို့အပေါ် ဖြူသလား ဖြူပေမယ့် မည်းသလား မည်းသွားခဲ့ပါပြီ။ ဒါပေမဲ့ ကိုထိုက်တို့ ဖြူပေမယ့် မည်းနေတဲ့ မေမေအေးရဲ့ မေတ္တာအရိပ်အောက်က ထွက်သွားလို့မရသေးဘူး။ လောလောဆယ် ကိုထိုက်တို့ ညီအစ်ကိုရဲ့ဘဝက ခိုကိုးရာမဲ့လေးတွေလေ။

0w#wd

■ ဟိန်းမင်း(မြန်အောင်ရေနံမြေ)

# ကြက်သမား ဇော်ကြီး

ကြက်ပွဲတစ်ပွဲတွင် အနိုင်ရရှိလာသော ဇော်ကြီး၊ ဖိုးထောင်နှင့် ကျောက်ခဲတို့ သုံးယောက်သည် ထန်းရည်ဆိုင်တစ်ဆိုင်၌ အောင်ပွဲခံနေကြ၏။

"သူငယ်ချင်း ဇော်ကြီး ဒီနေ့ ကြက်ပွဲနိုင်တာ မင်းကြက်ကုကောင်းလို့ကွ"

ဖိုးထောင်သည် ဇော်ကြီး၏ ကြက်ကုပညာကို ချီးမွမ်းထောမနာပြုလိုက်၏။

ဇော်ကြီးသည် အနိုင်ရလဒ်ရရှိအောင် ခြေစွမ်းပြကာ ခွပ်ခဲ့သည့် ကြက်ဖကို ရင်ခွင်ထဲတွင်ထားလျက် ထန်းရည်ကို ဟန်ကျကျမော့သောက်ပုံမှာ စတိုင်မိလှ၏။ ဖိုးထောင်၏ ချီးမွမ်းစကားကြောင့်လည်း ဘဝင်မြင့်သွားပုံရ၏။

"ဒါပေါ့ကွာ မြင်းကောင်းစီးတဲ့ ဂျော်ကီဟာ မြင်းစီးကောင်းတဲ့ ဂျော်ကီကောင်း မဟုတ်ဘူးကွ၊ အေး အဲဒီလိုပဲ ကြက်ကောင်းကိုင်တဲ့ ကြက်သမားဟာလည်း ကြက်ကုကောင်း မဟုတ်နိုင်ဘူးလေ၊ အရေးနိမ့်နေတဲ့ ကြက်ကို အလားအလာကောင်းလာအောင်အထိ ကြိုးစားပြီး ကုတတ်သူကိုသာ ကြက်ကုကောင်းလို့ ခေါ်တယ်ကွ ဖိုးထောင်ရ"

တိုက်ကြက်ကောင်းများသာကိုင်၍ ကြက်ကုရာတွင်လည်း အင်မတန်ထူးချွန်သော ဇော်ကြီး၏ စကားကို အတူဝိုင်းဖွဲ့သောက်နေသည့် ဖိုးထောင်နှင့် ကျောက်ခဲတို့သည် ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံကြ၏။

"အမေရေ အမေ့သမီး ဘာတွေကြော်လှော်နေတာလဲ၊ ညှော်လိုက်တာဗျာ"

ဒေါ်အေးခင်သည် သားဖြစ်သူ ဇော်ကြီး၏ ခေါ်သံမေးသံများကြောင့် ဘုရားစင် ရှေ့တွင် ဆွမ်းတော်ကပ်၍ ဘုရားရှိခိုး အမျှအတန်းပေးဝေနေရင်းကပင် အသံလာရာ အိမ်ရှေ့ခြံစည်းရိုးအပေါက်ဝဆီသို့ လှမ်းကြည့်လိုက်၏။ ထုံးစံအတိုင်းပင် ဇော်ကြီး ထန်းရည်မူးပြီး ပြန်လာပြီဟု ဒေါ်အေးခင် သိလိုက်သည်။ ဇော်ကြီးသည် ခြံစည်းရိုးဝတွင် ပုဆိုးကိုစလွယ်သိုင်းလျက် ကြက်ဖကို ရင်ခွင်ထဲတွင် ပိုက်ကာ ဒယိမ်းဒယိုင်ဖြစ်နေ၏။ ခြံထဲကိုပင် မဝင်သေးပေ။ ခြံထဲကို မဝင်သေးခြင်းသည် အကြောင်းရှိ၏။ သည်အချိန်ဆိုလျှင် သူ့အစ်မ အေးမြသည် တစ်ခုမဟုတ်တစ်ခုတော့ ကြော်လှော်ချက်ပြုတ်နေမည်ဆိုသည်ကို ဇော်ကြီး သိနေသည်။

"သားရေ ခဏနေဉ်၊ သားကြိုက်တဲ့ ကြွက်သား သားအစ်မ ကြော်နေလို့ပါ"

"ဟာဗျာ မြန်မြန်ကြော်ခိုင်းဗျာ၊ အေးမြ နင့်ကြွက်ကြော်အိုးကြီး ချလိုက်တော့ဟာ၊ ငါ့ ကြက်ဖ ညှော်မိပြီး သေလို့ကတော့ နင်မလွယ်ဘူးသာမှတ်"

အစ်မဖြစ်သူသည် သူကြိုက်တတ်သည့် ကြွက်ကြော်နေသည် မှန်သော်လည်း သူ့ကြက်အတွက်ဆိုလျှင် မည်သူ့ကိုမျှ မျက်နှာသာမပေးပေ။

ဇော်ကြီးသည် ညှော်နံ့ပျောက်မပျောက် သေချာစွာ အနံ့ခံရင်း ကြက်ဖကို ပိုက်လျက် အိမ်ပေါ်သို့တက်လာ၏။ အနိုင်ရရှိအောင် ခွပ်ပေးခဲ့သည့် ကြက်ဖကြီးကို "ဖေ့သားကြီးကွ"ဟု ပြောလျက် တရှုပ်ရှုပ်နမ်းနေ၏။ ကြက်ဖကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ရရှိလာသော ဒဏ်ရာဒဏ်ချက်များကို အသင့်ဆောင်ထားသည့် ဆေးများဖြင့် စနစ်တကျလိမ်းပေး၏။ အနိုင်ရရှိလာသည့် ကြက်ဟုဆိုသော်လည်း အနည်းနှင့်အများ ထိခိုက်ဒဏ်ရာ ရရှိစမြဲပင်ဖြစ်သည်။ ကြက်တစ်ကောင်နှင့်တစ်ကောင် ခွပ်ကြရာတွင် အင်မတန် နာကျင်ကြပါသည်။ မိမိကိုယ်တိုင် ကြက်အခွပ်ခံဖူးပါက နားလည်လိမ့်မည်ဖြစ်သည်။ ဇော်ကြီးသည် ကြက်သမားတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော ကြက်သားဖောက်ခြင်း၊ ကျွေးမွေးပြုစုစောင့်ရှောက်ခြင်း၊ မတိုက်ခင် ကြိုတင်ပြင်ဆင်ခြင်း၊ တိုက်နေစဉ် ကျွမ်းကျင်ပိုင်နိုင်စွာ ကုသတတ်ခြင်းနှင့် တိုက်ပြီးချိန်တွင် ပြုစုခြင်း စသည့် ပညာရပ်များကို နည်းလမ်းကျကျ ဆောင်ရွက်တတ်သူဖြစ်သည်။ ဇော်ကြီးသည် ကြက်နှင့်ပတ်သက်၍ နေ့စဉ်နှင့်အမျှ အမေ(သို့)အစ်မနှင့် စကားများရန်ဖြစ်ရ၏။ အမေနှင့် အစ်မကလည်း ဖတဆိုးသားလေးမို့ အလိုလိုက်ရှာ၏။ ထို့ကြောင့်ပင် ဇော်ကြီးသည် အမေနှင့် အစ်မအပေါ် ဗိုလ်ကျနေ၏။

ဇော်ကြီးကို ဗိုက်ထဲတွင် လွယ်ထားရချိန် ကိုယ်ဝန်ရှစ်လခန့်တွင် ဒေါ်အေးခင်၏ခင်ပွန်း ဇော်ကြီး၏ဖခင်သည် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ဇော်ကြီး၏ ဖခင်သည် ကြက်ကြောင့်ပင် သေဆုံးခဲ့ရ၏။ ကြက်ဝိုင်းတစ်ခုတွင် စကားများရန်ဖြစ်ရာမှ ဓားထိုးခံရ၍ သေဆုံးခဲ့ရခြင်းဖြစ်သည်။ ဒေါ်အေးခင်သည် ငါးနှစ်အရွယ် သမီးလေးတစ်ယောက်ကို အဖော်ပြုရင်း ဇော်ကြီးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့သည်။

သမီးဖြစ်သူ အေးမြသည် လိမ္မာသော်လည်း ဇော်ကြီးသည် ထန်းရည်လေး တမြမြသောက်၍ ကြက်တိုက်ခြင်းအလုပ်နှင့်သာ အချိန်ကုန်နေသည်။ တစ်ခါတစ်ရံဆိုလျှင် တစ်လကိုးသီတင်း အိမ်မပြန်ဘဲ ကြက်ဝိုင်းရှိရာ ဒေသများသို့ လှည့်လည်သွားနေတတ်သေးသည်။ ထိုအချိန်မျိုးတွင် ဒေါ်အေးခင်နှင့် အေးမြတို့သည် ဇော်ကြီး၏ ကြက်များကို ကျွေးမွေးစောင့်ရှောက်ရ၏။ ဇော်ကြီးမရှိသည့်အချိန်တွင် ကြက်ပေါက်တစ်ကောင်မျှ၊ ကြက်ဥတစ်လုံးမျှ သေခဲ့၊ ကွဲခဲ့ပါက ဇော်ကြီး ပြန်ရောက်လာလျှင် ဒေါသူပုန်ထ၍ အမေနှင့်အစ်မကို ရန်လုပ်တတ်မြဲပင်ဖြစ်သည်။ ဒေါ်အေးခင်သည် ပြောမရ၍သာ ဇော်ကြီး ကြက်တိုက်ဝါသနာကြီးနေခြင်းကို လွှတ်ထားရသည်။ ဇော်ကြီးကို တစ်စက်ကလေးမျှ စိတ်မချပေ။ သူ့အဖေကဲ့သို့ အဖြစ်မျိုးကို နောက်တစ်ဖန် မကြုံတွေ့ မခံစားချင်မိပေ။ သို့သော် ဖခင်၏ ဝါသနာဗီဇအတိုင်း တစ်ထပ်တည်းဖြစ်နေသော ဇော်ကြီးသည် ကြက်တိုက်ခြင်းအလုပ်ကိုသာ ခုံမင်နေ၏။

"ဟေ့ ကြက် ရှီး ရှီး ညြော် ဒီကြက် ကဲဟယ်"

ဘုရားကျောင်းဆောင်ပေါ်သို့တက်၍ တကွပ်ကွပ်ဖြင့် ကြက်မကိုခေါ်ကာ ဥကျင်းပြနေသည့် ကြက်ဖကို မြင်သော အေးမြသည် မောင်း၍မရသည့်အဆုံး မီးဖိုချောင်ထဲတွင် အသင့်ရှိသည့် ကြက်သွန်နီဥဖြင့် ပစ်ပေါက်လိုက်၏။ မီးဖိုချောင်ထဲတွင် ကြက်သွန်နီဥထက် ပြင်းထန်သည့်အရာဝတ္ထုများရှိသော်ငြားလည်း ဘုရားကျောင်းဆောင်ပေါ်တွင် ဖြစ်နေခြင်းကြောင့်တစ်ကြောင်း၊ ဇော်ကြီးသည် အိမ်တွင်ရှိနေခြင်းကြောင့်တစ်ကြောင်း အေးမြသည် အသေးငယ်ဆုံးသော ကြက်သွန်နီဥလေးဖြင့် ပစ်ပေါက်လိုက်ခြင်းဖြစ်သည်။ ပစ်ပေါက်လိုက်ခြင်းသည် ကြက်ကိုပင်မထိ။ ဘေးထရံကိုသာမှန်၏။ သို့သော် ဘုရားကျောင်းဆောင်ခန်းထဲတွင်ရှိနေသော ကြက်ဖသည် လန့်၍ထပုံရာ ဘုရားပန်းအိုးများနှင့် ထိခိုက်မိကာ အတောင်တစ်ချောင်း ကျွတ်သွား၏။ ထိုစဉ် အိပ်ရာထဲတွင် အိပ်နေသော ဇော်ကြီးသည် ကြက်အော်သံများကြောင့် နိုးလာ၏။

"အေးမြ နင် ငါ့ ကြက်ဖကို ဘာနဲ့ ပစ်လိုက်တာလဲ"

"ကြက်သွန်ဥလေးနဲ့ပါ"

ဇော်ကြီးသည် အေးမြကို မေးရင်းက ကြက်အတောင် တစ်ချောင်းကို တွေ့လိုက်၏။ ထိုစဉ် စိုးရိမ်စိတ်များဖြင့် စောစောက အေးမြ ခြောက်လှန့် ပစ်ပေါက်လိုက်၍ လန့်ထွက်ပြေးသွားသော ကြက်ဖကို ချော့မြှူဖမ်းယူ စစ်ဆေးရာ ငယ်တောင်၏နောက်ကအတောင် ကျွတ်သွားသည်ကို တွေ့လိုက်ရ၏။ ဇော်ကြီး၏ ဒေါသများသည် အထွတ်အထိပ်သို့ ရောက်ရှိကာ အစ်မဖြစ်သူ အေးမြကို သတ်မည်ဆိုသော ရည်ရွယ်ချက်ဖြင့် အိမ်ပေါ်သို့ ပြေးတက်လိုက်သည်။ ဒေါသမီးလျှံများကြောင့် အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားအမှန်၊ လုပ်သင့်မလုပ်သင့်ဆိုသည့် ဆင်ခြင်တုံတရားများပင် မရှိတော့ပေ။ နေ့စဉ်နှင့်အမျှ အကုသိုလ်စိတ်များနှင့်သာ မွေ့လျော်နေသော ဇော်ကြီးသည် အစ်မဖြစ်သူကို သတ်မည်ဟုပင်ဆိုကာ အိမ်ပေါ်သို့ ပြေးတက်စဉ် ခြေချော်၍ လဲကျသွား၏။ ထိုစဉ် ဇော်ကြီး၏ ညာဘက်မျက်လုံးအိမ်ထဲသို့ ချွန်ထက်သည့် အရာဝတ္ထုတစ်ခု ထိုးဝင်သွား၏။ လှေကားတက်မှလဲကျစဉ် လှေကားရင်းတွင် ပက်လက်အနေအထားဖြစ်နေသော ထွန်ခြစ်တံသည် ဇော်ကြီး၏ မျက်လုံးအိမ်ကို ထိုးဝင်သွားခြင်းဖြစ်သည်။ ဇော်ကြီးသည် မျက်ဝန်းတစ်စုံကို စူးရှနက်ရှိုင်းသည့် မီးလျှံများနှင့် ပစ်ပေါက်ခံရသကဲ့သို့ နာကျင်စွာ ခံစားလိုက်ရ၏။

"အား ကယ်ပါဦး၊ မျက်လုံးတွေ ဘာမှ မမြင်ရတော့ဘူး"

လှေကားတက်မှ "ဝုန်း"ဟူသော အသံနှင့်အတူ ဇော်ကြီး၏ ငယ်သံပါအောင် အော်သံကြောင့် အေးမြသည် မီးဖိုချောင်မှ ကပျာကယာပြေးထွက်လာ၏။ ဇော်ကြီးကို လှေကားရင်းတွင် လဲကျနေသည်ကို တွေ့လိုက်၏။ မျက်လုံးမှထွက်နေသော သွေးများသည် ဇော်ကြီး၏ မျက်နှာတစ်ခုလုံးတွင် ပေကျံနေ၏။ အေးမြသည် သွေးစိမ်းရှင်ရှင်ထွက်၍ အလူးအလဲခံစားကာ အော်ဟစ်ငိုကြွေးနေသော မောင်လေးကို မကြည့်ရက်မမြင်ရက်ပေ။ အေးမြသည် မျက်ရည်များပင်ကျလျက် အိမ်နီးချင်းများအား အကူအညီတောင်း၍ ဆေးရုံသို့ အမြန်ဆုံးတင်နိုင်ခဲ့သည်။ ဥပုသ်နေ့ဖြစ်ခြင်းကြောင့် ရွာဦးဘုန်းကြီးကျောင်းတွင် ဥပုသ်သီလစောင့်ထိန်း၍ ကျောင်း၌ပင် တရားထိုင်၊ တရားမှတ်နေသော ဒေါ်အေးခင်သည် သားဖြစ်သူ ဇော်ကြီး၏သတင်းကို ကြားသိရချိန် ပုထုဇဉ်လူသားလည်းဖြစ် ဝမ်းနှင့်လွယ်မွေးထားရသော မိခင်လည်းဖြစ်ဆိုတော့ "ဖြစ် ပျက်"ဟု ရှုမှတ်နေသော ဝိပဿနာတရားကိုပင် ဉာဏ်မခိုင်စျာန်ယိုင်လျှောကာ ဝမ်းနည်းပူဆွေးမျက်ရည်များဖြင့် သားရှိရာ ဆေးရုံသို့ စိုးရိမ်သောကကြီးစွာ လိုက်သွားတော့သည်။

"မောင်လေးရဲ့ မျက်လုံး လုံးဝပျက်စီးသွားပြီ အမေ"

ဒေါ်အေးခင် ဆေးရုံကို ရောက်လာပြီဆိုလျှင်ပဲ ငိုကြီးချက်မဖြင့် အေးမြ ပြောလိုက်သောစကားကြောင့် ဒေါ်အေးခင်သည် နှလုံးသွေးများ ရပ်တန့်သွားမတတ်၊ သတိလစ်မေ့မျောသွားမတတ် ခံစားလိုက်ရပါတော့သည်။

ဒေါ်အေးခင်နှင့် အေးမြတို့သည် ဇော်ကြီး လှေကားတက်ကနေ ခြေချော်လဲကျသည်ဟုပင် သိသည်။ ဖြစ်ကြောင်းကုန်စဉ်ကိုပင် မသိ။ ဤသို့ မသိခြင်းသည်ပင်လျှင် သည်မိသားစုအတွက် ကောင်းမွန်သောဆုလာဘ်တစ်ခု ဖြစ်ပေလိမ့်မည်။

"ဇော်ကြီးရေ သူငယ်ချင်း၊ သွားကြမယ်ဟေ့"

ဇော်ကြီး၏ တပည့်ကျော်များဖြစ်သည့် ဖိုးထောင်နှင့် ကျောက်ခဲတို့နှစ်ဦးသည် ကြက်ဝိုင်းသွားရန် ခေါ်နေခြင်းဖြစ်သည်။ သည်နေ့သည် ဇော်ကြီး၏ တိုက်ကြက်များထဲက လက်ရွေးစင် "နွဲ့ဆိုး"ဟုပင် အမည်ပေးထားသည့် ကြက်ဖနှင့် ဝိုင်းကြီးဝိုင်းကောင်း ချိန်းဆိုထားသည့်နေ့ပင်ဖြစ်သည်။ သို့သော် မနေ့က အဖြစ်အပျက်များကိုပင် ဖိုးထောင်နှင့် ကျောက်ခဲ သိဟန်မတူ။ ဘေးအိမ်က ပြောပြလိုက်၍သာ ဇော်ကြီးရှိရာ ဆေးရုံဆီသို့ လိုက်သွားကြ၏။

"နွဲ့ဆိုး"ဟူသော ကြက်သည် ရွာနီးချုပ်စပ်ရှိ တိုက်ကြက်မှန်သမျှကို အနိုင်ရရှိထားသော ကြက်ဖြစ်၏။ ထို့ကြောင့်ပင် မြို့ပေါ်ရှိ ငွေကြေးချမ်းသာသော ကြက်သမားများက စျေးကောင်းပေး၍ ဝယ်ယူနေချင်ကြ၏။ သို့သော် ဇော်ကြီးသည် ကြက်သမားပီသစွာ သူအကြိုက်ဆုံး ကြက်ဖကို မည်သူ့ကိုမျှမရောင်း။ သူလောင်းနိုင်သမျှ ငွေကြေးဖြင့် သူကိုယ်တိုင်တိုက်မည်ဟု ဆုံးဖြတ်ထားသည်။ "နွဲ့ဆိုး"ဟူသော ကြက်ကြောင့် ဇော်ကြီးသည် ပြုံးပျော်ကြည်နူးစွာ အောင်ပွဲအလီလီရရှိသကဲ့သို့ "နွဲ့ဆိုး"ဟူသော ကြက်ကြောင့်ပင် ပြင်းထန်သော နာကျင်မှုဝေဒနာများနှင့်အတူ မျက်လုံးတစ်လုံးပင် ဆုံးရှုံးလိုက်ရ၏။ သို့သော် ဇော်ကြီးသည် မျက်လုံးတစ်လုံး ဆုံးရှုံးလိုက်ရ၍ ကြက်လောကကို စွန့်လွှတ်သွားလိမ့်မည် မဟုတ်ချေ။

"သားရယ် ကြက်တိုက်တဲ့အလုပ်တွေ မလုပ်ပါနဲ့တော့၊ အဲဒီအလုပ်တွေက မကောင်းဘူး၊ ဝဋ်လိုက်တတ်တယ် သားရဲ့၊ ခုဆိုရင် ငါ့သား မျက်စိတစ်ဖက် ပျက်စီးသွားရပြီ၊ အဲဒါ ချက်ချင်း ဝဋ်လိုက်နေတာပဲ သား၊ သားတို့ ကြက်တိုက်ရင် ကြက်တွေဟာ မကြာခဏဆိုသလို မျက်လုံးပျက်စီးကြတာ သားတို့ပြောပြောနေလို့ အမေ သိနေရတယ်လေ၊ သားတို့ကြက်ကခွပ်လိုက်လို့ တစ်ဖက်ကြက် မျက်လုံးကန်းသွားရင် သားတို့ အားရကျေနပ်နေကြတယ်လေ၊ တစ်ခါတလေ သားတို့ ကြက်တွေလည်း မျက်လုံးမျက်ဆံကို အခွပ်ခံရရင် ကန်းကြတာချည်း မဟုတ်လား၊ သားမှာတောင် မျက်လုံးတစ်လုံးကန်းနေတဲ့ ကြက်ဖကြီးတစ်ကောင် ရှိတယ်မိုလား၊ သနားပါတယ် သားရယ်၊ သတ္တဝါလေးတွေ လွတ်လပ်ပျော်ရွှင်စွာ နေကြပါစေ"

ဒေါ်အေးခင်သည် သားဖြစ်သူ ဇော်ကြီးကို ကြက်မတိုက်တော့ဖို့ရန် တတွတ်တွတ် ပြောနေ၏။ ဇော်ကြီးသည် ဆေးရုံက ဆင်းလာခါစဖြစ်ပြီး ဒဏ်ရာကလည်း လုံးလုံးလျားလျား မပျောက်သေးသည့်အတွက်ကြောင့်သာ မိခင် ဒေါ်အေးခင်၏စကားကို ဘာမျှပြန်မပြောဘဲ နားထောင်ပေးနေခြင်းဖြစ်သည်။ ဒဏ်ရာလုံးလုံးလျားလျား ပျောက်ကင်းသက်သာသွားချိန်မှာတော့ ဖိုးထောင်၊ ကျောက်ခဲတို့နှင့်အတူ ကြက်တိုက်မြဲပင်ဖြစ်သည်။

"သူငယ်ချင်း ဇော်ကြီး၊ ဟိုတစ်ခါတုန်းက "နွဲ့ဆိုး"နဲ့ တိုက်ဖို့ချိန်းပြီး ပွဲဖျက်လိုက်ရတဲ့ ကောင်တွေက ပြန်ချိန်းနေတယ်ကွ၊ မင်း ဘယ်လိုသဘောရလဲ"

ဖိုးထောင်၏ အမေးစကားကြောင့် ဇော်ကြီး တွေဝေသွား၏။ "နွဲ့ဆိုး" ဆိုသည့် ကြက်တိုက်ရန် တစ်ရက်အလိုတွင် အစ်မဖြစ်သူ အေးမြ၏ ခြောက်လှန့်မှုကြောင့် အတောင်တစ်ချောင်းကျွတ်သွားခဲ့သည်။ ယင်းအတွက်ကြောင့်ပင် ဒေါသထွက်ကာ မပြုလုပ်အပ်သည့် အမှားတစ်ခုကို ကျူးလွန်ဖို့စဲစဲ အချိန်အထိ ရောက်ခဲ့ဖူးသည် မဟုတ်လား။ ဇော်ကြီးသည် ထိုမြင်ကွင်းကို ပြန်လည်မြင်ယောင်မိနေ၏။ ဇော်ကြီး၏ စိတ်ထဲတွင် "နွဲ့ဆိုး"ဟူသော ကြက်နှင့်ပတ်သက်၍ နာကျင်ကြေကွဲစရာများ ပြည့်ကျပ်နေ၏။

ဖိုးထောင်သည် ဇော်ကြီး၏ ပခုံးကိုပုတ်၍ "သူငယ်ချင်း ဘာတွေငေးမောနေတာလဲကွ"ဟု မေးလိုက်ချိန်မှသာ ဇော်ကြီး၏ အတွေးစိတ်များ ရပ်တန့်သွား၏။

"ဘယ်လိုလဲ တိုက်မယ်မိုလား"

"အေး တိုက်မယ်ကွာ၊ ဒါပေမဲ့ "နွဲ့ဆိုး"ရဲ့ ညာဘက်အတောင်မှာ အတောင်တစ်ချောင်းမရှိဘူး၊ နောက်ပြီး ငါဆေးရုံတက်နေတဲ့အချိန်မှာ ကြက်ကို မပြုစုရတော့ သိပ်ခွပ်နိုင်မယ်မထင်ဘူး၊ အဲဒါကြောင့် တစ်ပတ်လောက် ပြုစုလိုက်ဦးမယ်ကွာ"

"ဟုတ်ပြီ၊ နောက်တစ်ပတ် အင်္ဂါနေ့ ချိန်းလိုက်မယ်ကွာ"

"ချိန်းလိုက်ကွာ၊ အဲဒီကြက်ပွဲဟာ ငါ့ဘဝအတွက် နောက်ဆုံးတိုက်မယ့် ကြက်ပွဲပဲ၊ အဲဒီကြက်ပွဲ ရှုံးရှုံးနိုင်နိုင် နောက်ဘယ်တော့မှ ကြက်မတိုက်တော့ဘူး"

ဇော်ကြီးသည် ပြောပြောဆိုဆို ထပြန်လာခဲ့သည်။ ဇော်ကြီး၏ စိတ်ထဲတွင် လေးလံထိုင်းမှိုင်းနေ၏။ အဘယ်ကြောင့်ဆိုသည်ကိုဖြင့် ဇော်ကြီးတစ်ယောက် တိကျသေချာသည့် အဖြေပေးနိုင်မည် မဟုတ်ပေ။ သေချာသည်ကတော့ ဇော်ကြီးသည် ကြက်တိုက်ရန် အရင်ကကဲ့သို့ အားတက်သရောမရှိချေ။ သည်ကြက်ကြောင့် သူ၏ မျက်လုံးတစ်လုံး ဆုံးရှုံးလိုက်ရသည့်အတွက် ကြက်တိုက်ခြင်းကို စိတ်ကုန်ဟန်ဖြစ်နေ၏။ နောက်တစ်ချက်သည် တိုက်မည့်ကြက်တွင် အတောင်တစ်ချောင်းမရှိ ဖြစ်နေခြင်းကို အားမလိုအားမရဖြစ်နေပုံရ၏။

"သားရေ မနက်ဖြန်ဆိုရင် သား အသက်သုံးဆယ်ပြည့်ပြီကွဲ့၊ ဒီနှစ်က သားရဲ့ မွေးနေ့မွေးရက် တစ်ထပ်တည်းကျတယ်လေ သားရဲ့"

"ဟုတ်လား အမေ၊ သားတောင်သတိမထားမိဘူး၊ အမေက မှတ်မိသားပဲ"

"မမှတ်မိဘဲ နေမလား သားရယ်၊ သမီးကြီးရဲ့ မွေးသက္ကရာဇ်၊ သားရဲ့ မွေးသက္ကရာဇ်တွေကို ဘယ်ပြက္ခဒိန်၊ ဘယ်ဒိုင်ယာရီစာအုပ်ထဲမှာမှ မှတ်မထားပါဘူး၊ အမေ့ရဲ့ နှလုံးသားအလယ်ဗဟိုမှာ ကမ္ပည်းထိုးပြီး မှတ်ထားတာလေ"

"ဟား ဟား အမေကတော့ ပိုပြီ၊ အဲဒါဆို သားရဲ့ မွေးနေ့မှာ ခြေထောက်ကျိုးနေတဲ့ ကြက်ဖလေးတစ်ကောင်ပေးမယ်၊ ဟိုဘက်အိမ်က ဘကြီးမှုံကို သတ်ခိုင်းပြီး ချက်စားလိုက်တော့"

"မဟုတ်တာ သားရယ်၊ မွေးနေ့မှာ ကုသိုလ်ပြုရမယ်လေ၊ အကုသိုလ်အလုပ်တွေကို ကိုယ်တိုင်လည်းမလုပ်နဲ့ တစ်ပါးသူကိုလည်း အားပေးအားမြှောက်မလုပ်ရဘူး သားရဲ့၊ ခြေထောက်ကျိုးနေတဲ့ ကြက်ကလေး နေပါစေ၊ သားမွေးနေ့အတွက် ဘုန်းကြီးကျောင်းကို ဆွမ်းအုပ်ပို့ဖို့ သားအစ်မ စီစဉ်ထားပြီးပြီ၊ သားမနက်ဖြန် ရွာဦးဘုန်းကြီးကျောင်းကို လိုက်ရမယ်နော်"

"ဟုတ်တယ် မောင်လေးရဲ့၊ မနက်ဖြန် အင်္ဂါနေ့ မောင်လေးရဲ့ အသက်သုံးဆယ်ပြည့်မွေးနေ့မှာ အစ်မလည်း ကုသိုလ်လိုက်ယူမယ်လေ၊ မွေးနေ့ဆိုတာ မိမိရဲ့မွေးနေ့ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ တကယ်တမ်းကျတော့ မိခင် အသက်လုရတဲ့နေ့ဆိုရင် ပိုမှန်တယ် မောင်လေး၊ အဲဒါကြောင့် မေမေလည်း စိတ်ချမ်းသာအောင်၊ မောင်လေးလည်း ကုသိုလ်ရအောင် မနက်ဖြန် ဘုန်းကြီးကျောင်းကိုလိုက်ပြီး ဥပုသ်စောင့်ရမယ်နော်"

အမေနှင့်အစ်မတို့၏ စကားကိုနားထောင်ရင်း ဇော်ကြီး စဉ်းစားနေ၏။ မနက်ဖြန် အင်္ဂါနေ့တွင် ချိန်းထားသည့် ကြက်ဝိုင်းကလည်းရှိနေ၏။ တစ်ကြိမ်တစ်ခါမျှ ဥပုသ်မစောင့်ခဲ့ဖူးသော ဇော်ကြီးသည် အမေနှင့်အစ်မတို့၏ ဆန္ဒကိုလည်း ဖြည့်ဆည်း၍ ဥပုသ်စောင့်ချင်မိ၏။

"သား လိုက်မယ် အမေ၊ ဘယ်အချိန် ဘုန်းကြီးကျောင်းသွားမှာလဲ"

"ဆယ်နာရီလောက် သွားမယ်လေ"

"ဟုတ်ကဲ့ အဲလိုဆိုရင် သားလိုက်နိုင်ပါတယ် အမေ" ဇော်ကြီးသည် မနက်ဖြန် သူ့ဘဝရဲ့ နောက်ဆုံး ကြက်ဝိုင်းပြီးသည်နှင့် ဘုန်းကြီးကျောင်းကိုသွား၍ မွေးနေ့ကုသိုလ်ခနေပြုရင်း ဥပုသ်သီလစောင့်မည်ဟု ဆုံးဖြတ်လိုက်၏။

"သား ကြက်ဖကြီးနဲ့ ဘယ်သွားမလို့လဲ"

"ကြက်ဖကြီးကို ဖိုးထောင်တို့အိမ် ပို့ထားမလို့ပါ"

"ဆယ်နာရီ ဘုန်းကြီးကျောင်း သွားမှာနော် သား"

"ဟုတ်ကဲ့ပါ အမေရဲ့၊ သားရဲ့ သူငယ်ချင်းတွေပါ ခေါ်လာခဲ့မယ်၊ ဘုန်းကြီးကျောင်းကသာ အမေတို့စောင့်နေ။" ဇော်ကြီးသည် "နွဲ့ဆိုး"ဟူသော ကြက်ဖကို ပိုက်လျက် ချိန်းဝိုင်းရှိရာဆီသို့ ထွက်လာခဲ့၏။ ချိန်းဝိုင်းဖြစ်သည့်အတွက် စကားအထွေအထူးပြောစရာပင်မလို လောင်းကြေးကိုသာထပ်၍ တိုက်လိုက်ကြ၏။ ထိုစဉ် ကြက်ပွဲလုပ်မည်ကို သတင်းရရှိထားသော ရဲတပ်ဖွဲ့ဝင်များသည် သတင်းရရှိရာ နေရာဆီသို့ ရောက်ရှိလာကြ၏။

"ရဲတွေလာတယ်ဟေ့"ဟူသော အသံကြောင့် ကြက်ဝိုင်းရှိ လူအားလုံးသည် "နောက်ကျတဲ့ခြေထောက်သစ္စာဖောက်" ဟုပင်ပြောကာ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ပြေးကုန်ကြသည်။ ဇော်ကြီးသည်လည်း ကြက်ဖကို ပိုက်လျက် ပြေးမိပြေးရာ ပြေးလေတော့သည်။ မျက်စိအာရုံတစ်လုံးချို့ယွင်းနေသော ဇော်ကြီးသည် ပြေးရင်းလွှားရင်းကပင် အတောင်သုံးဆယ်ကျော်နက်သည့် ရေတွင်းပျက်ကြီးတစ်ခုအတွင်းသို့ ပြုတ်ကျ၍ သေဆုံးရရှာသည်။

ဇော်ကြီးသည် ကုသိုလ်နှင့် အကုသိုလ် လွန်ဆွဲသည့်ပွဲတွင် အကုသိုလ်ကို အရေးပေးပြီး ရှေ့တန်းတင်ခဲ့မိခြင်းကြောင့် အသေဆိုးဖြင့်သာ သေပွဲဝင်ရရှာလေတော့သည်။ ။

**ရွှေဘိုစေဒဘာသာရပ်ကျောင်းသား ကျောင်းသူများ၏**
**ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲ**
**(မညာသင်နှစ်အားလုံး)**

ရွှေဘိုဝေဒဘာသာရပ်ကျောင်းသား ကျောင်းသူများ၏ ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၁၀) ရက်၊ စနေနေ့ ညနေ (၃) နာရီတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ (Recreation Center) တွင် ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ပူဇော် ဂါရဝပြုကြပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေနှင့် ကန်တော့ပစ္စည်းများကို အောက်ပါပုဂ္ဂိုလ်များထံသို့ ကြိုတင်၍သော်လည်းကောင်း၊ ကန်တော့မည့် နေ့ရက်တွင်လည်းကောင်း လှူဒါန်းကြပါရန် အသိပေးနှိုးဆော်ပါသည်။ ဘဏ်မှတစ်ဆင့် ငွေလွှဲပို့လှူဒါန်းလိုပါက ပထမပုဂ္ဂလိကဘဏ် ငွေစာရင်းအမည် ဦးစိုးဝင်း၊ ဦးမျိုးအောင်၊ ဒေါ်လှလှရီ ငွေစာရင်းအမှတ် 201.022H959 သို့ လွှဲပို့လှူဒါန်းနိုင်ပါသည်။ မိတ်ဆုံညစာစားပွဲကို အဆိုပါနေ့ ညနေ (၆) နာရီတွင် သစ်ပုပ်ပင် မြက်ခင်းပြင်တွင် ကျင်းပမည်ဖြစ်ပြီး လက်မှတ်တစ်စောင်လျှင် တစ်သောင်းကျပ်တိတိဖြင့် ဝယ်ယူအားပေးနိုင်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၁။ ပါမောက္ခဒေါက်တာ အေးဖေ ပါမောက္ခ၊ ဌာနမှူး | (၁၉၈၄) | ၀၉ ၅၀၁၀၃၃၀ | ၆။ ဒေါ်လှလှရီ | (၁၉၇၉) | ၀၉ ၂၅၀၄၅၂၂၁၃ |
| ၂။ ဒေါက်တာ သန္တာအေး ပါမောက္ခ | (၁၉၉၂) | ၀၉ ၇၉၄၃၂၄၄၉ | ၇။ ဒေါ်ချိုနွယ်ဦး | (၁၉၈၆) | ၀၉ ၅၀၂၀၅၂၇ |
| ၃။ ဒေါက်တာ ခင်လတ်လတ်မွန် | (၁၉၈၄) | ၀၉ ၂၆၀၉၄၄၃၇၁ | ၈။ ဒေါ်ခင်ဝင်းချို | (၁၉၈၆) | ၀၉ ၅၁၈၆၈၀၁ |
| ၄။ ဦးတင်ဦး | (၁၉၆၉) | ၀၉ ၅၀၇၅၈၁၅ | ၉။ ဒေါ်အေးအေးမြ | (၁၉၆၈) | ၀၉ ၇၉၀၇၉၈၄၁၁ |
| ၅။ ဒေါ်ကုယဉ်မြင့် | (၁၉၇၉) | ၀၉ ၅၁၄၆၆၂၇ | ၁၀။ ဦးမျိုးအောင် | (၁၉၈၇) | ၀၉ ၄၃၁၁၅၁၁၆ |


Victoria Hospital

**5th Victoria Kids' Day**
**ဖိတ်ကြားခြင်း**



ဖေဖော်ဝါရီလ ၁၂ရက်(ပြည်ထောင်စုနေ့)၊ ညနေ (၄)နာရီမှ (၈)နာရီအထိ ဗိတိုရိယဆေးရုံရှေ့ (မြက်ခင်းပြင်)။

ယခုနှစ်၌ ဖိတ်စာဖြင့်ဖိတ်ကြားခြင်း မပြုလုပ်ပါသောကြောင့် ဗိတိုရိယဆေးရုံတွင် ကလေးမွေးဖွားခဲ့သော မိဘများအားလုံးကို 5th Victoria Kids' Day သို့ကြွရောက်ပေးပါရန် Media များမှတစ်ဆင့် ဖိတ်ကြားအပ်ပါသည်။ အသေးစိတ်ပွဲအစီအစဉ်များကို ဗိတိုရိယဆေးရုံ၏ Official Facebook Page - (Witoriya General Hospital) တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း လေးစားစွာပန်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - 09-421040072, 09 789254792



**ဆရာမ ဒေါ်အေးချမ်းသာ**

(မနော) စိတ်၏ ရွှင်လန်းပါစေရှင်





**စက်ချုပ်**
လက်ချုပ်လိုက်
ထပ်မံအလိုရှိသည်
ပုဇွန်တောင်မြို့နယ်
ဖုန်း-၀၉-၉၆၀၀၁၁၄၁၄



09 4200 35882
09 4200 35884



**heart**
**Curtain, Sofa, Furniture**

- KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း။

No.38, ရန်ကုန်မြို့
Ph: 09-30066799, 09-257335855



**Forever Super Weekend Sales**
Gems by ရွှေနန်းတော်
ရွှေနန်းတော်
**For Happy Valentine's Day**
**February 3,4,10,11,13,14 - 2018**
၂၀၁၈ ဖေဖော်ဝါရီလ(၇)ရက်နေ့ မှ ဖေဖော်ဝါရီလ(၁၁)ရက်နေ့ အထိ
**Junction Square Marine Hall ( KFC ဝင်ပေါက် )**
**New Year Sales - Special Price 10% to 55% Off**
Diamond 10% off
White Gold 10% off
SALE 5% to 50% off
**တရုတ်နှစ်သစ်ကူးအထူးအစီအစဉ်**
**၂၀၁၈ ဖေဖော်ဝါရီလ(၁၂)ရက်နေ့ မှ ဖေဖော်ဝါရီလ (၁၆)ရက်နေ့ အထိ**



ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၆)ဆိုင်စလုံးတွင်
ဝယ်ယူအားပေးသည့် Customer များအတွက်
ငွေကျပ်(၁)သောင်းမှ (၃)သိန်း အထိ ဝယ်ယူသည့်တန်ဖိုးအလိုက် အန်ပေါင်းများ
ချက်ခြင်းလက်ဆောင်ပေးမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# ပြည်သူ့ကျန်းမာရေးဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် သားဖွားဆရာမ (လစာနှုန်း ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) ရာထူး (၁၀၄၆) နေရာ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဘက်စုံသားဖွား(၁၈)လသင်တန်း(သို့မဟုတ်) ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းဆင်း အောင်လက်မှတ်ရရှိပြီးသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့် ၂၈-၂-၂၀၁၈ရက်တွင် အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(င) မည်သည့်တိုင်းဒေသကြီး/ပြည်နယ်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(စ) နိုင်ငံ့ဝန်ထမ်းအဖြစ်(၃)နှစ် မပျက်မကွက် (မပျက်မကွက်) တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပေးပို့ရန်-

(က) လျှောက်လွှာတွင် ပြည့်စုံစွာ ဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၂၈-၂-၂၀၁၈ရက် နောက်ဆုံးထားလျှောက်ထားရမည်။

(ခ) လျှောက်လွှာနှင့်အတူ ပေးပို့ရမည့် အချက်အလက်များ-

(၁) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ (၆)လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံ (၃)ပုံ

(၂) သားဖွားအောင်လက်မှတ်(မိတ္တူမှန်)

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) (၁)စောင်

(၄) ပြစ်မှုကင်းရှင်းကြောင်း၊ ရဲစခန်းထောက်ခံစာ (မူရင်း) (၁)စောင်၊

(၅) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ(မူရင်း) (၁)စောင်

(၆) (၁)လအတွင်း ပြုလုပ်ထားသော သက်ဆိုင်ရာမြို့နယ် ကုသရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ (မူရင်း) (၁)စောင်

(၇) သားဖွားရွေးချယ်ခံရမှု [ပုံမှန်/အထူး (မိခင်ကလေး/နယ်စပ်အထူး/ကျန်းမာရေးဝန်ထမ်း)]ဖော်ပြရန်။

၄။ ကြော်ငြာပါ ရာထူးအတွက် သတ်မှတ်ချက်နှင့် ပြည့်စုံစွာဖြင့် လျှောက်ထားသူများကို လူတွေ့စစ်ဆေးခြင်းကိုသာ ဆောင်ရွက်မည်ဖြစ်သည်။

၅။ လူတွေ့စစ်ဆေးမည့်နေ့ရက်အား (၅-၃-၂၀၁၈) ရက်မှစ၍ ဆောင်ရွက်မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ထပ်မံထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာနှင့် စပ်လျဉ်း၍ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း၊ လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ သိရှိလိုသည့် အချက်များရှိပါက စီမံခန့်ခွဲရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၁၀၇၀၊ ၀၆၇-၃၄၃၁၁၅၀) သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## သားဖွားဆရာမ ရာထူးခန့်ထားရေးအတွက်
## လျှောက်လွှာပုံစံ

1½."x4¼"

ကာလာဓာတ်ပုံ

အမည် ----------------------------------------

မွေးသက္ကရာဇ်၊ အသက် ----------------------------------------

နိုင်ငံသားမှတ်ပုံတင်အမှတ် ----------------------------------------

မိဘအမည် ----------------------------------------

နေရပ်လိပ်စာ အပြည့်အစုံ ----------------------------------------

----------------------------------------

အောင်မြင်သည့် ခုနှစ်၊ လ၊ ရက် ----------------------------------------

အောင်မြင်သည့် ခုံအမှတ် ----------------------------------------

အောင်မြင်သည့်သင်တန်းကျောင်း ----------------------------------------

သားဖွားသင်တန်းရွေးချယ်ခံရမှု ----------------------------------------

[ပုံမှန်/အထူး (မိခင်ကလေး/နယ်စပ်အထူး/ကျန်းမာရေးဝန်ထမ်း)]

ဦးစားပေး လျှောက်ထားသည့်နေရာ - (၁)----------------------------------------

(၂)----------------------------------------

(၃)----------------------------------------

အထက်ဖော်ပြပါ အဆိုပြုနေရာများသို့ မရရှိပါက မည်သည့်နေရာဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်မည်/ မထမ်းဆောင်နိုင်ပါ။

ထမ်းဆောင်ပါမည်။ (   ) မထမ်းဆောင်နိုင်ပါ။ (   )

လက်မှတ်----------------------

အမည်-----------------------

ဖုန်းနံပါတ်---------------------

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (   ) ရက်

---

## နိုင်ငံပိုင်မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်များအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် လက်ဝယ်ရှိ မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်(၁၅)ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသော Lot Noတစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာ တစ်စောင်စီ တင်သွင်းရမည်၊ သတ်မှတ်စပေါ်ငွေ P.O Cheque (Payment Order Cheque) အား တင်ဒါတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက်၊ နေရာ-၅-၂-၂၀၁၈ရက်မှ ၅-၃-၂၀၁၈ရက်အထိ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်) စပေါ်ငွေသွင်းရမည့် တန်ဖိုးကို အဆိုပြုလွှာဝယ်ယူသည့်အခါ တစ်ပါတည်း ဖော်ပြပေးပါမည်။

၄။ တင်ဒါတင်သွင်းရမည့်အစီအစဉ်

P.O Chequeတင်ပြရမည့်ရက်- ၆-၃-၂၀၁၈၊ ၇-၃-၂၀၁၈၊ ၈-၃-၂၀၁၈

တင်ဒါတင်သွင်းရမည့်ရက် - ၉-၃-၂၀၁၈

- Lot No(၁)မှ (၁၅)အထိ နံနက် ၁၀နာရီမှစ၍ အစဉ်လိုက်လက်ခံပါမည်။

နေရာ - ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ ဝယ်ယူလိုသည့် မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်တို့အား ကြော်ငြာသည့်နေ့မှစ၍ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန် အဆိုပြုလွှာတင်သွင်းသည့် အချိန်တွင်ဝယ်ယူမည့်မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်အား ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း ဝန်ခံချက်ဖြင့် ပူးတွဲတင်ပြရပါမည်။

၆။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း တယ်လီဖုန်းအမှတ်-၀၆၇-၄၀၆၃၃၉နှင့် ၀၆၇-၄၀၆၁၈၅တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ Website http://www.mopf.gov.mmတွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| Lot No | လုပ်ငန်းအမည် | မြေဧရိယာ(ဧက) |
|---|---|---|
| ၁ | ၂ | ၃ |
| | **မန္တလေးတိုင်းဒေသကြီး(၅)ခု မြေကွက်(၅)ခု** | |
| ၁ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၄/၁၁) ရှိမြေကွက် | ၀. ၀၅၅၁ |
| ၂ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၉/၃၄) ရှိ မြေကွက် | ၀. ၀၅၅၁ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၀/၈၅) ရှိ မြေကွက် | ၀. ၀၅၅၁ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ (၆၈)လမ်း၊ ရွှေနှင်းဆီလမ်းနှင့် ယုဇနလမ်းကြား၊ အကွက်အမှတ်(တ-၇/၈)၊ ဦးပိုင်အမှတ်(၁၄)ရှိ မြေကွက် | ၀. ၂၂၉၆ |
| ၅ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ လမ်း(၃၀)၊ (၅၃×၅၄) လမ်းကြား၊ အကွက်အမှတ်(ဘီ-၄)၊ ဦးပိုင်အမှတ်(၁-ဆ)ရှိ မြေကွက် | ၀. ၅၆၂၅ |
| | **ရန်ကုန်တိုင်းဒေသကြီး(၃)ခု မြေနှင့်အဆောက်အအုံ(၂)ခု** | |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၁၁)ရှိမြေနှင့်ကားဂိုဒေါင်တွဲလျက် RC(၂)ထပ်တိုက် (၁)လုံး | ၀. ၂၅၇ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အမှတ်(၂၃)ရပ်ကွက်၊ မြစ်ကြီးနားလမ်း၊ မြေကွက်အမှတ်(၂၁)ရှိမြေ နှင့် ဂိုဒေါင်(၁)လုံး | ၀. ၁၆၅ |
| | **တိုက်ခန်း(၁)ခန်း** | |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်အနောက်ရပ်ကွက်၊ (ရွှေဂုံပလာဇာ)၊ အမှတ်(၅၀၂/ဘီ)အပေါ်ဆုံး**တိုက်ခန်း** | - |
| | **ရှမ်းပြည်နယ်(၇)ခု မြေနှင့်အဆောက်အအုံ(၇)ခု** | |
| ၉ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ လွန်းကျိုင်းကွင်း၊ ကွင်းအမှတ်(၂၃)၊ အမှတ်(၂၄၁)၊အခါဈေးနောက်(ဝိန်းကျောက်ရွာ)၊ ယခင်ဟောင်လိတ်အုပ်စုရှိ မြေနှင့်အဆောက်အအုံ | ၀. ၀၇၄ |
| ၁၀ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ လွန်းကျိုင်းကျေးရွာ၊ လွန်းကျိုင်းကွင်းအမှတ်(၂၃)ရှိမြေ၊ အဆောက်အအုံနှင့်ဂိုဒေါင် | ၀. ၆၁ |
| ၁၁ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရွာ၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ ယခင်ဟောင်လိတ်အုပ်စုရှိမြေနှင့်အဆောက်အအုံ | ၄. ၈၀ |
| ၁၂ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ လွန်းကျိုင်းရွာ၊ လွန်းကျိုင်းကွင်း၊ ကွင်းအမှတ်(၂၃)ရှိ မြေနှင့် RC(၂)ထပ် အဆောက်အအုံ(၁)လုံး၊ RC(၁)ထပ်အဆောက်အအုံ(၁)လုံး | ၀. ၇၇ |
| ၁၃ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ အိမ်အမှတ် (၅/၅၈+၅၉)၊ ဦးပိုင်အမှတ်(၁၀၂/၁၀၃)၊ အကွက်အမှတ်(၁၆)ရှိ မြေနှင့်၃ထပ်အဆောက်အအုံ | ၀. ၁၂၇ |
| ၁၄ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ်၅/၂၃(က)ရှိ မြေနှင့်အဆောက်အအုံ (၂)လုံး | ၀. ၀၆၀ |
| ၁၅ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်၄/၈၇ရှိ မြေနှင့်အဆောက်အအုံ (၃)လုံး | ၀. ၀၈၈ |

---

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးထွန်းရွှေ [၁၂/ရကန(နိုင်)၀၁၁၉၂၁]၏ ဇနီးဖြစ်သူ ဒေါ်စန်းစန်းဆင့် (ခ) မချစ်ချစ် [၁၂/တမန(နိုင်)၀၇၄၉၈၆]သည် ခင်ပွန်းဖြစ်သူနှင့် မိသားစုဝင်များ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ကိစ္စများအား မိမိသဘောအရပြုမူသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ခင်ပွန်း- ဦးထွန်းရွှေ**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၆/ဒက္ခိဏသီရိရပ်)၊ မြေကွက်အမှတ် (ဒ. ၁၁၄၆)၊ ဦးစန်းလွင် (ဘ) ဦးတင်ထွန်း [၃/ကကရ(နိုင်)၀၁၁၃၀၆] အမည်ပေါက်ပါမစ်မြေ၏ မြေကွက်နေရာ (ယာယီ) ချထားပေးသည့် လက်မှတ်ပျောက်ဆုံးသဖြင့် မိတ္တူမှန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေကွက်နေရာ (ယာယီ) ချထားပေးသည့် လက်မှတ်မူရင်းကိုပယ်ဖျက်ပြီး မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်း (၂)ခုအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ပန်းတင်ကျေးရွာအုပ်စု၊ ပန်းတင်-အုံအား-လင်းလေလမ်း (၄/၀)မိုင် ကတ္တရာခင်းခြင်း

(ခ) လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊ မိုင်းပန်မြို့တွင်းလမ်း(၅)လမ်း၊ (၈၀၂၇)ပေ ကတ္တရာခင်းခြင်း

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၅-၂-၂၀၁၈ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး ၁၆-၂-၂၀၁၈ရက်တွင် အရောင်းပိတ်သိမ်းမည်ဖြစ်ပါသည်။ တင်ဒါလျှောက်လွှာများအား ၁၉-၂-၂၀၁၈ရက်၊ ညနေ ၁၆:၃၀နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များအား ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ တောင်ကြီးမြို့ (အေးသာယာမြို့) ဖုန်း-၀၈၁-၂၀၈၅၂၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မကွေးတိုင်းဒေသကြီး
## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ မူလတန်းကျောင်းဝတ်စုံအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်၊ (၀၅၀၁) ပညာသင်စရိတ်ခေါင်းစဉ်အောက်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများအား ကျောင်းဝတ်စုံထောက်ပံ့ပေးရန်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံကြီးကြပ်မှုဖြင့် ခရိုင်အလိုက် ချုပ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| ခရိုင်အမည် | ဝတ်စုံအရေအတွက် | တန်ဖိုး(ကျပ်သန်း) |
|---|---|---|
| မကွေး | ၁၂၆၂၁၄ | ၁၇၆. ၆၉၉၆ |
| မင်းဘူး | ၆၈၈၇၇ | ၉၆. ၄၂၇၈ |
| သရက် | ၆၄၆၈၄ | ၉၀. ၅၅၇၆ |
| ပခုက္ကူ | ၁၀၄၃၉၅ | ၁၄၆. ၁၅၃ |
| ဂန့်ဂေါ | ၂၀၂၉၉ | ၂၉. ၈၁၈၆ |
| စုစုပေါင်း | ၃၈၅၄၆၉ | ၅၃၉. ၆၅၆၆ |

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့် နေ့ရက်နှင့်အချိန် - ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့) (ရုံးချိန်အတွင်း)

၃။ တင်ဒါရောင်းချမှု ပိတ်မည့်နေ့ရက်နှင့်အချိန် - ၂၈-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

၄။ တင်ဒါတင်သွင်းရမည့်နေ့ရက်နှင့်အချိန် - ၅-၃-၂၀၁၈ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း)

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်းဖြင့် (၀၆၃-၂၀၂၈၆၇၁၊ ၀၉-၂၅၆၅၇၈၃၆၀၊ ၀၉-၂၅၇၂၂၁၉၆၁) သို့ ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အခြေခံပညာမူလတန်းဆင့်ကျောင်းဝတ်စုံတင်ဒါ ခေါ်ယူရေးကော်မတီ**
**မကွေးတိုင်းဒေသကြီး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## လူမှုဖူလုံရေးအကျုံးဝင်အာမခံအလုပ်သမားများ၏
## ကိုယ်ရေးအချက်အလက်များအား Data Cleaning နှင့် Data Entry
## ပြုလုပ်ခြင်းဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရန် တင်ဒါခေါ်ယူခြင်း

၁။ လူမှုဖူလုံရေးအကျုံးဝင်အာမခံအလုပ်သမားများ၏ ဖြည့်သွင်းထားသည့်ကိုယ်ရေးအချက်အလက်များအား Data Cleaning ပြုလုပ်ခြင်းနှင့် အာမခံအလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များအား ဖြည့်သွင်းခြင်း Data Entry ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများထံမှ တင်ဒါအဆိုပြုလွှာများ ပေးပို့တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။ ပြည်တွင်း/ပြည်ပကုမ္ပဏီများ၊ ပြည်တွင်းနှင့် ပြည်ပဖက်စပ်ကုမ္ပဏီများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

၂။ ဆောင်ရွက်ပေးရမည့် Data Cleaning နှင့် Data Entry ပြုလုပ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် တင်ဒါပုံစံ၊ တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့် တင်ဒါသတ်မှတ်ချက်များအား စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၊ အမှတ်(၃/၇၇)၊ သီရိရတနာလမ်းနှင့် နေကြာ(၈)လမ်းထောင့်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်တွင် ၅-၂-၂၀၁၈ရက်မှစ၍ ၉-၂-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း ရယူနိုင်ပြီး၊ စိတ်ပါဝင်စားသော ကုမ္ပဏီများသည် တင်ဒါအဆိုပြုလွှာများကို အဆိုပါလိပ်စာသို့ ၂၀၁၈ ခုနှစ်၊ မတ်လ ၂ရက် ၁၄:၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းလျှောက်ထားရမည်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းသည့် အဆိုပြုလွှာများကို လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါ။

၃။ တင်သွင်းလာသည့် အဆိုပြုလွှာ ချိတ်ပိတ်စာအိတ်သည် ပေါက်ပြဲခြင်း၊ စုတ်ပြဲနေခြင်း၊ e-mail ဖြင့် လျှောက်ထားတင်သွင်းခြင်းများကို လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website (www.mol.gov.mm) တွင် လေ့လာနိုင်ပြီး ဖုန်းနံပါတ်၊ ညွှန်ကြားရေးမှူး၊ ၀၆၇-၃၄၁၇၉၂၅၊ ဒုတိယညွှန်ကြားရေးမှူး ၀၆၇-၃၄၁၇၉၅၁ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

---

## ဦးသန်းဦး [၁/ဗမန(ပြု)၀၀၀၁၃၅]ပါ (၄) ဦးနှင့် အများသိရှိစေရန် ကန့်ကွက်ပါကြောင်း

(၃၀-၁-၂၀၁၈)ရက်က ထုတ်ဝေသော ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(စ)တွင် ဖော်ပြထားသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးမှကြော်ငြာထားသော ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၂၆ ရပ်ကွက်၊ လေးထောင့်ကန်လမ်း မြေတိုင်း(၂၆)ဝိုင်းကွက်အမှတ်(၅၀/က-၁) ဦးကြည်စိန် အမည်ပေါက်ဂရန်မြေအမည်ပြောင်း လျှောက်ထားခြင်းအပေါ် ကန့်ကွက်ပါကြောင်း ဦးသန်းဦး+ (၃)ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ရီ [၈/မကန(နိုင်)၀၈၆၉၉၆]၊ ဦးတင်ဦး [၈/မကန(နိုင်)၀၈၆၉၈၂] ဦးဝင်းနောင် [၈/မကန(နိုင်)၁၁၇၀၈၄]၊ ဦးမောင်အေး [၈/မကန(နိုင်)၁၁၇၀၈၂] တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းသိန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၆၈/၂၀၁၄)**
**အမှတ်-Fs.၅၉၊ လမ်း-၂၀၊ မြင်သာရပ်ကွက်၊ မကွေးမြို့။**

Amazing Time Travels
09 950757118 / 01 2304785 / 09 73120852
8D/7N - 900 USD
01 March 2018 - 08 March 2018
4 Star Buffet Meals
Kashmir
8D/7N - 1450 USD
New Delhi - Srinagar - Agra
11 April 2018 - 18 April 2018
100 USD

CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

09 5108316, 09 975108316

## ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ

## မွေးနေ့အလှူ(၇)ရက် တရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်း၊ ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ၌ ဒေါက်တာကိတ္တိသာရ (ချောင်းဦးဆရာတော်)၏ မွေးနေ့အလှူ (၇)ရက် တရားစခန်းပွဲကို ၁၆-၂-၂၀၁၈ရက်မှ ၂၂-၂-၂၀၁၈ရက်ထိ ကျင်းပမည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများ ဖုန်း-၀၉-၅၀၀၅၀၅၉၊ ၀၉-၂၆၀၀၂၀၄၄၈သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

စနေ၊ တနင်္ဂနွေအားလပ်သူများ စခန်းပွဲကာလတွင်း သောကြာလာ၊ တနင်္ဂနွေပြန် အားထုတ်နိုင်ပြီး နေ့ယောဂီ အချိန်ပိုင်းယောဂီအဖြစ်လည်း အားထုတ်နိုင်ပါသည်။ အသက်ရွယ်ကြီးသူများ ဦးစားပေးလက်ခံပါမည်။ စခန်းဝင်ကြေး ပေးသွင်းစရာမလိုပါ။

nice style
HOTLINE : 09 799 700 099, 09 799 700 090, 09 775 775 660, 09 775 775 661, 09 775 775 662
www.nicestyletravel.com
www.facebook.com/nicestyletravel
11-23 APRIL USD 4600
9-25 APRIL USD 4800
11-22 APRIL USD 4150
13-20 APRIL USD 2880
13-19 APRIL USD 2690
13-19 APRIL USD 1690
12-17 APRIL USD 1880
13-20 APRIL USD 2050
12-19 APRIL USD 1950
13-19 APRIL USD 1590
13-18 APRIL USD 950
13-19 APRIL USD 1190
12-19 APRIL USD 1190
13-17 APRIL / 14-18 APRIL USD 920
13-17 APRIL USD 950
12-15 APRIL USD 530
13-17 APRIL USD 575
13-17 APRIL USD 600
USD 1350

The Wheel Travel Co.,Ltd.

ကားရောင်းမည်
2006 Nissan ELGRAND
2010 Fielder
2003 NOAH
2003 Wish
2013 Axio
2011 Swift/Golf/Polo
09 5108316, 09 975108316

Yangon White Light
အိမ်ခြံမြေအကျိုးဆောင်
:09 977772917, 09 969117983



# ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ရွှေကမ္ဘာတာဝါ(၂)၊ အမှတ် ၁၇၄/၁၈၈ (ဒုတိယထပ်)ရှိ ယူနိုက်တက်ပိန့်(စ်)ဂရု(ပ်) ကုမ္ပဏီလီမိတက် UNITED PAINTS GROUP CO.,LTD. [ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၂၃၇ / ၁၉၉၄ - ၁၉၉၅ (၃၀.၉.၂၀၂၀ အထိသက်တမ်းတိုးပြီး)] ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

UNITED PAINTS GROUP CO.,LTD. က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

## ကုန်အမှတ်တံဆိပ်များ



မှတ်ပုံတင်အမှတ် - ၄/၁၄၅၀၈



မှတ်ပုံတင်အမှတ် - ၄/၁၄၅၀၉



မှတ်ပုံတင်အမှတ် - ၄/၁၄၅၁၀



မှတ်ပုံတင်အမှတ် - ၄/၁၄၅၁၁



မှတ်ပုံတင်အမှတ် - ၄/၁၄၅၁၂



မှတ်ပုံတင်အမှတ် - ၄/၁၄၅၁၃



မှတ်ပုံတင်အမှတ် - ၄/၁၄၅၁၄



မှတ်ပုံတင်အမှတ် - ၄/၁၄၅၁၅



မှတ်ပုံတင်အမှတ် - ၄/၁၄၅၁၆

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများဖြင့် ပရိဘောဂအလှဆင်သုတ်ဆေးအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲ၍ထုတ်လုပ်ဖြန့်ချိရောင်းချခြင်း၊ မပြုလုပ်ကြပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမြင့်ကြိုင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၅၆)
ဖုန်း - ၀၉ ၅၁၀၉၀၁၄

